# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်    ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊    အတွဲ [၅၅]၊ အမှတ် [၀၆၃]

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့်သဝဏ်လွှာများပို့

**နေပြည်တော်  ဒီဇင်ဘာ  ၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# မည်သည့်အစိုးရကာလမှာဖြစ်စေ အခွန်နဲ့ရပ်တည်တဲ့အစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်

*စာမျက်နှာ-၈* ဦးဝင်းရှိန် (ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)

ဓာတ်ပုံ – ဖိုးချမ်း(မုံရွာ)



# နာဂရိုးရာ နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လဟယ်  ဒီဇင်ဘာ  ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်စဉ်ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် လဟယ်မြို့၌ ယခင်နှစ်များကဲ့သို့ နာဂရိုးရာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ရန်ကုန်-စင်ကာပူ လေကြောင်း ပျံသန်းမှု ရက်သတ်မှတ်

**နေပြည်တော်  ဒီဇင်ဘာ  ၁**

မြန်မာအမျိုးသားလေကြောင်းက လက်ရှိ ပျံသန်းနေသော ရန်ကုန် - စင်ကာပူ - ရန်ကုန် ခရီးစဉ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ်လ ၂၆ ရက်အထိ ရန်ကုန်မှ စင်ကာပူသို့ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာပြီး စင်ကာပူမှ ရန်ကုန်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း။

၂၀၁၆ ခုနှစ် မတ် ၂၇ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ရန်ကုန်မှ စင်ကာပူသို့ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ထွက်ခွာပြီး စင်ကာပူမှ ရန်ကုန်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **နိုင်ငံတကာ**

## ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအခက်အခဲများ ကျော်လွှားနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များတိုက်တွန်း

စာမျက်နှာ ❖ ၄

■ **ဆောင်းပါး**

## အယ်လ်နီညိုဘေးဆိုးကြီးမှလွတ်မြောက်ရန် ကြိုတင်ကာကွယ်ရမည့်အချိန် ကျရောက်ပြီ

စာမျက်နှာ ❖ ၆



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မိုဘိုင်းဘဏ်လုပ်ငန်းနှင့် စီးပွားရေး

မျက်မှောက်ကာလတွင် အိုင်တီနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထုထည်အရွယ်အစားကြီးမားပြီး အထိုင်လုပ်ကိုင်ရသော လုပ်ငန်းများကို အလွယ်တကူ သယ်ယူလုပ်ကိုင်နိုင်သည့် မိုဘိုင်းစနစ်အဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ကြလျက်ရှိသည်။ **SMART WATCH, SMART GLASS, SMART CARD** နှင့် **SMART PHONE** များသည် စီးပွားရေးနယ်ပယ်တွင် အသုံးတွင်ကျယ်လာသော မိုဘိုင်းအသုံးအဆောင်ပစ္စည်းများ ဖြစ်လာသည်။ မျက်မှောက်ခေတ်တွင် **SMART** နည်းပညာကို နေရာအတော်များများ အသုံးပြုလျက်ရှိသည်။

ဤသို့ မိုဘိုင်းနည်းပညာများ လျင်မြန်စွာ တိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ပုဂ္ဂလိကဘဏ်လုပ်ငန်းများ အပြိုင်အဆိုင် အားကောင်းလာရာမှ မိုဘိုင်းဘဏ်လုပ်ငန်း **(Mobile Banking)** ဝန်ဆောင်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဤမိုဘိုင်းဘဏ်ဝန်ဆောင်မှုလုပ်ငန်းသည် အလျင်အမြန်ဆုံးဝန်ဆောင်မှုပေးနိုင်သော ဘဏ်လုပ်ငန်းဖြစ်၍ ဘဏ်လုပ်ငန်းများတွင် ထိပ်တန်းနေရာသို့ ရောက်ရှိလာနိုင်သည့် အနေအထားရှိသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၂၇ ခုရှိသည့်အနက် ဘဏ်အချို့မှာ မိုဘိုင်းဘဏ်ဝန်ဆောင်မှုကို ပေးနေပြီဖြစ်သည်။ ဤဘဏ်ဝန်ဆောင်မှုလုပ်ငန်းသည် မိုဘိုင်းဖုန်းများကို အသုံးပြုလုပ်ဆောင်ခြင်းဖြစ်၍ မြို့ပြများသာမက ကျေးလက်ဒေသများအထိ ဘဏ်ဝန်ဆောင်မှုကို ပေးနိုင်သော စနစ်တစ်ရပ်ဖြစ်သည့်အတွက် အကျယ်ပြန့်ဆုံးဘဏ်ဝန်ဆောင်မှုဖြစ်လာသည်ကို တွေ့ရသည်။ မိုဘိုင်းဘဏ်လုပ်ငန်းကို ဘဏ်မှ ခန့်အပ်ထားသည့် ကိုယ်စားလှယ် **(Agent)**များမှတစ်ဆင့် အများပြည်သူသို့ မိုဘိုင်းကွန်ရက်ကို အသုံးပြု၍ ငွေရေးကြေးရေး ဝန်ဆောင်မှုများ ပေးခြင်းဖြစ်သည်။

မိုဘိုင်းဘဏ်ဝန်ဆောင်မှုလုပ်ငန်းသည် မိုဘိုင်းဖုန်းများတွင် မိုဘိုင်းဘဏ်စာရင်း **(Mobile Banking Account)** ဖွင့်လှစ်ပြီး ငွေသွင်းငွေထုတ်ခြင်း **(Cashin-Cash out)**၊ ငွေလွှဲခြင်း **(Send Money)**၊ ငွေတောင်းခံခြင်း **(Request Money)**၊ ဘီလ်ပေးဆောင်ခြင်း **(Bill Payment)**၊ ဖုန်းငွေဖြည့်ခြင်း **(Top up)**၊ စာရင်းရှိငွေစစ်ဆေးခြင်း **(Check Balance)** စသည့်တို့ကို ပြုလုပ်နိုင်ပါသည်။ ဤသို့ မိုဘိုင်းဘဏ် ဝန်ဆောင်မှုနှင့် ချိတ်ဆက်ထားသော မိုဘိုင်းဖုန်းများဖြင့် ငွေလွှဲ၊ ငွေပို့ခြင်းအပြင် ချိတ်ဆက်ထားသော ဆိုင်များ၊ စားသောက်ဆိုင်များတွင်လည်း **Mobile Payment** ဖြင့် ငွေပေးချေနိုင်မည်ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုများလာသော ခေတ်ကြီးတွင် ငွေများကို မြောက်မြားစွာ သယ်ယူသုံးစွဲစရာမရှိဘဲ မိုဘိုင်းဘဏ်လုပ်ငန်းများက အထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေပေးချေမှုကို ထိရောက်စွာ ဆောင်ရွက်လာနိုင်ပြီဖြစ်ပါသည်။ သို့ဖြစ်၍ မိုဘိုင်းဘဏ်လုပ်ငန်းသည် စီးပွားရေးနယ်ပယ်တွင် ငွေကြေးဝန်ဆောင်မှုပေးရာ၌ လွယ်ကူထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ကျေးလက်များအထိ ဖြန့်ကြက်နိုင်သော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# တိုင်ပေ၊ ဗန်ကောက်၊ ချင်းမိုင် ခရီးစဉ်များ ဒီဇင်ဘာလဆန်းမှ စတင်ပျံသန်းခွင့်ရ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးညဏ်ထွန်းအောင်သည် နိုဝင်ဘာ ၂၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ အမှုဆောင်အရာရှိချုပ်ဦးသန်းထွန်းက လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လက်ရှိပြည်တွင်းခရီးစဉ် ၂၆ မြို့ ပျံသန်းလျက်ရှိရာမှ နိုင်ငံတကာသို့ ယခုနှစ်ဩဂုတ်လတွင် စင်ကာပူနိုင်ငံခရီးစဉ် စတင်ပျံသန်းလျက်ရှိကြောင်း၊ ဒီဇင်ဘာ ၄ ရက်တွင် ဟောင်ကောင် Innaugral Flight ပျံသန်းမည်ဖြစ်ကြောင်း၊ တိုင်ပေ၊ ဗန်ကောက်၊ ချင်းမိုင်ခရီးစဉ်များကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် ပျံသန်းရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း၊ ATR ကုမ္ပဏီမှဝယ်ယူထားသည့် ATR 72-600 ဒုတိယအစင်း ၂၀၁၆ ဇန်နဝါရီလတွင်ရောက်ရှိမည်ဖြစ်ကြောင်း၊ Boeing 737 တတိယအစင်း ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလတွင်ရောက်ရှိမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ Sessna Grand Caravan ကုမ္ပဏီက ဝယ်ယူထားသော Caravan လေယာဉ်နှစ်စင်းရောက်ရှိပြီးဖြစ်ကြောင်းနှင့် ပြည်တွင်းပြည်ပချိတ်ဆက်ပျံသန်းရန် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများအဖွဲ့ချုပ်မှ ကျွမ်းကျင်သူများ၏ ကြီးကြပ်မှုဖြင့် လေယာဉ်များ စိတ်ချစွာပျံသန်းနိုင်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေ၊ ရှေ့နှစ်တွင် IOSA မှ စစ်ဆေးခံရန်ပြင်ဆင်ထားမှု၊ ATR လေယာဉ်အကြီးစား ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံအတွက် ဆောင်ရွက်ထားမှုအခြေအနေနှင့် ရှေ့နှစ်တွင် EASA မှ စစ်ဆေးမှုခံယူနိုင်ရန် ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ATR လေယာဉ်အကြီးစားပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ၊ ပျံသန်းမှုစီစဉ်ရေးဌာန (Operation Control Centre)၊ လေယာဉ်မောင်/လေယာဉ်မယ်များအား သတင်းပို့ချနေမှု၊ Boeing 737 , ATR 72-600/500, Embraer လေယာဉ်များအတွက် လေယာဉ်မှူးများ မြေပြင်တွင် လက်တွေ့လေ့ကျင့်ရန်စီစဉ်ထားသည့်သင်တန်းခန်းမ၊ အရေးပေါ်အခြေအနေတွင်အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များစီစဉ်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ သတင်းရယူခြင်းများ ဆောင်ရွက်ရန်စီစဉ်ထားသည့် (Emergency Respond Centre) များအား စစ်ဆေးခဲ့၍ ဆက်လက်ပြီး အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်နှင့်လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

# ရထားလမ်းဘေး နံနက်စောစော ဈေးရောင်းချခြင်းက အန္တရာယ်များ



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်ရာမြိုင်ရပ်ကွက်ဈေး၌ ရထားလမ်းဘေးတွင် ဈေးရောင်းချလျက်ရှိကြရာ ရထားလာချိန်တွင် အန္တရာယ်ရှိကြောင်း သိရသည်။ အဆိုပါရထားသံလမ်းဘေးတွင် နံနက်ဝေလီဝေလင်းအချိန်မှစ၍ ရပ်ကွက်/ ကျေးရွာများရှိ အနီးအနားမှဈေးသည်များက အိမ်ခြံထွက် ဟင်းသီးဟင်းရွက်/သစ်သီးဝလံနှင့် ပန်းအမျိုးမျိုးတို့ကို လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

“ ဒီဈေးသည်တွေက ဈေးအတွင်းရောင်းစရာ နေရာမရှိကြလို့ နေ့စဉ် သံလမ်းကျောပေးပြီး လာရောက်ရောင်းကြတာ။ ဈေးသည်တွေကတော့ မိမိတို့ ပစ္စည်းရောင်းရရေး ဈေးဝယ်သူတွေနဲ့ အာရုံစိုက်နေကြတာဖြစ်လို့ ရထားလာချိန်မှာ သူတို့အန္တရာယ်ရှိနိုင်ပါတယ်” ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို (ကျွန်းလှ)**




# လူစုလူဝေး စနစ်တကျထိန်းသိမ်းနည်းသင်တန်းပေး

**ထားဝယ် ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ကကြီးမှူး၍ လူစုလူဝေးအားစနစ်တကျ ထိန်းသိမ်းနည်း(ဆင့်ပွား)သင်တန်းနှင့် ဖမ်းဆီးနည်း(နည်းပြ-ဆင့်ပွား)သင်တန်းကို နိုဝင်ဘာ ၃၀ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက နိုင်ငံတော်သည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် လူစုလူဝေးအထိကရုဏ်းများကို သတ်မှတ်စံချိန်စံညွှန်းများ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီစွာဖြစ်ပွားသည့် ပြဿနာအရင်းအမြစ်ကိုရှာပြီး တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဖြေရှင်းရန်နှင့် အင်အားသုံးမည်ဆိုပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ ခေတ်မီနည်းပညာကိုသုံး၍ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် နည်းလမ်းသုံးပြီး ဆောင်ရွက်နိုင်ရေးကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲအရာရှိ ၂၅ ဦးနှင့် အခြားအဆင့် ၄၅ ဦး စုစုပေါင်း ၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၁-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် | ၇၂၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၈၀ ကျပ် | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၈၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄·၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆·၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃·၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉·၄၅ |

ခင်ရတနာ-စုစည်းသည်။

**✱ ရှေ့ဖုံးမှ**

အလားတူဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့်နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် သွန်ဆင်းသမာဗောင် ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့် သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံ ဗိုရာချစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညွန့်ထွန်း လာအိုနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့် သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံ ဗိုရာချစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လာအိုနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်း ဆီဆုလစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် (I-14) ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီဥက္ကဋ္ဌက နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ Myanmar Peace Center ၌ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) စုံညီအစည်းအဝေး တက်ရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ယနေ့ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကော်မတီအဖွဲ့ဝင်များအားလုံး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မီးလင်းရေးဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ သပြေကုန်းကျေးရွာအုန်းပင်စုကျေးရွာ၌ နိုဝင်ဘာ ၂၉ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ကွင်းဆင်းကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (ဝဇက)

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ရေးဆွဲမှု သတ်မှတ်ရက်မတိုင်မီ ပြီးစီးနိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၁

**နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း) ရေးဆွဲရေးကော်မတီတွင်ပါဝင်သည့် အစုအဖွဲ့သုံးခုမှ စုစုပေါင်းကိုယ်စားလှယ်ကိုးဦးသည် နိုင်ငံရေးမူဘောင်(မူကြမ်း) အသေးစိတ်ရေးဆွဲခြင်းအား ဒီဇင်ဘာ ၁ ရက်မှစတင်ကာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ရေးဆွဲလျက်ရှိသည်။**



ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ သက်မှတ်၍ ရေးဆွဲလျက်ရှိသည့် မူဘောင်(မူကြမ်း)တွင် နိုင်ငံတော်အစိုးရအစုအဖွဲ့မှ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးလှမောင်ရွှေနှင့် ဒေါက်တာကျော်ရင်လှိုင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ရဲဘော်မျိုးဝင်းနှင့် စောကျော်ညွန့်၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးသုဝေ၊ စိုင်းကျော်ညွန့်နှင့် ဦးနိုင်ငံလင်းတို့က မူကြမ်းရေးဆွဲရေးဆွဲသူများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ရေးဆွဲရာတွင် အစုအဖွဲ့အသီးသီး၏ အလုပ်အဖွဲ့နှင့် အကြံပေးများပါ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံရေးပါတီကိုယ်စားလှယ်များ အစုအဖွဲ့မှ စိုင်းကျော်ညွန့်က "တိုးတက်မှုရှိပါတယ်။ အရင်ရက်တွေကတည်းက မူကြမ်းဆွဲနေတဲ့ အခန်းအားလုံးမှာ ပါဝင်မယ့်အကြောင်းအရာတွေကို ပြောထားပြီးပြီ။ Drafter ဆိုတာက မူကြမ်းရေးဆွဲရေးကော်မတီမှာ ပါဝင်တဲ့လူဦးရေများတဲ့အတွက် လူပြန်ရွေးပြီး စာချောရေးတဲ့သဘောပါပဲ။ ရှေ့ရက်တွေမှာ လုပ်ခဲ့တဲ့မူကြမ်းရေးဆွဲရေး ကော်မတီအနေနဲ့ သူ့အပိုင်းတစ်ခုချင်းစီကို ဆွေးနွေးပြီးသွားပြီ။ ကျွန်တော်တို့အနေနဲ့ အရင်ဆုံးမူကြမ်းတစ်ခု ထွက်လာအောင် ပြင်ဆင်ဖို့ဆောင်ရွက်တာသတ်သတ်ပါပဲ" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ အစုအဖွဲ့တစ်ခုလျှင် ကိုယ်စားလှယ် ၁၆ ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။ ယင်းနောက် UPDJC တွင် ပါဝင်သောအစုအဖွဲ့သုံးစုမှ နိုင်ငံရေး မူဘောင်(မူကြမ်း)ရေးကော်မတီကို အစုအဖွဲ့တစ်ခုလျှင် ကိုယ်စားလှယ်ရှစ်ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အစုအဖွဲ့တစ်ခုလျှင် မူကြမ်းအသေးစိတ် ရေးသားမည့် ကိုယ်စားလှယ်သုံးဦးစီဖြင့် နိုင်ငံရေးမူဘောင်(မူကြမ်း) ရေးသားခြင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၁ ရက်မှစတင်၍ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (မူကြမ်း) အသေးစိတ်ရေးသားနေမှုအပေါ် နိုင်ငံရေးပါတီအစုအဖွဲ့မှ စိုင်းကျော်ညွန့်က ဒီဇင်ဘာ ၅ ရက် မတိုင်မီမှာ မူကြမ်းအသေးစိတ်ရေးတာပြီး နိုင်ပါတယ်။ နောင်လာမယ့် အစိုးရရော၊ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေရော၊ တပ်မတော်အတွက်ပါ အားလုံးအတွက် မျှမျှတတစဉ်းစားပြီး တက်ညီလက်ညီလုပ်ဆောင်ကြရင်တော့ အောင်မြင်မယ်ထင်ပါတယ်။ တိုင်းပြည်အတွက် စိတ်ကောင်းစေတနာ တကယ်ထားပြီး လုပ်မယ်ဆိုရင်တော့ အောင်မြင်သွားမယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။

**သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-MPC**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။** (မိုး/ဇလ)

**❍ ရှေ့ဖုံးမှ**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပမည့်အခြေအနေနှင့်ပတ်သက်ပြီး ဒေသခံတစ်ဦးက "နာဂရိုးရာ နှစ်သစ်ကူးပွဲတော်က နာဂတောင်တန်းဒေသမှာ နှစ်စဉ်ကျင်းပတဲ့ ရိုးရာပွဲတော်ဖြစ်ပါတယ်။ ဒီပွဲတော်လေးမှာ တိုင်းရင်းသားညီအစ်ကိုတွေ တစ်ဦးနဲ့တစ်ဦး ခင်မင်စွာတွေ့ဆုံကြပြီး သွေးစည်းချစ်ကြည်လာစေရန် ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ နာဂလူမျိုးတွေ အထွတ်အမြတ်ထားတဲ့ ဒီပွဲတော်ကိုရောက်ပြီဆို အလွန်ပျော်ပါတယ်။ မီးပုံပွဲမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်၊ ကျေးရွာအသီးသီးမှ နာဂရိုးရာအကအဖွဲ့တွေ စုပေါင်းကပြဖျော်ဖြေကြတယ်" ဟု ပြောသည်။



ယမန်နှစ်က ကျင်းပခဲ့သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို တွေ့ရစဉ်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များ၌ အလှည့်ကျကျင်းပလျက်ရှိရာ ၂၀၁၄ ခုနှစ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ်က လေရှီးမြို့တွင်လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့၌ ကျင်းပမည်ဖြစ်သည်။

"အနယ်နယ်အရပ်ရပ်က ပွဲတော်ကိုလာရောက်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ နိုင်ငံခြားသားဧည့်သည်တွေက နာဂရိုးရာသီချင်းနဲ့ ကခုန်ဆင်နွှဲကြတယ်။ နာဂပွဲတော်မှာ ရိုးရာပြခန်းအပြင် ဌာနဆိုင်ရာအဖွဲ့တွေရဲ့ ဗဟုသုတအဖြစ် လေ့လာချင်စဖွယ် ပြခန်းတွေ၊ ကျန်းမာရေးအသိပညာပေးပြခန်းတွေနဲ့ ဈေးဆိုင်တွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ စည်ကားပါတယ်။ ပွဲတော်ကိုလာလည်ရင်း အေးချမ်းလှပတဲ့ နာဂတောင်တန်းဒေသကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု ဒေသခံနာဂတိုင်းရင်းသားတစ်ဦးက ဆိုသည်။

နာဂပွဲတော်သို့ လာရောက်လေ့လာလိုသူများအနေဖြင့် ခန္တီးမြို့သို့ လေယာဉ်ဖြင့်တိုက်ရိုက်လာရောက်ပြီး ခန္တီးမြို့မှတစ်ဆင့် လဟယ်မြို့သို့ သွားရောက်နိုင်သလို မုံရွာမြို့မှတစ်ဆင့် ခန္တီးမြို့အထိ ရေကြောင်းလမ်းမှလည်း သွားလာနိုင်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအခက်အခဲများကျော်လွှားနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များတိုက်တွန်း



ပါရီ ဒီဇင်ဘာ ၁

အပူချိန်မြင့်တက်လာနေမှုနှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များက ကြိုးပမ်းလျက်ရှိနေချိန် အမေရိကန်နှင့်တရုတ်တို့က ပါရီမြို့၌ ကျင်းပသော ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာကြီးပူနွေးလာမှုကို တိကျသောအစီအမံများဖြင့် တိုက်ဖျက်ကြရန် တိုက်တွန်းလိုက်သည်။

ကမ္ဘာ့စီးပွားရေးသည် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချသင့်ပြီဖြစ်ကြောင်း၊ ကမ္ဘာကြီးသည် စိုးရိမ်ရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာ ဟော်လန်းက အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ပြောကြားလိုက်သည်။

ပါရီမြို့သို့ရောက်ရှိနေသော ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုအကြောင်း ကိုင်တွယ်နိုင်ရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်လည်း ကတိပြုပြောဆိုခဲ့ကြသည်။

ဆယ်စုနှစ်များစွာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ရုန်းကန်ခဲ့ရမှုများနှင့် လွန်ခဲ့သော ခြောက်နှစ်က ကိုပင်ဟေဂင် ထိပ်သီးအစည်းအဝေး၌ ဆွေးနွေးပွဲများ မအောင်မြင်ခဲ့မှုအပေါ် ဒီဇင်ဘာလလယ်တွင် သဘောတူညီမှုများရရှိရေး ကြိုးပမ်းလျက်ရှိသည်ဟု ဆိုသည်။

"ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ရာသီဥတုကို ပြန်လည်ကောင်းမွန်လာအောင် လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကမ္ဘာကြီးကို ကျွန်တော်တို့ ပူးပေါင်းကာကွယ်ရမှာဖြစ်ပါတယ်" ဟု သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။ **(ရိုက်တာ)**

## ရုရှားနှင့်တင်းမာမှုလျှော့ချရန် တူရကီအား အမေရိကန်သမ္မတ အိုဘားမား တိုက်တွန်း

ပါရီ ဒီဇင်ဘာ ၁

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ရုရှားနှင့်တင်းမာမှုများကို လျှော့ချရန် ဒီဇင်ဘာ ၁ ရက်က တူရကီသမ္မတကို တိုက်တွန်းလိုက်ပြီး တင်းမာမှုလျှော့ချရာတွင် တူရကီအစိုးရအား လိုအပ်သောကူညီမှုများ ပေးရန် အလေးထားပြောကြားခဲ့သည်။

သမ္မတအိုဘားမားသည် ပါရီမြို့တွင် ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် တူရကီသမ္မတ တေရစ်ပ် အာဒိုဂန်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ရုရှားနှင့် တူရကီအကြား တင်းမာမှုလျှော့ချရန်အတွက် သံတမန်ဆိုင်ရာ နည်းလမ်းတစ်ရပ် ရှာဖွေရေးကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် သမ္မတအိုဘားမားက အစ္စလာမ့်စစ်သွေးကြွအဖွဲ့သည် နိုင်ငံတကာ၏ ဘုံရန်သူတစ်ရပ်ဖြစ်ပေရာ မိမိတို့အားလုံးက အာရုံစိုက်ရန်လိုကြောင်း အာဒိုဂန်ကိုပြောကြားသည်။

တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူက လေယာဉ်ပစ်ချခံရမှုကဲ့သို့သော ဖြစ်ရပ်များ နောက်ထပ်မဖြစ်ပွားရေးအတွက် တူရကီနှင့် ရုရှားတို့အကြား ဆက်သွယ်ရေးလမ်းကြောင်းများ ဖွင့်ပေးရန် ဒီဇင်ဘာ ၁ ရက် စောစောပိုင်းက တိုက်တွန်းနှိုးဆော်ခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားရှိ အိုင်အက်စ်ပစ်မှတ်များအား ဗြိတိန်ပါဝင်၍ လေကြောင်းမှတိုက်ခိုက်မည်




လန်ဒန် ဒီဇင်ဘာ ၁

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်တို့အား လေကြောင်းမှတိုက်ခိုက်ရေးအတွက် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက လွှတ်တော်တွင် မဲခွဲအတည်ပြုရေး တစ်ရက်ကြာ စကားစစ်ထိုးပွဲပြုလုပ်ကာ တိုက်တွန်းခဲ့ကြောင်း ဗြိတိန်မီဒီယာများက တနင်္လာနေ့တွင် ဖော်ပြခဲ့ကြသည်။

ဆီးရီးယားရှိ အိုင်အက်စ်တို့အား မိမိတို့ မဟာမိတ်တို့နှင့်အတူ လေကြောင်းမှ တိုက်ခိုက်ရန် ပါလီမန်က ခွင့်ပြုပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ကင်မရွန်း၏ ပြောကြားချက်ကို ဗြိတိန်စကိုင်းနယူးတွင် တနင်္လာနေ့က ဖော်ပြသည်။

ဗြိတိန်လေတပ်အနေဖြင့် အီရတ်ရှိ အိုင်အက်စ်ပစ်မှတ်များကို အကန့်အသတ်ဖြင့် တိုက်ခိုက်နေကြောင်း၊ ပါလီမန်အဖွဲ့ဝင်များအနေဖြင့် ဆီးရီးယားရှိ ပစ်မှတ်များကိုလည်း တိုက်ခိုက်ရန်ခွင့်ပြုပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။ ယခုအထိ နိုင်ငံတကာက အဆိုပါကိစ္စကို စိတ်ဝင်စားနေကြောင်း မိမိတို့ မဟာမိတ်များနှင့်အတူ ပါဝင်တိုက်ခိုက်သင့်ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မိမိတို့နိုင်ငံ၏ လုံခြုံရေးကို ကာကွယ်ပေးခြင်းလည်းဖြစ်ကြောင်း ၎င်းက ပြောသည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်အုပ်စုနှင့်ပူးပေါင်းသည့် အင်ဒိုနီးရှားနိုင်ငံသား ၈၀၀ ခန့်အနက် ၅၂ ဦး သေဆုံးခဲ့ဟုဆို

ဂျကာတာ ဒီဇင်ဘာ ၁

အင်ဒိုနီးရှားနိုင်ငံသား ၈၀၀ ခန့်သည် အစ္စလာမ့်အကြမ်းဖက်များ(အိုင်အက်စ်)စစ်သွေးကြွအုပ်စုနှင့် ပူးပေါင်းသွားပြီး ၎င်းတို့အနက် ၅၂ ဦးမှာ သေဆုံးခဲ့သည်ဟုဆိုကြောင်း အင်ဒိုနီးရှား အကြီးတန်းအရာရှိတစ်ဦးက နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့သို့ ပူးပေါင်းသွားသည့် အင်ဒိုနီးရှားနိုင်ငံသား ၈၀၀ ခန့်အနက် ၂၈၄ ဦး၏ အချက်အလက်များကို သိရှိခဲ့ပြီးဖြစ်ကြောင်း အင်ဒိုနီးရှားလုံခြုံရေးဆိုင်ရာဝန်ကြီး လူဟုတ်ပန်ဂျိုင်တန်က ဂျကာတာမြို့ရှိ ဟိုတယ်တစ်ခုတွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း၌ ပြည်ပအကြမ်းဖက်အုပ်စုများ ပါဝင်ပတ်သက်မှုကို မိမိတို့အနေဖြင့် သိရှိပြီး ၎င်းတို့၏အဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ကြောင်း၊ အိုင်အက်စ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံအတွင်း ၎င်း၏တပ်သားသစ် စုဆောင်းမှုအတွက် နည်းလမ်းအမျိုးမျိုးနှင့် လိုအပ်သည့် အထောက်အပံ့ပစ္စည်းများကို အသုံးပြုကြောင်းဖြင့် ပန်ဂျိုင်တန်က ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည် မကြာသေးခင်က ဆီးရီးယားနိုင်ငံမှ စစ်သွေးကြွ ၈၀ ကျော် ပြန်လာမှုနှင့်အတူ ဆူလာဝေဆီပြည်နယ် ပိုဆိုဆိပ်ကမ်းမြို့အခြေစိုက် ဆန်တိုဆိုစစ်သွေးကြွအုပ်စု၏ ခြိမ်းခြောက်မှုများကြောင့် နိုင်ငံအတွင်း ဖြစ်ပွားနိုင်ဖွယ်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ မကြာသေးခင်က အဆင့်မြင့်သတိပေးချက် ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် မြို့တော်ဂျကာတာနှင့် ၎င်း၏ဆင်ခြေဖုံးအရပ်ရှိ မြို့ကြီးများတွင်လည်း လုံခြုံရေးတိုးမြှင့်ချထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ရုရှားလေယာဉ် တူရကီပစ်ချမှု နေတိုးထောက်ခံနိုင်ငံကို ကာကွယ်ခြင်းဖြစ်၍ တောင်းပန်မည်မဟုတ်ဟုဆို

ဘရပ်ဆဲလ် ဒီဇင်ဘာ ၁

နေတိုးက ကိုယ်ပိုင်ကာကွယ်ခွင့်ကို ထောက်ခံခဲ့ပြီးနောက် အန်ကာရာအနေဖြင့် လွန်ခဲ့သည့် သီတင်းပတ်က ရုရှားစစ်လေယာဉ်တစ်စင်းကို ပစ်ချခဲ့ခြင်းအပေါ် တောင်းပန်ရမည်ဆိုသော တောင်းဆိုမှုကို တူရကီဝန်ကြီးချုပ်က တနင်္လာနေ့တွင် ပယ်ချလိုက်သည်။

နေတိုးအဖွဲ့ဝင် တူရကီက စစ်အေးခေတ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားစစ်လေယာဉ်တစ်စင်းကို ပစ်ချလိုက်ပြီးနောက် ခြောက်ရက်အကြာ အဆိုပါသတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ အန်ကာရာက တောင်းပန်ရန် ငြင်းဆိုနေချိန် ရုရှားက တူရကီကို စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကို တောင်းပန်သင့်တယ်လို့ပြောတဲ့ နိုင်ငံမရှိပါဘူး" ဟု ဝန်ကြီးချုပ် အာမက် ဒါဗူတိုဂလူက ဘရပ်ဆဲလ်၌ ပြုလုပ်သော နေတိုးအတွင်းရေးမှူးချုပ် အစည်းအဝေးအပြီး သတင်းထောက်များအား ပြောကြားသည်။

"ကျွန်တော်တို့ နယ်စပ်တွေ၊ ဝေဟင်ပိုင်နက်တွေ ကာကွယ်ဖို့ဆိုတာ အခွင့်အလမ်းမရှိတော့ဘူးလား၊ ဒါ ကျွန်တော်တို့ တာဝန်လေ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တူရကီလေတပ်က ရုရှား၏ Su-24 ဂျက် တိုက်လေယာဉ်ကို တူရကီနှင့် ဆီးရီးယားနယ်စပ်အနီး ပစ်ချလိုက်ပြီးနောက် တူရကီတို့၏ တရားဝင် တောင်းပန်မှုကို စောင့်ဆိုင်းနေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဒေသခံများပါဝင်သည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအတွက် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

Myanmar Centre for Responsible Business နှင့် Hanns Seidel Foundation တို့၏စီစဉ်ထောက်ပံ့မှုဖြင့် နေပြည်တော် Lake Garden Hotel ၌ ဒီဇင်ဘာ ၁ ရက်က နယ်ပယ်အသီးသီးမှအကျိုးလိုလားသည့် သက်ဆိုင်သူများပါဝင်သော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါသောလူမှုအဖွဲ့အစည်းပါဝင်သော ခရီးသွားလုပ်ငန်းမူဝါဒကို Hanns Seidel Foundation ၏ထောက်ပံ့မှုဖြင့် ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပြီး ယင်းမူဝါဒသည် နယ်ပယ်အသီးသီးမှ လူထုလူတန်းစားအသီးသီးကို ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို ခံစားရရှိစေမည်ဖြစ်ပါကြောင်း၊ မူဝါဒကိုဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ များကျင်းပ၍ ဆွေးနွေးသုံးသပ်ဆောင်ရွက်နိုင်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတကာမှ ပညာရှင်များ၏ ကျွမ်းကျင်မှုနှင့် အသိပညာကိုမျှဝေရရှိနိုင်သည့်အတွက် ဒေသအသီးသီးအတွက် များစွာအကျိုး ကျေးဇူးရရှိစေမည်ဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် ကြုံတွေ့နေရသော အခက်အခဲများနှင့် ရင်ဆိုင်ဆောင်ရွက်နေရပုံများကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် အကြံဉာဏ်သစ်များ၊ နည်းလမ်းများရရှိစေမည်ဖြစ်ပါသဖြင့် အနာဂတ်တွင်လည်း ယခုကဲ့သို့ဆောင်ရွက်ချက်များ ဆက်လက်ပေါ်ထွက်လာစေရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်၊ ရှမ်း၊ ကယား၊ ကချင်နှင့် မွန်ပြည်နယ်တို့တွင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းကိစ္စရပ်များကို မျှဝေဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၉၅)နှစ်မြောက် အမျိုးသားနေ့

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)

# ပြည်မြို့တွင် လူတစ်ဦးတိုက်ပေါ်မှ ပြုတ်ကျသေဆုံး

**ပြည် ဒီဇင်ဘာ ၁**


ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက လူတစ်ဦးဓာတ်လိုက်၍ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့ မြို့သစ်ရပ်ကွက် မြို့သစ်(၅)လမ်းထိပ်ရှိ Stell Dragon စတီး အလှဆင်ဆိုင် တိုက်သစ်ပထမထပ်တွင် ထွန်းထွန်း(၂၅ နှစ်)သည် ကြွေပြားကပ်နေစဉ် ဟန်ချက်ပျက်ပြီး ဝဲဘက်လက်ဖြင့် အနီးရှိ လမ်းဘေးဓာတ်ကြိုးကို ရုတ်တရက်လှမ်းဆွဲလိုက်ရာ ဓာတ်လိုက်၍ မြေပြင်ပေါ်ပြုတ်ကျခြင်းဖြစ်သည်ဟု သိရသည်။

မြေပြင်ပေါ်သို့ ပြုတ်ကျရာတွင် ထွန်းထွန်း၏ ဦးခေါင်း၌ ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။

ထွန်းထွန်းသေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်ရန် ပြည်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**(၈၃၈)**



အခင်းဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။

# မြိတ်မြို့၌ လိုင်စင်မဲ့ပြိုင်ကားတစ်စီး ဖမ်းဆီးရမိ

**မြိတ် ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ပေါ်တော်မူဘုရားအနီးတွင် TOYOTA Will အမျိုးအစား အနက်ရောင်လိုင်စင်မဲ့ပြိုင်ကားတစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အမှတ်(၇၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကျော်ရဲထွန်း (၂၄ နှစ်) အမှတ်(၁)ရပ်ကွက် ပုလောမြို့နေသူ မောင်းနှင်လာသည့် YGN 3D/---- TOYOTA Will အမျိုးအစား အနက်ရောင်ယာဉ်သည် မြိတ်မြို့ ဂေါက်ကွင်းအတွင်းမှ ဖြတ်သန်းကာ ပေါ်တော်မူဘုရားဘက်သို့ နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက ဖြတ်သန်းမောင်းနှင်လာစဉ် အမှတ်(၁)နယ်မြေရဲကင်းမှ တာဝန်ကျ ရဲတပ်ကြပ် သက်လွင်ဦး ဦးစီးအဖွဲ့က မသင်္ကာဖွယ်တွေ့ရှိ၍ အဆိုပါကားကို တားဆီးပြီး ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်တို့ကို စစ်ဆေးရန်အတွက် ပြသရန်တောင်းဆိုခဲ့ရာ ပြသနိုင်ခြင်းမရှိသဖြင့် မြိတ်မြို့မရဲစခန်းသို့ ခေါ်ဆောင်အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်နှင့်ပတ်သက်၍ ယာဉ်မှတ်ပုံတင်လိုင်စင်၊ သက်သေခံစာရွက်စာတမ်း အထောက်အထားများကို ပြသရန် အမှတ်(၇၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်သူရထွန်းတို့က သက်သေ မြိတ်တောင်နယ်မြေ ရာအိမ်မှူး ဦးကြည်ဝေနှင့် ဦးကျော်စွာဝင်းတို့နှင့်အတူ စစ်ဆေးခဲ့ရာ ယင်းယာဉ်သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိခြင်း မရှိသဖြင့် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယင်းယာဉ်ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရဲစခန်း၌ သိမ်းဆည်းထားပြီး လိုင်စင်မဲ့ပြိုင်ကား မော်တော်ယာဉ်အား မောင်းနှင်အသုံးပြုသူ ကျော်ရဲထွန်း (၂၄)နှစ် ပုလောမြို့နေသူအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**




**နိုင်ငံတကာသတင်း**

# အဲအေးရှားလေယာဉ်ပျက်ကျမှုတွင် လေယာဉ်ဝန်ထမ်းအမှားများကြောင့်ဟု စုံစမ်းထောက်လှမ်းသူများကပြောကြား

**ဂျကာတာ ဒီဇင်ဘာ ၁**

လေယာဉ်ဝန်ထမ်းအမှားများနှင့် လေယာဉ်နောက်မြီးရှိ တက်မထိန်းစနစ်မှ အပြစ်အနာအဆာတစ်ခုကြောင့် ယမန်နှစ်ဒီဇင်ဘာလက အဲအေးရှားဂျက်လေယာဉ်ပျက်ကျရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား စုံစမ်းထောက်လှမ်းသူများက ဒီဇင်ဘာ ၁ ရက်က ထုတ်ဖော်ပြောကြားသည်။

လူ ၁၆၂ ဦး သေဆုံးခဲ့သောလေယာဉ်ပျက်ကျမှုဖြစ်စဉ်မှ ဒေတာရီကော်ဒါကို အသေးစိတ်စစ်ဆေးရာ၌ လေယာဉ်မှာ အန္တရာယ်ရှိနေပြီဖြစ်ကြောင်း သတိပေးချက်အကြိမ်ကြိမ်ကို လက်ခံရရှိသော်လည်း လေယာဉ်မှူးမှာ ကွန်ပျူတာစနစ်ကို ပြန်ချိန်ရန်ကြိုးစားခဲ့ရာ ကွန်ပျူတာစနစ်မှ ကောင်းစွာအလုပ်မလုပ်သဖြင့် လေယာဉ်မှူးမှာ လေယာဉ်ကိုမထိန်းနိုင်တော့ကြောင်း

**ဂျေတီ**

အင်ဒိုနီးရှားနိုင်ငံ အမျိုးသားပို့ဆောင်ရေးလုံခြုံမှုကော်မတီမှ စုံစမ်းထောက်လှမ်းသူများက ပြောကြားသည်။

အဆိုပါ အဲအေးရှားလေယာဉ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမြို့မှ စင်ကာပူနိုင်ငံသို့ ပျံသန်းစဉ် ရေဒါဖန်သားပေါ်မှ ရုတ်တရက်ပျောက်ကွယ်သွားကာ နောက်ဆုံး၌ ပျက်ကျသွားခဲ့ကြောင်း သိရှိရပြီး ပျက်ကျချိန်တွင်လေယာဉ်ပေါ်ပါခရီးသည် ၁၆၂ ဦးမှာ တစ်ယောက်မကျန်သေဆုံးသွားခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# နာပိုလီ အင်တာကိုအနိုင်ယူပြီး ဇယားထိပ်ရပ်တည်

**သီဟ**

အီတလီစီးရီးအေပွဲစဉ်(၁၄)မှ နာပိုလီနှင့် အင်တာမီလန်တို့ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်နာပိုလီအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး နာပိုလီအသင်းတွင် ကယ်လီဂျွန်၊ လိုရန်ဇို၊ ဟီဂူအင်၊ ဟမ်းဆစ်၊ ဂျော်ဂျင်ဟို၊ အလန်း၊ ဂူးလမ်၊ ကူလီဘာလီ၊ အယ်ဘီအို၊ ဟိုင်ဆက်နှင့်ဂိုးပီပီရေနာတို့ပါဝင်ခဲ့သည်။ အင်တာအသင်းတွင် အဒမ်အယ်ဂျာဂျစ်၊ အိုင်ဗန်ပါရီဆစ်၊ အိုင်ကာဒီ၊ ဘရိုဇိုဗစ်၊ မီဒယ်လ်၊ ဖရက်ဒီ၊ နာဂါတိုမို၊ မူရီလို၊ မီရန်ဒါ၊ ဒန်နီလိုနှင့် ဂိုး ဟန်ဒါနိုဗစ်တို့ ပွဲထွက်ခဲ့သည်။

အိမ်ရှင်နာပိုလီအသင်းသည် ပွဲစပြီး နှစ်မိနစ်တွင် ကယ်လီဂျွန်ဖန်တီးပေးပြီး ဟီဂူအင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် အင်တာနောက်တန်းမှ နာဂါတိုမို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။

ဒုတိယပိုင်း ၆၂ မိနစ်တွင် ဟီဂူအင်က နာပိုလီအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ၆၇ မိနစ်တွင် အဒမ်အယ်ဂျာဂျစ်က အင်တာအတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် နာပိုလီအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။



ပွဲစဉ်(၁၄)အပြီး နာပိုလီအသင်းသည် ရမှတ် ၃၁ မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး အင်တာမီလန်မှာ ရမှတ် ၃၀ ဖြင့် အဆင့် ၂ တွင် ရပ်တည်နေသည်။ တခြားပွဲစဉ်အဖြစ် ဆက်ဆူအိုလိုနှင့် ဖီအိုရင်တီးနားပွဲတွင် တစ်ဂိုးစီ သရေဖြင့် ပြီးဆုံးခဲ့သည်။ ဖီအိုအတွက် သွင်းဂိုးကို ခြောက်မိနစ်တွင် ဘော်ဂျာဗာလာရိုက သွင်းယူခဲ့ပြီး ဆက်ဆူအိုလိုအတွက် သွင်းဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် ဖလိုကာရီက သွင်းယူခဲ့သည်။ ဖီအိုရင်တီးနားသည် ရမှတ် ၂၉ မှတ်ဖြင့် အဆင့် ၃ တွင် ရပ်တည်နေပြီး ဆက်ဆူအိုလိုမှာ ရမှတ် ၂၃ မှတ်ဖြင့် အဆင့် ၆ တွင် ရပ်တည်နေသည်။

# ပြင်ဆင်ဖတ်ရှုပါရန်


၁-၁၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၅ တွင် ဖော်ပြပါရှိသော အမြန်လမ်းမကြီး၌ ခရီးသည်နှင့်ကုန်တင်ယာဉ်များ Telematic စနစ်တပ်ဆင်ရန်လိုကြောင်းကြေညာ သတင်းတွင် "အမြန်လမ်းရဲတပ်ဖွဲ့မှ ကြေညာချက်တစ်ရပ် ထုတ်ပြန်" အစား "အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာရေးသူ)**

# အယ်လ်နီညိုဘေးဆိုးကြီးမှလွတ်မြောက်ရန် ကြိုတင်ကာကွယ်ရမည့်အချိန်ကျရောက်ပြီ

(နိုဝင်ဘာ ၂၈ ရက်ထုတ် The Global New Light of Myanmar မှ အရှေ့အာရှ-ပစိဖိတ်ဆိုင်ရာကမ္ဘာ့ဘဏ်၏ ဒုတိယဥက္ကဋ္ဌ Axel van Trotsenburg ၏ ဆောင်းပါးအား ဆီလျော်အောင်ဘာသာပြန်ဆိုပါသည်။)

ငြိမ်းခက်



အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သော မိုးခေါင်ရေရှားမှု

ယခုတစ်ဖန်ပြန်လည်ရောက်ရှိလာမည့် အယ်လ်နီညိုမှာ ယခင်ကထက်ပို၍ အားကောင်းမည်ဖြစ်သည်။ လွန်ခဲ့သောရာစုနှစ်များကလေ့လာခဲ့ပြီး ၁၉၅၀ ပြည့်နှစ်ကတည်းက ခြေရာခံမိခဲ့သော အယ်လ်နီညိုမှာ ယခုနှစ်စောစောပိုင်းက စတင်ဖြစ်ပေါ်လာကာ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့၌ ဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။

ရာသီဥတုဆိုင်ရာပညာရှင်များက ယင်းအယ်လ်နီညိုသည် ၂၀၁၆ ခုနှစ် နွေဦးရာသီအထိ ဆက်လက်ရှိနေမည်ဖြစ်ကာ အကြီးအကျယ်ထိခိုက်ပျက်စီးမှုဖြစ်စေနိုင်ကြောင်း၊ အကြောင်းမှာ ရာသီဥတုပြောင်းလဲမှုသည် ဒေသအချို့၌ မုန်တိုင်းကျမှုနှင့် ရေကြီးရေလျှံမှုကို ပို၍ကြီးထွားလာစေခြင်းကြောင့်ဖြစ်ပြီး ကျန်ဒေသများ၌ ဆိုးရွားသောမိုးခေါင်မှု၊ ရေရှားပါးမှုများကို ပို၍ဖြစ်စေသောကြောင့်ဖြစ်ကြောင်း ဆိုသည်။

အယ်လ်နီညို၏ ကမ္ဘာအနှံ့သက်ရောက်မှုနှင့်အတူ တောင်အမေရိကတွင် မိုးအကြီးအကျယ်ရွာသွန်းကာ ဆိုးရွားသည့် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်ပြီး အာဖရိကဦးချိုဒေသ၌ ပူပြင်းသောရာသီဥတုနှင့်အတူ မိုးခေါင်ရေရှားမှုများဖြစ်ပေါ်နိုင်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရာသီဖောက်ပြန်မှုဒဏ်ကြုံတွေ့နေရသော အရှေ့အာရှ-ပစိဖိတ်နိုင်ငံများအနေဖြင့် အယ်လ်နီညို၏ဒဏ်ကို ကြီးမားစွာခံရမည်ဖြစ်သည်။ ယခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ဖွယ်ရှိပြီး ပြင်းထန်သောအပူချိန်နှင့်အတူ ပူနွေးသော ပစိဖိတ်ပင်လယ်ရေများကို အနောက်အရပ်သို့ တွန်းပို့နိုင်စွမ်းမရှိသော အားပျော့ကုန်သည်လေများကြောင့် အယ်လ်နီညို၏သက်ရောက်မှု ကြီးထွားလာမည်ဖြစ်သည်။

၁၉၉၇-၁၉၉၈ ခုနှစ်က မှတ်တမ်းဝင်ပြင်းထန်သည့်အယ်လ်နီညိုကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ကာ လူ ၂၃၀၀၀ သေဆုံးပြီး အချို့နိုင်ငံများ၌ ဆင်းရဲမွဲတေမှု ၁၅ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ခြင်းနှင့်အတူ ထိုနိုင်ငံများတွင် ပြင်းထန်သောမုန်တိုင်းများ၊ မိုးခေါင်မှုများဖြစ်ပေါ်ကာ ဒေါ်လာ ၄၅ ဘီလီယံအထိ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့သည်။

ယင်းကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်အတွက် ကမ္ဘာလုံးဆိုင်ရာတုံ့ပြန်မှုတစ်ရပ် လိုအပ်ပေသည်။ ကမ္ဘာလုံးဆိုင်ရာတုံ့ပြန်မှုဟုဆိုရာတွင် သက်ဆိုင်ရာအစိုးရများ၊ ကမ္ဘာ့ဘဏ်၊ ကူညီကယ်ဆယ်ရေးအေဂျင်စီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများကဲ့သို့သော နိုင်ငံတကာအင်စတီကျူးရှင်းများပါဝင်ပြီး ထိုအဖွဲ့အစည်းများက သဘာဝဘေးအန္တရာယ်ကြောင့် သေကျေပျက်စီးမှုများ လျော့နည်းသွားအောင် ဆောင်ရွက်သကဲ့သို့ ပို၍ကြံ့ကြံ့ခံနိုင်သည့် လူ့အဖွဲ့အစည်းများကိုတည်ထောင်မည်ဖြစ်သည်။

အတိတ်မှရရှိသော သင်ခန်းစာများအရ သဘာဝဘေးအန္တရာယ်ကို မည်ကဲ့သို့ကြိုတင်ခန့်မှန်းရမည်၊ ပြင်ဆင်ရမည်နှင့် တုံ့ပြန်ရမည်ဆိုသည်ကို သိထားကြပြီးဖြစ်သည်။ ယခုအခါ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကြိုတင်သတိပေးစနစ်များမှတစ်ဆင့် သဘာဝဘေးကြောင့်ဖြစ်သော သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို လျော့ကျစေသည့် ကြိုတင်ခန့်မှန်းချက်နှင့်ကိန်းဂဏန်းအချက်အလက်များကို ရရှိနိုင်ပြီဖြစ်သည်။

ထိုအချက်များကိုကြည့်ပါက ကြံ့ကြံ့ခံနိုင်ပြီး အလိုက်သင့် အလျားသင့်နေထိုင်တတ်သည့် လူ့အဖွဲ့အစည်းများကို တည်ဆောက်ခြင်းသည် အယ်လ်နီညိုကဲ့သို့သော စိန်ခေါ်မှုများအတွက် အထိရောက်ဆုံးသော မဟာဗျူဟာဖြစ်ပေသည်။ အယ်လ်နီညို၏ စိန်ခေါ်မှုတစ်ရပ်အတွက် မိမိတို့၏ချဉ်းကပ်မှုကို ကန့်သတ်ထားမည့်အစား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းများ ပျိုးထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်လုပ်ဆောင်သင့်ပေသည်။

အရှေ့အာရှ-ပစိဖိတ်စီးပွားရေးဆိုင်ရာ နောက်ဆုံးအခြေအနေကိုသုံးသပ်ရာတွင် ကမ္ဘာ့ဘဏ်အုပ်စုက အယ်လ်နီညို၏သက်ရောက်မှုကို ကြိုတင်တွက်ဆမှုမရှိခြင်းသည် ဒေသအတွင်းရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာထိခိုက်စေနိုင်ကြောင်း သတိပေးထားသည်။ အစားအစာမလုံလောက်မှု၊ တောမီးလောင်ကျွမ်းမှုနှင့်ရေအရင်းအမြစ် လျော့နည်းခန်းခြောက်မှုများ နိုင်ငံအချို့တွင်ဖြစ်ပွားနိုင်ပြီး အခြားသောနိုင်ငံများတွင် ဖြစ်ပေါ်သည့် အဆက်မပြတ် မိုးရွာသွန်းမှုများက ရေကြီးရေလျှံမှုများနှင့် လူများရွှေ့ပြောင်းနေထိုင်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

အယ်လ်နီညိုတစ်ခုပေါ်ပေါက်ပါက မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျော့နည်းသွားသဖြင့် မီးသွေး၊ ရေနံဆီကဲ့သို့သော ညစ်ညမ်းမှုဖြစ်စေသည့်စွမ်းအင်များ ပို၍လိုအပ်လာသည်။ မိုးခေါင်မှုနှင့် ရေကြီးရေလျှံမှုများက ညစ်ညမ်းသောရေကိုဖြစ်ပေါ်စေကာ ယင်းမှတစ်ဆင့် သွေးလွန်တုပ်ကွေးနှင့် အခြားသောရောဂါများဖြစ်ပွားစေမည်ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းမှာ မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့ရဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ယခုအခါ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒေသအချို့ရှိ လယ်သမားများမှာ ရာသီဥတုပူပြင်းပြီး ရေခန်းခြောက်မှုကြောင့် စပါးကိုစိုက်ပျိုးနိုင်ခြင်းမရှိတော့ဘဲ မိမိတို့၏လယ်ယာများကို ကျော်ခိုင်းနေကြပြီဖြစ်သည်။

၁၉၅၁ ခုနှစ်ကတည်းက မိုးရေချိန်အနည်းဆုံးရရှိခဲ့သော တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်ရှိ ပြည်သူ ၂၃၀၀၀၀ ကျော်မှာ ဇူလိုင်လက သောက်သုံးရေမလုံလောက်မှုနှင့်ကြုံတွေ့ခဲ့ရသည်။ ယခုနှစ်နွေရာသီက မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ပြည်သူ ၁ ဒသမ ၆ သန်း ကျော်နေရပ်စွန့်ခွာခဲ့ကြရသည်။

ထို့အတူ ပစိဖိတ်ကျွန်းသူကျွန်းသားများမှာ မိုးခေါင်မှုကြောင့် ရေရှားပါးမှုဘေးနှင့် ကြုံတွေ့နေရပြီး ယင်းရေရှားပါးမှုကြောင့် ရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းနှင့်အတူ ရေရှားပါးမှုကြောင့်ဖြစ်သည့် ရောဂါများ ဖြစ်ပွားမှုမြင့်တက်လာကာ ကြီးမားသော ကျန်းမာရေးပြဿနာကို ဖြစ်ပေါ်စေသည်။

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ကြိုတင်သတိပေးစနစ်များနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးချိန် လိုအပ်သည့်ချင့်တွက်မှုများကဲ့သို့သော နည်းပညာအကူအညီ၊ သဘာဝဘေးအန္တရာယ်လေ့လာစောင့်ကြည့်ရေးနှင့်လျော့နည်းစေရေး အထောက်အပံ့ပစ္စည်းများနှင့် ရန်ပုံငွေရှာဖွေစုဆောင်းရေးများပါဝင်သည့် အရေးပေါ် ကိုင်တွယ်ဖြေရှင်းမှု မဟာဗျူဟာတစ်ရပ်အား သဘာဝဘေးဒဏ်ခံစားရသော နိုင်ငံများကိုထောက်ပံ့ရန် အရန်သင့်ရှိနေသည်။

လွန်ခဲ့သောသုံးနှစ်က ကမ္ဘာ့ဘဏ်သည် သဘာဝဘေးဒဏ်ကျရောက်သည့် ဆာမိုအာ၊ တွန်ဂါ၊ ဗင်နွာတူစသောနိုင်ငံများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးအပ်ခဲ့သကဲ့သို့ ၂၀၁၄ ခုနှစ်က အင်အားကြီးမားသည့် ဝါရှီဟုခေါ်သော အပူပိုင်းမုန်တိုင်းဆဲန်ဒေါင်းကို လျင်မြန်စွာတုံ့ပြန်နိုင်ရန် Catastrophe-Deferred Drawdown Option ဟုခေါ်သည့် ငွေကြေးထောက်ပံ့ရေးနည်းလမ်းသစ်တစ်ခုကို ကမ္ဘာ့ဘဏ်က ဖိလစ်ပိုင်နိုင်ငံကို ထောက်ပံ့ခဲ့သည်။

၁၉၉၇-၁၉၉၈ ခုနှစ် အယ်လ်နီညိုကြောင့် နိုင်ငံအတော်များများတွင် ထိခိုက်ပျက်စီးခဲ့သည့် ပို့ဆောင်ရေး၊ ကျန်းမာရေး၊ လယ်ယာ၊ စွမ်းအင်ကဏ္ဍနှင့် ဆည်မြောင်းကဏ္ဍများကို ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာ့ဘဏ်က အရေးပေါ်ချေးငွေများ ထောက်ပံ့ခဲ့သည်။ ထို့အပြင် အခြားနိုင်ငံများကိုလည်း သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးစနစ်များနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစွမ်းရည်များ ပေးအပ်ခဲ့သည်။

ယခုအခါ ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် အပြင်းဆုံးဟုယူဆနိုင်သော အယ်လ်နီညိုတစ်ခုကို ရင်ဆိုင်ရန် အရန်သင့်ဖြစ်နေပြီဖြစ်ရာ အရှေ့အာရှ-ပစိဖိတ်ဒေသရှိပြည်သူများအား အဆိုပါအယ်လ်နီညိုဘေးအန္တရာယ်မှ ကာကွယ်နိုင်သည့် စည်းလုံးကျစ်လျစ်သောတုံ့ပြန်မှုတစ်ရပ် ဖော်ဆောင်ရန်အချိန်ကျရောက်ပြီဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကြိုတင်သတိပေးစနစ်များမှတစ်ဆင့် သဘာဝဘေးကြောင့်ဖြစ်သော သေဆုံးမှုနှင့်ပျက်စီးဆုံးရှုံးမှုများကို လျော့ကျစေသည့် ကြိုတင်ခန့်မှန်းချက်နှင့် ကိန်းဂဏန်းအချက်အလက်များကို ရရှိနိုင်ပြီဖြစ်**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အပစ်အခတ်ရပ်စဲရေးခိုင်မာစေရန် စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အကောင်အထည်ဖော်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁

**ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အစီအစဉ် ၁၂ ခုဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ အစိုးရအဖွဲ့များအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး သဘောတူစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးကျော်အုန်းက ယခုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် (အာဆီယံ+၃) နိုင်ငံများအကြား စွမ်းဆောင်မှုနှင့် ပြိုင်ဆိုင်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ပြီး ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် ကုန်သွယ်မှုဆောင်ရွက်ရာ၌ ဖြစ်ပေါ်လျက်ရှိသော ကန့်သတ်ချက်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံအား ကမ္ဘာ့အဆင့်မီစံနှုန်းများ၊ ထောက်ပံ့မှုများ၊ ဆွဲဆောင်မှုများဖြင့် ပြည့်စုံသည့် တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ဖွံ့ဖြိုးမှုနှင့်မြှင့်တင်မှုများကို ဆောင်ရွက်နိုင်ခြင်း၊ (အာဆီယံ + ၃) ဒေသအတွင်း ခရီးသွားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အပံ့များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ချဲ့ထွင်ခြင်းများဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေခြင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှုနယ်ပယ်အတွင်း အပြန်အလှန်အထောက်အကူပြုမှုများ မြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(NCA)ကို ညှိနှိုင်းရာတွင် အပစ်အခတ်ရပ်စဲရေးခိုင်မာစေရေး၊ အာမခံချက်ရှိသော နိုင်ငံရေးဆွေးနွေးပွဲများစတင်အကောင်အထည်ဖော်နိုင်ရေးနှင့် နောင်အစိုးရတက်လာသည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်အောင် အုတ်မြစ်ချရေး စသည့် ရည်ရွယ်ချက် သုံးခုကို အခြေခံခဲ့ပါကြောင်း။

အပစ်အခတ်ရပ်စဲရေး ခိုင်မာအောင်ဆောင်ရွက်နိုင်ရန် နှစ်ဖက်လိုက်နာရမည့်အချက်များ၊ ပြည်သူလူထုကို အကာအကွယ်ပေးရမည့်အချက်များကို NCA ထဲတွင် အသေးစိတ်ထည့်ရေးထားပါကြောင်း၊ ယင်းအချက်များကို အကောင်အထည်ဖော်ရန် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်ရမည်ဟု နှစ်ဖက်သဘောတူခဲ့ပါကြောင်း။

အာမခံချက်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အဓိကကျသည့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရန်ကိုလည်း သဘောတူခဲ့ပါကြောင်း၊ ယင်းမူဘောင်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီစုဖွဲ့မှုကို ပြုလုပ်ရန် သဘောတူညီခဲ့ပါကြောင်း။

NCA ထဲတွင် သဘောတူထားခဲ့သည့် အချက်တစ်ခုမှာ ယင်းစာချုပ်ကို လွှတ်တော်သို့တင်သွင်းပြီး အတည်ပြုချက်ရယူရန်ဖြစ်ပါကြောင်း၊ NCA စာချုပ်ကို အတည်ပြုနိုင်ခြင်းနှင့် စာချုပ်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုသည် ဆက်စပ်သက်ဆိုင်နေသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိထိရောက်ရောက်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုလွှတ်တော်အနေဖြင့် NCA ကို အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း။

နောင်အစိုးရတက်လာသည့်အခါတွင်လည်း NCA ထဲတွင် ချမှတ်ထားသည့် အပစ်အခတ်ရပ်စဲရေး ခိုင်မာစေရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့ကို ဆက်လက်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး ခိုင်မာစေရန်အတွက် စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရေဝေရေလဲဒေသထိန်းသိမ်းရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှသာ ပိုမိုပီပြင်စွာဖော်ဆောင်နိုင်မည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **ရေဝေရေလဲဒေသ အုပ်ချုပ်မှုလုပ်ငန်းများ ပီပီပြင်ပြင် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ မည်ကဲ့သို့ စီမံဆောင်ရွက်လုပ်ကိုင်နေသည်ကို**သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က နိုင်ငံတော်အတွင်း အရေးကြီးသည့် ရေဝေရေလဲဒေသများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၁၉၉၅ ခုနှစ်မှစတင်၍ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတစ်ခုကို သစ်တောဦးစီးဌာနအောက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။



**ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။**

ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းကို နိုင်ငံအဝန်းတွင် ကျင့်သုံးရန်အတွက် အခြေခံလိုအပ်သော အမျိုးသားအဆင့် မြေမူဝါဒ (National Land-use Policy) ဥပဒေလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံအုပ်ချုပ်လျက်ရှိသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများသာမက မြန်မာနိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ရေဝေရေလဲဒေသများ ဖြစ်သည့်အတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး လုပ်ငန်းများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်အတူ အခြား ဌာနဆိုင်ရာအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုပီပြင်အောင်မြင်စွာ ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



**ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းစဉ်။**

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော် အမျိုးသား

*စာမျက်နှာ ၉ ကော်လံ ၄ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများနှင့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **အခြေခံပညာရေးဥပဒေကြမ်း**နှင့် နည်းဥပဒေနှစ်ခုတို့ကို ဆွေးနွေးအတည်ပြုကြသည်။

အစည်းအဝေး၌ **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးက အခြေခံပညာရေး၏ ရည်မှန်းချက်များပိုမို ပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ်(၃) အပိုဒ်ခွဲ(ဆ)၏အောက်တွင် အပိုဒ်ခွဲ(ဇ) အဖြစ် **အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာအခြေခံ ရရှိစေရန်**ဟု အသစ်ဖြည့်စွက်ပြီး မူလအပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြောင်းလဲ၍ အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိစေရန်ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ပါကြောင်း၊ ထို့ပြင် ဥပဒေကြမ်းတစ်ရပ်လုံးတွင် စကားရပ်များပြောင်းလဲခြင်း၊ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပြောင်းလဲသွားသော အမှတ်စဉ်များကိုလည်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါကြောင်း ဖတ်ကြားတင်ပြသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အခြေခံပညာရေးဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ မြတ်ညဏစိုး**

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ**ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မည်သို့အခက်အခဲရှိစေကာမူ အမှန်တကယ်လိုအပ်နေသော အခွန်အကောက်ရရှိရေး နောက်ဆုံးအချိန်ထိ ဆောင်ရွက်သွားမည်

## “မည်သည့်အစိုးရကာလမှာဖြစ်စေ အခွန်နဲ့ရပ်တည်တဲ့အစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်”

**ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ဒီဇင်ဘာ ၁ ရက်တွင်ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးနှင့် ဒေါ်ခင်စန်းလှိုင်တို့က ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်တွင် မူလလျာထားချက်ထက် အခွန်ပိုမိုကောက်ခံရရှိသည့်အခြေအနေ ပြန်လည်ရှင်းလင်းတင်ပြချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-**

ယနေ့ ကျင်းပတဲ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ၂၀၁၅-၂၀၁၆ ပထမခြောက်လပတ်ကာလအတွက် အခွန်ကောက်ခံရရှိမှုနဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦး ဆွေးနွေးခဲ့တဲ့အပေါ်မှာ အဓိကအချက်များကို ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီးများအနေနဲ့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်တွေ အပြည့်အဝ ရရှိစေရန်ရည်မှန်းပြီး ဆောင်ရွက်သင့်တဲ့ဟာတွေ ဆောင်ရွက်ရမယ့်အခြေအနေတွေကို ဆွေးနွေးသွားတဲ့အတွက် ကြိုဆိုပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

မိမိတို့တာဝန်ယူခဲ့တဲ့ လေးနှစ်ကျော်၊ ငါးနှစ် သက်တမ်းကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အကြိုးစားဆုံး၊ အဖြစ်ချင်ဆုံးကိစ္စ အကြောင်းအရာတစ်ခုက အခွန်ရရှိငွေ တိုးတက်ရေးဖြစ်ပြီး အလေးထားဆောင်ရွက်ခဲ့တဲ့ ကိစ္စလည်းဖြစ်ပါတယ်။ ယခင်ခေတ်အဆက်ဆက်ကရရှိခဲ့တဲ့ အခွန်ကောက်ခံရငွေတွေထက် နှစ်စဉ်တိုးတက်ရရှိအောင် အလေးထားဦးစားပေးပြီး ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ကောက်ခံရရှိတဲ့ဘဏ္ဍာငွေပမာဏများနဲ့ နှိုင်းယှဉ်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အခွန်အကောက်ရငွေဆိုတာ အမှန်တကယ်ကောက်ခံရရှိတဲ့ပမာဏကိုဖော်ပြရတဲ့ လုပ်ငန်းကြီးဖြစ်ပါတယ်။ ကိန်းဂဏန်းဖော်ပြချက်တစ်ခုအနေနဲ့ ရရှိနေတာမဟုတ်ဘဲငွေပမာဏကို အတိအကျရမှသာလျှင် တကယ့်ရငွေအဖြစ်ဖော်ပြရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် အင်မတန်ကြိုးစားဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့တဲ့ စနစ်တွေနဲ့ လူတွေရဲ့ အားနည်းချက်တွေကို အတတ်နိုင်ဆုံးပြုပြင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ကောက်ခံရရှိတဲ့ရလဒ်တွေက သက်သေပြနေခြင်းပဲဖြစ်ပါတယ်။ တင်ပြလိုခြင်းအချက်ကတော့ အခွန်အကောက်ရငွေတိုးတက်ရရှိအောင် ဆောင်ရွက်ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်ကြီးများထောက်ပြသလို လွှတ်တော် ကိုယ်စားလှယ်ကြီးများဆန္ဒရှိသလို ဘဏ္ဍာရေးဝန်ကြီးဌာနက အလေးထားပြီး ဦးစားပေးဆောင်ရွက်နေတဲ့လုပ်ငန်းဖြစ်ကြောင်း ပဏာမတင်ပြလိုခြင်းပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အချို့ကိစ္စတွေဟာ လက်တွေ့လုပ်ငန်းနယ်ပယ်မှာ အမှန်တကယ်ဆောင်ရွက်ရတဲ့ သူရဲ့ဘက်ကိုလည်း ကြည့်ရတဲ့အနေအထားရှိပါတယ်။ ဆိုလိုရင်းသဘောကတော့ တချို့ဟာတွေမှာ Principle လို့ခေါ်တဲ့ ဥပဒေသနဲ့အညီ ဆုံးဖြတ်လို့မရဘဲနဲ့ အမှန်တကယ်လက်တွေ့ဆောင်ရွက်တဲ့သူတွေဘက်က Side ကိုလည်း ကြည့်မှသာလျှင် ရရှိသုံးသပ်ချက်တွေဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရောက်တဲ့အနေအထား ဖြစ်ပါတယ်။ မိမိတင်ပြခဲ့သလို သစ်တောဝန်ကြီးဌာနကတင်ပြခဲ့သလို တချို့ဟာတွေသည် လက်တွေ့လုပ်ငန်း နယ်ပယ်မှာ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးတင်ပြခဲ့တဲ့ ၅၀ ရာခိုင်နှုန်း သတ်မှတ်ရမယ်ဆိုတဲ့အချက်ကို ပြန်လည်ဆွေးနွေးခြင်းဖြစ်ပါတယ်။ တစ်သမတ်တည်း ပထမခြောက်လပတ် ၅၀၊ ဒုတိယ ခြောက်လပတ် ၅၀ ဆိုတာဟာ Principle အရ လုပ်လို့ရပေမယ့် အမှန်တကယ် လက်တွေ့ဆောင်ရွက်တဲ့နေရာမှာ သဘောသဘာဝအရ ဌာနတွေရဲ့ကောက်ခံရတဲ့ သဘောသဘာဝအရ ကွာဟချက်တွေရှိပါတယ်။ ဒါကြောင့် သတ်မှတ်တဲ့ ပမာဏဟာလည်း ပထမခြောက်လပတ်နဲ့ ဒုတိယခြောက်လပတ် ၅၀ စီ အတိအကျသတ်မှတ်ရမယ်ဆိုတဲ့ဟာကလည်း လက်တွေ့ဆောင်ရွက်ရာမှာ ပြန်လည်စဉ်းစားရမယ့်အနေအထား ဖြစ်ပါတယ်။

အကယ်၍ ပထမခြောက်လပတ်မှာ လျှော့ပြီးသတ်မှတ်ထားတယ်ဆိုရင် နောက်ခြောက်လပတ်ကျရင် အပြည့်အဝ နှစ်ခါပေါင်းရင် ၁၀၀ ရာခိုင်နှုန်း ပြန်ဖြစ်တာပဲ ဖြစ်ပါတယ်။ ဒုတိယခြောက်လပတ်မှာ အဖြေပေါ်ပါတယ်။ နှစ်ခါပေါင်းရမှာ ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတာတွေကလည်း အမှန်စာရင်း မဟုတ်သေးပါဘူး။ ပထမခြောက်လပတ်ကာလမှာ ကောက်လို့ရတဲ့ အခွန်ငွေနဲ့ပတ်သက်ပြီးတော့ အမှန်စာရင်းထွက်တဲ့အခါကျရင် ခုနက ပြောတဲ့ ပထမခြောက်လပတ်နဲ့ ဒုတိယခြောက်လပတ်ပေါင်းပြီး တစ်နှစ်စာ ထွက်လာမှာဖြစ်တဲ့အတွက် အဲ့ဒီအခါမှသာ မှန်ကန်တဲ့သုံးသပ်မှုတွေ



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

ဖြစ်လာနိုင်ပါတယ်လို့ ပထမအချက်ကို တင်ပြလိုပါတယ်။ အဓိက အကြောင်းအရင်းကတော့ ပထမခြောက်လပတ်မှာ လျှော့ခဲ့ရင်တောင် ဒုတိယခြောက်လပတ်မှာ အပြည့်ဒီထက်မက ပိုကောက်ရတဲ့အနေအထား သဘာဝရှိတာကို တင်ပြခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မကြာခင်မှာ ၂၀၁၆ အခွန်အကောက်ဥပဒေအတွက် ရေးဆွဲတော့မှာဖြစ်ပါတယ်။ တချို့ခေါင်းစဉ်တွေမှာ လက်တွေ့လုပ်နေတဲ့အနေအထားနဲ့မကိုက်ညီတာတွေ ဒီနှစ်ပြင်ရမယ့်အနေအထားတွေရှိပါတယ်။ ဥပမာ ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်လို့ ဇယားတိုင် အမှတ်စဉ်၊ ငွေစာရင်းခေါင်းစဉ် (၄-၄) မှာ ဖော်ပြထားပါတယ်။ ဓာတ်သတ္တုဆိုတော့ သတ္တုတွင်းဝန်ကြီးဌာနက ကောက်သကဲ့သို့ ဖြစ်နေပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနက ကောက်တာက (၄-၉) ခေါ်တဲ့ ဓာတ်သတ္တုခွန်နဲ့ ရတနာခွန်ပဲဖြစ်ပါတယ်။ ဒီဟာက ဓာတ်သတ္တုပစ္စည်းပေါ်မှာ ထုတ်ယူတဲ့အခွန်မဟုတ်ဘဲနဲ့ ယခုလက်ရှိအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အုတ်၊ သဲ၊ ကျောက် လုပ်ငန်းတွေအပေါ်မှာ ကောက်တဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါကို လာမယ့်အခွန်အကောက်ဥပဒေမှာ ပြင်ရမယ့် အနေအထားလေးတစ်ချက်တွေ့ရှိမှုဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် အခွန်ရရှိရေးကိစ္စနဲ့ပတ်သက်ပြီး ဒီခြောက်လပတ်မှာတော့ ၁၀၀ ရာခိုင်နှုန်းကျော်တယ်ဆိုပြီးတော့ ဒီအပေါ်မှာ ယစ်မူးနေဖို့ မဟုတ်ပါဘူး။ အဓိကကတော့ အခွန်တိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ နှစ်စဉ်တိုးတက်လာဖို့ ရည်မှန်းပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်ဖက်က

**လက်ရှိဆောင်ရွက်နေတဲ့အနေအထားသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခွန်အကောက်တိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခွန်ဝန်ထုပ်ပိပြီး ပြည်သူလူထုကို ဖိတာမျိုးမရှိရအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။**

လည်း အခွန်ဝန်ပိပြီးတော့ မလိုလားအပ်တဲ့အခွန်နှုန်းထားတွေပိပြီးတော့ ပြည်သူ့လူထုအပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်တဲ့အနေအထား မဖြစ်ရအောင်လည်း တစ်ဖက်ကချိန်ဆဆောင်ရွက်နေတာဖြစ်တဲ့အတွက် တချို့သော အခွန်နှုန်းထားများကို နှစ်စဉ်ဆွေးနွေးနေကြတဲ့ အခွန်အကောက်ဥပဒေတွေမှာ အပြန်အလှန်ဆွေးနွေးကြတာ တွေ့ခဲ့ပါတယ်။ မည်သို့ပင်ဖြစ်စေ၊ မည်သို့အခက်အခဲတွေရှိစေကာမူ အမှန်တကယ်လိုအပ်နေတဲ့ အခွန်အကောက်ရရှိရေး အတွက် နောက်ဆုံးအချိန်ထိ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အခွန်အကောက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး လျှော့ပြီးခန့်မှန်းတာ၊ ၁၀၀ ရာခိုင်နှုန်း ကျော်တယ် လိုချင်တယ်ဆိုပြီးတော့ ပြောခြင်းမျိုးမဟုတ်ပါ။ လုပ်ငန်းသဘာဝအရ ပထမခြောက်လပတ်နဲ့ ဒုတိယခြောက်လပတ်ကွာခြားချက်တွေကို ချိန်ဆပြီးတော့ လျာထားချက်နဲ့ ကောက်ခံရရှိချက်ကို နှိုင်းယှဉ်တင်ပြခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ဒေါ်ခင်စန်းလှိုင်တင်ပြတဲ့အချက်တစ်ချက်ကို ရှင်းလင်းတင်ပြလိုပါတယ်။ နိုဝင်ဘာ ၂၄ ရက်နေ့က မိမိရှင်းလင်းတင်ပြခဲ့တဲ့ ပါဝါပွိုင့်အမှတ် ၁၆ မှာ ပါပြီးဖြစ်ပါတယ်။ အဓိကဘာလဲဆိုရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှိုင်းယှဉ်ချက်ဇယားကို တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုပြောမှာသိလို့ ကျွန်တော် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကောက်ခံရရှိငွေချင်း ယှဉ်လိုက်တဲ့အခါမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခြောက်လပတ်မှာ ငွေကတော့ လျော့သွားတယ်ဆိုတာ ပြောဖို့အနေအထားဖြစ်လာတဲ့အတွက် ယှဉ်ပြလိုက်ခြင်းဖြစ်ပါတယ်။ ဘာကြောင့် မတူရသလဲဆိုရင် ၂၀၁၄-၂၀၁၅လျာထားချက်နဲ့ ၂၀၁၅-၂၀၁၆ လျာထားချက်က ကွာခြားချက်ရှိပါတယ်။ အဲဒီလျာထားချက်အပေါ်မှာ မူတည်ပြီးတော့ ကောက်ခံထားတဲ့အနေအထားဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် တိုးတက်လာပေမယ့်လည်း ကောက်ခံရရှိတဲ့ပမာဏဟာ နည်းသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဇယားလေးကိုထည့်ပြီး နိုဝင်ဘာ ၂၄ ရက်က သုံးသပ်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

အဓိကကတော့ နှစ်စဉ်တိုးတက်ရရှိတဲ့၊ ရသင့်ရထိုက်တဲ့အခွန်ရရှိရေး၊ အခွန်ရှောင်တာတွေ တားဆီးဖော်ထုတ်ရေးကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေတာ တင်ပြလိုခြင်းဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ အခွန်တွေ ဘယ်ကိုသုံးသွားသလဲ၊ Transparency ရှိပါတယ်ဆိုတဲ့အချက် တင်ပြလိုပါတယ်။ ဒါကတော့ ပြည်ထောင်စုကကောက်ခံနေတဲ့ အခွန်နဲ့အခ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များက ကောက်ခံနေတဲ့အခွန်အကောက်ရရှိမှုတွေနဲ့ ကွဲပြားသိနေဖို့လိုပါတယ်။ မော်တော်ယာဉ်နဲ့ပတ်သက်ပြီး မော်တော်ယာဉ်အနေနဲ့ ယာဉ်ထိန်းသိမ်းခတွေကောက်ခံတဲ့ကိစ္စမျိုးမှာ စည်ပင်သာယာက ဘယ်လိုပြန်သုံးသလဲ၊ အဲဒီအပိုင်းတစ်ပိုင်းနဲ့ နိုင်ငံတော်က ကောက်ခံနေတဲ့အခွန်အကောက်အပိုင်းကို ခွဲခြားစဉ်းစားရပါမယ်။ နိုင်ငံတော်က ကောက်ခံနေတဲ့အခွန်အားလုံးဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ထဲကို အကုန်ဝင်သွားတာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ရငွေအနေနဲ့ ပေါ်ပေါက်တာဖြစ်ပါတယ်။ နိုင်ငံတော်က နှစ်စဉ်ဘတ်ဂျက်ရငွေကို ပြန်သုံးစွဲတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စတွေအားလုံးသုံးတာဟာ ဒီအခွန်အကောက်ရငွေထဲက အဓိကထားသုံးစွဲတာ ဖြစ်ပါတယ်။

ဒါကြောင့် တင်ပြလိုခြင်းအချက်မှာ အခွန်အကောက်ရငွေတွေ ဘယ်လိုသုံးစွဲသလဲ၊ Transparency ရှိပါတယ်ဆိုတာ နိုင်ငံတော်၊ ပြည်ထောင်စုအဆင့်ကရတဲ့ အားလုံးဟာ ဘတ်ဂျက်ကိုဝင်သွားပြီးတော့ ဘတ်ဂျက်ကနေပြီးတော့ ခွဲဝေသုံးစွဲနေတာ ဖြစ်ပါတယ်။ အဓိကကတော့ တိုင်းဒေသကြီး၊ စည်ပင်သာယာများ၊ အခွန်အကောက်များရတဲ့အပိုင်းဟာ ဘယ်နေရာမှာ ပြန်သုံးသလဲဆိုတဲ့အပိုင်းဟာ တင်ပြခဲ့သလို ပြည်ထောင်စုအခွန်အကောက်ရငွေနဲ့၊ ရရှိမှုနဲ့၊ ဘတ်ဂျက်မှာ ထည့်သွင်းမှုနဲ့ ခွဲခြားပြီး ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အခွန်အကောက်ရရှိရေးကိစ္စကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မည်သည့်အစိုးရကာလမှာ ဖြစ်စေ အခွန်နဲ့ရပ်တည်တဲ့ အစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့အနေအထားသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခွန်အကောက်တိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခွန်ဝန်ထုပ်ပိပြီး ပြည်သူလူထုကို ဖိတာမျိုးမရှိရအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**ကျေးဇူးတင်ပါတယ်**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင်လေးဦးနှင့် ဘွဲ့မယူသော သင်တန်း (Training) သို့ ပညာသင် ၂၉၈ ဦး စုစုပေါင်းပညာသင် ၃၀၂ ဦးကို ပြည်ပနိုင်ငံ ၂၀ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ နိုဝင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# မကြာမီကာလအတွင်း စပါးများလှိုင်လှိုင်ထွက်ပေါ်လာမည်ဖြစ်၍ ဆန်စျေးနှုန်းများတည်ငြိမ်သွားနိုင် ကြက်သွန်နီတင်သွင်းခွင့်ပြုပေးထားပြီးဖြစ်၍ ယခုရက်အတွင်းဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၄/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပြောကြားစဉ်။



**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၄/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးအား ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေး၌ ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောကြားရာတွင် ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီ၏ အစည်းအဝေးများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ (၂၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်နှင့် ဖော်ထုတ်ချက်ပေါင်း ၃၆၀ ခု ချမှတ်နိုင်ခဲ့ကာ ကုန်သွယ်မှုပမာဏတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေး၊ ကုန်စည်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူတို့၏လိုအပ်ချက်နှင့် အခက်အခဲရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆန်အပါအဝင် လယ်ယာထွက်သီးနှံများ၊ အခြားပို့ကုန်များ၏ ကုန်သွယ်မှုပမာဏလျော့နည်းသွားခဲ့ရကြောင်း၊ သို့ဖြစ်၍ Re-export လုပ်ငန်းများအတွက် သကြား၊ ကွမ်းသီး၊ နှမ်းစသည့် ကုန်စည်များကို စမ်းသပ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး အေးခဲအမဲသားနှင့် အခြားကုန်စည်များကိုလည်း ဆက်လက်စမ်းသပ်ခွင့်ပြုသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီဝင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် Re-export လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ပစ္စည်းအမယ်များနှင့် တိုးမြှင့်ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဖော်ထုတ်အကြံပြုတင်ပြကြစေလိုကြောင်း။

ပြည်တွင်း၌ စပါး၊ ဆန်စျေးနှုန်းများ အထိုက်အလျောက်မြင့်တက်မှု ရှိနေသော်လည်း မကြာမီကာလအတွင်း စပါးများလှိုင်လှိုင်ထွက်ပေါ်လာမည် ဖြစ်၍ စျေးနှုန်းများတည်ငြိမ်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ကြက်သွန်နီစျေးနှုန်းများသည် ယခုနှစ်တွင်ထူးခြားစွာ မြင့်တက်မှုဖြစ်ပေါ်နေသည့်အတွက် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများမှ တင်သွင်းခွင့်ပြုပေးထားပြီး ပြည်တွင်းစျေးကွက်များအတွင်းသို့ ယခုရက်အတွင်းဖြန့်ဖြူးပေးနိုင်ရေးအတွက်သက်ဆိုင်ရာအသင်းနှင့် ညှိနှိုင်းတာဝန်ပေးဆောင်ရွက်စေလျက်ရှိကြောင်း၊ လိုအပ်ပါက ကြက်သွန်နီကို ပြည်ပမှထပ်မံတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့် စပါး၊ ဆန်ထုတ်လုပ်မှု၊ စားသုံးမှု၊ ပို့လျှံမှု၊ ပြည်ပတင်ပို့နိုင်မည့် အလားအလာများကို စိစစ်တွက်ချက်တင်ပြပေးကြရန်နှင့် စျေးနှုန်းများတည်ငြိမ်မှုရှိစေရေးအတွက် ဆောင်ရွက်သင့်သည့်အစီအမံများကိုလည်း သုံးသပ်စိစစ်ပေးကြရန် လိုအပ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း စက်မှုလုပ်ငန်းများမှ အသုံးပြုပြီးသော မြောင်းဆီဟုလူသိများသည့် မသန့်စင်သောဆီများကို ပြန်လည်သန့်စင်၍ စားအုန်းဆီဖြင့်ရောနှောရောင်းချနေသည့် သတင်းများရှိနေကြောင်း၊ အများပြည်သူကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် ကိစ္စဖြစ်၍တာဝန်ရှိသည့် အဖွဲ့အစည်းများက စိစစ်ဖော်ထုတ်ပြီး ထိရောက်သည့်အရေးယူမှုများ ပြုလုပ်ပေးသွားရန် အထူးမှာကြားလိုကြောင်း၊ ယင်းကိစ္စကို အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန် ထပ်ဆင့်မှာကြားလိုကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုအတွက် ကုန်စျေးနှုန်းတည်ငြိမ်ရေးသည် အဓိကကျသည်ကို တာဝန်ရှိသူအားလုံးက အထူးသတိပြုကြစေလိုကြောင်း၊ နိုင်ငံတော်သည်စျေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေခြင်းဖြစ်၍ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပမှတင်သွင်းမှုနှင့် Re-export ဆောင်ရွက်မှုတို့ကို လိုအပ်သလို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများက သက်ဆိုင်သည့်ကဏ္ဍအလိုက် ဆွေးနွေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုရက်ပိုင်းအတွင်း ပြည်တွင်းကြက်သွန်စျေးကြီးမြင့်လာမှုကြောင့် ပြည်သူလူထုကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်ပမှတင်သွင်းခွင့်ပြုပေးခဲ့ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ပြည်ပပို့ကုန်ကျဆင်းမှုမရှိစေရေး Re-export စနစ်နှင့် ဆောင်ရွက်ပေးခဲ့ရာ ကုန်သွယ်မှုပမာဏမြင့်မားလာခြင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာခြင်း၊ နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ*

NCA ပါအချက်များသည် အခြေခံကျောရိုးကို ပြောထားခြင်းဖြစ်သည့်အတွက် နောင်တက်လာမည့် အစိုးရအနေဖြင့် အသေးစိတ်မူဝါဒများကို လိုအပ်သလို ချမှတ်ဖြည့်စွက်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြသည်။

အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှုအခြေအနေ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ယစ်မျိုးအခွန်၊ သွင်းကုန်လိုင်စင်အခွန်၊ သယ်ယူပို့ဆောင်ရေးအခွန်၊ တံဆိပ်ခေါင်းရောင်း ရငွေ၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ အင်းအိုင်အခွန်၊ သစ်တောပစ္စည်းထုတ်ယူသည့်ကောက်ခံအခွန်၊ ဓာတ်သတ္တုနှင့် ရတနာအခွန်များကို ခန့်မှန်းလျာထားရာတွင် လျော့၍လျာထားသည့်အတွက် တိုးမြှင့်ကောက်ခံသင့်ပါကြောင်း ဆွေးနွေးသည်။

**ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်**က လျာထားချက်မပြည့်မီသည့် အခွန်များနှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်မှုရှိပြီး မှန်မှန်ကန်ကန်မျှမျှ ဝေဖန်သုံးသပ်နိုင်မှသာ အခွန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ တိုင်းပြည်၏အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသည့်အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရသင့်ရထိုက်သည့် အခွန်များ တိုးတက်ရရှိရေးသည် အရေးကြီးပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထုလိုက်နာ ဆောင်ရွက်နိုင်မည့် ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူသည့် အခွန်စနစ်ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်နေမှုအား ကြိုဆိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က ဝန်ကြီးဌာနအလိုက် ပထမခြောက်လပတ်တွင် မူလလျာထားချက်ထက် အခွန်ပိုမိုကောက်ခံရရှိခဲ့သည့် အခြေအနေများနှင့် မူလလျာထားချက်အောက် အခွန်လျော့နည်းကောက်ခံရရှိခဲ့ရသည့် အခြေအနေများကို ပြန်လည်ရှင်းလင်း တင်ပြကြသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို စာမျက်နှာ(၈) တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှု အခြေအနေတင်ပြချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းတင်ပြချက်များကို လွှတ်တော်ကမှတ်တမ်းတင်သည်။

ထို့နောက် **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်းက ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၂/၂၀၁၅) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၉ ဦး တက်ရောက်ကြသည်။

ဆက်လက်၍တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြထားသော မေးခွန်း ၁၀ ခုကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကို လွှတ်တော်သို့တင်သွင်းသည်။

ယင်းနောက် အဆိုတစ်ရပ်အား တင်သွင်းခြင်း၊ ထောက်ခံခြင်းများ ဆောင်ရွက်ကြပြီး လွှတ်တော်တွင် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

*ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

စီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီတို့က အစီရင်ခံစာများကို တင်သွင်းကြရာ ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အစည်းအဝေး အဋ္ဌမနေ့က တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ အစီရင်ခံစာကို သဘောတူလက်ခံရန် လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းကိုတင်သွင်းပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၀ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကင်းစေသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာစေရန်ရည်ရွယ်




**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်တာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀ ကို အသစ်ရေးဆွဲနေသည့် အချိန်လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကင်းစေသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်အထိ ရည်ရွယ်ပါကြောင်း။

ကျန်းမာရေး လုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းစသည့် အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အဓိကရည်မှန်းချက်များ ပြည့်မီပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာနိုင်ရေး မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာခင်မေအုန်းက "ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်း သိကောင်းစရာနှင့် အေအာတီဆေးဝါးများအကြောင်း" မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ အေးမြတ်လွင်က "ဝေဒနာသည်များအား ခွဲခြားနှိမ့်ချဆက်ဆံမှု မပြုရေးနှင့် ကောင်းဆဲလင်းအကြောင်း" သိကောင်းစရာများကို ဟောပြောသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**လားရှိုး ဒီဇင်ဘာ ၁**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က လားရှိုးမြို့ မြန်မာနိုင်ငံဆရာဝန် အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က "အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှုသည် လူတို့၏အပြုအမူ၊ အကျင့်စရိုက်အပေါ်တွင်သာ မူတည်ပါသဖြင့် မည်သူမဆို ကူးစက်ခံရနိုင်ပါကြောင်း၊ လူတစ်ယောက်ကို သာမန်အပြင်ပန်းကြည့်ရုံဖြင့် ရောဂါပိုး ရှိ/မရှိ မသိနိုင်ပါကြောင်း၊ ကာယကံရှင်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ်ရောဂါပိုးကူးစက်ခံနေရသည်ဟုသိချင်မှသိလိမ့်မည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသည့် အပြုအမူတစ်ကြိမ်တစ်ခါ ပြုမိရုံနှင့် ရောဂါ ကူးစက်ခံရနိုင်ပါကြောင်း၊ လူတစ်ယောက်တွင် HIV ရှိ/မရှိ သွေးစစ်ကြည့်မှ သိနိုင်မည်ဖြစ်ကြောင်း၊ လူသားမျိုးနွယ်များအားလုံး ကြောက်စရာအကောင်းဆုံး ကုရာနတ္ထိ ဆေးမရှိဆိုသော ရောဂါဆိုးကြီး ဘေးမှကင်းဝေးစေရန် လူသားတိုင်း သတိကြီးစွာဖြင့် ကျန်းမာရေးပညာပေးမှုအတိုင်း ရှောင်ရန်၊ ဆောင်ရန်တို့ကို မှတ်သားလိုက်နာပြီး လှုံ့ဆော်စည်းရုံးမှုများပြုလုပ်ခြင်းဖြင့် လူထုကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်နိုင်ပြီး AIDS ရောဂါအား စုပေါင်းတိုက်ဖျက်သွားကြရန်" တိုက်တွန်းပြောကြားခဲ့သည်။



ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ကာတွန်းနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး (ဝဲပုံ) ခင်းကျင်းပြသထားသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုပြခန်းကို တက်ရောက်လာကြသူများက လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# AIDS ရောဂါတိုက်ဖျက်ရေးနေ့ ဟားခါး၌ ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၁**

၂၀၁၅ ခုနှစ်ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းက ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာအဓိကရည်မှန်းချက်များဖြစ်သော HIV ရောဂါပိုး အသစ်ကူးစက်မှုမရှိစေရေး၊ ရောဂါပိုးရှိသူများ၊ ဝေဒနာရှင်များအား ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ လိုအပ်သောဆေးကုသမှုပြုစုကုသစောင့်ရှောက်မှုများ လက်လှမ်းမီရရှိကာ သေဆုံးမှုများ လျှော့ချရေး၊ HIV ပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**(ပြည်နယ် ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်၌ ပိုလီယိုကာကွယ်ဆေးထိုးဆေးအသစ် (IPV) ထည့်သွင်းထိုးနှံခြင်းအစီအစဉ် အသိပေးဆွေးနွေးခြင်းကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်က အမှာစကားပြောကြားသည်ကို တွေ့ရစဉ်။**
ပေါက်စ (ပြန်/ဆက်)

# လူငယ်ကွန်ရက်အဖွဲ့မှ ကမ္ဘာ့ AIDS နေ့အကြောင်း ဟောပြော

**ဖျာပုံ ဒီဇင်ဘာ ၁**

ဖျာပုံမြို့နယ်တွင် CCDF လူငယ်အဖွဲ့က ဖျာပုံမြို့နယ်လူငယ်ကွန်ရက်များ ( Pyapon Yellows Organization, ASA Actionaid, Youth to Youth , MSI , OXFAM) ကလူငယ်များနှင့် ဒီဇင်ဘာ ၁ ရက်က လူစည်ကားရာနေရာများ၌ ကမ္ဘာ့ AIDS နေ့ပညာပေးအစီအစဉ်များ ကျင်းပခဲ့ကြောင်းသိရသည်။ ပညာပေးအစီအစဉ်များကို ဖျာပုံမြို့နယ်အတွင်းလူစည်ကားရာဈေး၊ ကျောင်း၊ ကားဂိတ်များ၌ ကျင်းပခဲ့ကြောင်း၊ HIV. AIDS ရောဂါကူးစက်ပုံနည်းလမ်းနှင့် ကာကွယ်ပုံနည်းလမ်းတို့အား မေးခွန်းများမေး၍ မေးခွန်းမှန်ကန်စွာဖြေနိုင်သူတို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(ဖျာပုံ)**

# ပိုလီယိုကာကွယ်ဆေး ထိုးဆေးစတင်ထိုးနှံခြင်း သုံးခွမြို့၌ ကျင်းပ



**သုံးခွ ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်အဆင့် ပိုလီယိုကာကွယ်ဆေး ထိုးဆေး စတင် ထိုးနှံခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ကျင်းပရာ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟန်ဖြိုးဇော်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်၊ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မိခင်နှင့်ကလေးများ တက်ရောက်ကြသည်။ **(ဝ၂၈)**

# ပိုလီယိုကာကွယ်ဆေး ထိုးဆေးစတင်ထိုးနှံ ရှားတွင် အသိပေးရှင်းလင်း

**ရှားင် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ပိုလီယိုကာကွယ်ဆေးထိုးဆေး စတင်ထိုးနှံခြင်း အစီအစဉ်အတွက် အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအဆောင်သစ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးမှူး ဆရာဝန်ကြီး ဒေါက်တာခင်မိုးလှိုင်က ပိုလီယိုကာကွယ်ဆေးထိုးဆေးနှင့် ပါးစပ်မှတိုက်ရသော ပိုလီယိုကာကွယ်ဆေးပိုလီယိုအစက်ချကာကွယ်ဆေး၊ ဆေးထိုး၊ ဆေးတိုက်ခြင်းဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး အသက် ၁၄ ပတ်မှ ၁၆ ပတ်အရွယ်များကို ကာကွယ်ဆေးထိုးနှံတော့မည်ဖြစ်ရာ မိမိတို့ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ကလေးငယ်များအား ပိုလီယိုရောဂါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးရန် အသိပေးရှင်းလင်း ပြောကြားကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှားင်)**

# ဒုတိယအကြိမ်မြောက် အနုဂ္ဂရောင်စဉ် အနုပညာပွဲတော်တွင် နိုင်ငံနှင့်အဝန်းမှ မသန်စွမ်းသူများဖျော်ဖြေတင်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁**

မသန်သော်လည်း စွမ်းရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ဒုတိယအကြိမ်မြောက် အနုဂ္ဂရောင်စဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများအနုပညာပွဲတော်ကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ နိုင်ငံနှင့်အဝန်းမှ မသန်စွမ်းအနုပညာရှင်များ၊ နိုင်ငံကျော် အဆိုတော်များနှင့် သရုပ်ဆောင်များစွာလာရောက် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

"ရှက်ပုန်းသီး မသန်စွမ်းအနုပညာရှင်တွေ မြောက်မြားစွာရှိတယ်။ ဒါကို ထုတ်ဖော်ပြသတဲ့ပွဲဖြစ်သလို မသန်စွမ်းတွေကို မြှင့်တင်ပေးတဲ့အနေနဲ့ ကျင်းပတာပါ" ဟု ပြပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ဒါရိုက်တာ ဦးနေလင်းစိုးက ပြောသည်။

အဆိုပါ မသန်စွမ်းအနုပညာပွဲတော်တွင် မန္တလေးမြို့ နားမကြားသောကလေးများကျောင်းမှ မသန်စွမ်းသမီးပျိုလေးများ၏ သံစဉ်မသိ စာသားမသိ လှပသော အပျိုတော်ယိမ်းအက၊ မွေးရာပါလက်နှစ်ဖက်မပါ ကိုယ်အင်္ဂါချို့ယွင်းသူတစ်ဦး၏ ခြင်းလုံးအလှခတ်ခြင်း၊ သင်ယူမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းသော Down Syndrome (ခေါ်) ဉာဏ်ရည်မသန်စွမ်းကလေးများ၏ Beautiful Fly အက၊ အကြားအာရုံ ချို့ယွင်းသူတစ်ဦး၏ စကိတ် Dance အက၊ မေရီချက်(ပ်)မင်း နားမကြားကျောင်းမှ နားမကြားလူငယ်လေးများ၏ B-Boy Dance အကနှင့် အခြားမသန်စွမ်းအဖွဲ့ အသီးသီးတို့မှ အဆိုအကများအပါအဝင် သရုပ်ဆောင်ပြကွက်များအပါအဝင် မသန်စွမ်းအနုပညာရှင်ပေါင်း ၈၀ ကျော် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။



မသန်စွမ်းကလေးငယ်များ၏ စုပေါင်းဖျော်ဖြေပွဲကျင်းပစဉ်။

ထို့ပြင် နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များဖြစ်သော ဇော်ဝင်းထွဋ်၊ ချစ်သုဝေ၊ ရန်အောင်၊ ရဲအောင်၊ မင်းဦး၊ ဂျေမောင်မောင်၊ ချောစုခင်၊ ဂရေဟမ်၊ ရင်ဂို၊ ကျော်ကျော်ဗိုလ်၊ မင်းမော်ကွန်း၊ ချစ်စနိုးဦး၊ ဆုပန်ထွာ၊ ခင်ဇာခြည်ကျော်၊ အိမ့်ချစ်၊ ရဲသွင်နှင့် လိမ္မော်သီးအဖွဲ့တို့မှ သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါဖျော်ဖြေပွဲကြီးတွင် ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ဖြစ်ပြီး အနယ်နယ်မှလာသော မသန်စွမ်းများအား အခမဲ့လာရောက်ကြည့်ရှုခွင့်ပေးကြောင်းသိရသည်။ "ကျွန်တော်တို့ နိုင်ငံမှာ လူဦးရေရဲ့ ၄ ဒသမ ၆ ရာခိုင်နှုန်းဟာ မသန်စွမ်းတွေ ဖြစ်နေပါတယ်။ အရေအတွက်အရ ၂၃ သိန်းခန့်ရှိတယ်။ ဒီမသန်စွမ်းတွေရဲ့ ကဏ္ဍအသီးသီးနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေး၊ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေးတွေကို ဒီပြပွဲကြီးကရလာတဲ့ ရန်ပုံငွေတွေနဲ့ သုံးစွဲသွားမှာပါ" ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက ပြပွဲတွင် သုံးသပ်ပြောကြားသည်။

ထိုဖျော်ဖြေပွဲကြီးကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်သည်။ ဖျော်ဖြေပွဲတွင် နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ၏ ပန်းချီလက်ရာများ၊ အနုပညာပြကွက်များကို ပြခန်းများတွင် ခင်းကျင်းပြသထားကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

❐ *ကျောဖုံးမှ*

Mix Team ပြိုင်ပွဲစုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး ဆုတံဆိပ်အနေဖြင့် ရွှေ ၁၈ ခု၊ ငွေ ၁၈ ခုနှင့် ကြေး ၁၈ ခု စုစုပေါင်း ၅၄ ဆုကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာပြိုင်ပွဲကျင်းပတဲ့ အတွေ့အကြုံရှိပြီးဖြစ်တဲ့အတွက် အခက်အခဲအနည်းငယ် ရှိနိုင်သော်လည်း လစ်ဟာမှုမရှိစေလိုကြောင်း၊ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနဲ့ အားကစားဝန်ကြီးဌာနတွေရဲ့ ညွှန်ကြားမှုကို ခံယူကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် ထောက်ပံ့ကူညီသော အဖွဲ့အစည်းများ အစစအရာရာ အခက်အခဲမရှိ ဆောင်ရွက်ဖို့လိုအပ်ကြောင်း" ဖြင့် ယနေ့ပြုလုပ်သည့် ပွဲကြို ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ပြောကြားသည်။

၂၀၁၆ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ( 5th South East Asian Open Archery Championship)ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်း၊ အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး၊ ရန်ကုန်တာဝန်ခံညွှန်ကြားရေးမှူးချုပ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosawinga တို့ တက်ရောက်အားပေးမည်ဖြစ်၍ မြန်မာ့ရိုးရာသိုင်း၊ မြန်မာ့ရိုးရာခြင်းလုံးတို့အပြင် တင်းပုတ်အားကစားနည်းကိုပါ သရုပ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းပြိုင်ပွဲ၌ အိမ်ရှင် မြန်မာနိုင်ငံမြားပစ်လက်ရွေးစင်အသင်းမှ Compound ပြိုင်ပွဲတွင် အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး၊ Recurve ပြိုင်ပွဲတွင် အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး တန်းပြည့်ပါဝင်မည်ဖြစ်ပြီး ပြည်ပနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီရန်၊ အီရတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## ဒီဇင်ဘာ ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**ဒီဇင်ဘာ ၁ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၇၅၀၀ | အသစ် |
| ၃။ | ဧရာ/ညှော်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ် |
| ၅။ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၇၅၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်/ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၅၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၅၀ မှ ၂၄၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၃၃၀၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၅၀ မှ ၂၇၀၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၅၀၀ | ထူး၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀ မှ ၉၃၀ | A1,OK,S1,S2 |
| ၁၃။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀ | |
| ၁၄။ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၄၀၀ | |
| ၁၆။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ | အချဉ် |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

---

**ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
**၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်**
**၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၂ရက်**

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၇ရက်မှ ၁၃ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ (GTC) လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည် ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ရက်မှစ၍ မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော ရတနာကုန်သည်မှတ်ပုံတင်အဖွဲ့တွင် ရောင်းချပွဲတက်ရောက်ဝယ်ယူ ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှ တစ်ဆင့်လျှောက်ထားလိုပါက www.mge.gov.mm, On-line Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရုံးချုပ် (နေပြည်တော်)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း**
**အသေးစားငွေရေးကြေးရေးလုပ်ငန်း**
**အမှုဆောင်အဖွဲ့ဝင်များ ပြောင်းလဲဖွဲ့စည်းခြင်း**

မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအသေးစားငွေရေးကြေးရေးလုပ်ငန်း၏ ယခင်အမှုဆောင်အဖွဲ့အစား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးကြည်ထွန်း ၁၃/မမတ(နိုင်)၀၂၈၀၉၅ ဥက္ကဋ္ဌ
(ခ) ဦးအုံဇော် ၇/ပခန(နိုင်)၀၃၃၁၃၇ ဒု ဥက္ကဋ္ဌ
(ဂ) ဦးဟန်မောင် ၈/မကန(နိုင်)၀၇၉၁၅၂ အဖွဲ့ဝင်
(ဃ) ဦးအောင်သိန်းကျော် ၈/မကန(နိုင်)၀၀၃၆၈၃ အဖွဲ့ဝင်
(င) ဦးတင့်လွင် ၈/မကန(နိုင်)၀၀၈၇၂၂ အဖွဲ့ဝင်
(စ) ဦးဇော်ဦးဟန် ၉/မနမ(နိုင်)၀၈၄၁၄၇ အဖွဲ့ဝင်
(ဆ) ဦးကျော်ဝင်းမြင့် ၈/မဘန(နိုင်)၀၈၀၀၇၂ အဖွဲ့ဝင်
(ဇ) ဦးအောင်နိုင် ၈/ပဖန(နိုင်)၀၂၅၁၄၃ ဘဏ္ဍာရေးမှူး
(ဈ) ဦးမောင်မောင်ဝင်း ၁၄/မမန(နိုင်)၀၀၃၈၇၈ စာရင်းစစ်
(ည) ဦးဇော်လင်းအောင် ၁၃/တကန(နိုင်)၀၂၉၃၀၁ အတွင်းရေးမှူး
(ဋ) ဦးဆန်းညွှန့်အောင် ၈/မကန(နိုင်)၀၀၀၆၇၂ တွဲဖက်အတွင်းရေးမှူး


**(ကြည်ထွန်း)**
**ဥက္ကဋ္ဌ**

**အထူးတရားပွဲ**

သုံးလောကထွတ်ထား၊ မြတ်ဗုဒ္ဓအား အမှူးထား၍ တရားကိုချစ်ခင်၊ တရားကို မြတ်နိုး၊ တရားကိုယုံကြည်၊ တရားဖြင့်မွေ့လျော်မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဉာဏ်ဇမ္ဗူသီရိဗိမာန်တော်ကြီးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသမှ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါကြောင်း အလှူရှင် ဦးမျိုးသိန်း၊ ဇနီးဒေါ်ကေခိုင်၊ သားကြီး မောင်မြတ်ဘုန်းခန့်၊ သားငယ် မောင်သော်တာဘုန်းခန့်မိသားစု၊ ဓနသီဟကုမ္ပဏီလီမိတက်မှ တရားတော်နာကြွရောက်ပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဓမ္မပူဇာအစီအစဉ်**

**နေ့ရက်** - ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၃ရက်(ကြာသပတေးနေ့)
**အချိန်** - ည ၇း၃၀နာရီ
**လမ်းညွှန်** - ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀(နဝဒေးရပ်ရှင်ရုံရှေ့)
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး




**ပျောက်ဆုံးကြောင်း**

ကျွန်မ မိနှင်းဝေမွန် ၁၀/ကမရ(နိုင်)၁၂၂၇၁၇၏ Passport စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၃၇၈၄၉၃**

# တရားမဝင်သံလမ်းကူး ဖြတ်သန်းမောင်းနှင်သောကားနှင့် ရထားတိုက်မိ



**သာယာဝတီ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် နိုဝင်ဘာ ၃၀ ရက် ညနေ ၄ နာရီခွဲခန့်က သုံးဆယ်မြို့မဘူတာနှင့် သာယာဝတီဘူတာအကြား မိုင်တိုင်အမှတ် ၆၇/၇-၉ ကြားအရောက်တွင် အနောက်ဘက်ခြမ်း သုံးဆယ်မြို့ ဆရာစံမြို့သစ် ရပ်ကွက်မှ မကျီးကုန်း ရပ်ကွက်ဆီသို့ (တရားမဝင်)သံလမ်းကူးမှ ဖြတ်သန်းမောင်းသော လိုက်ထရပ်အနီရောင်ကား (လိုင်စင်စုံစမ်းဆဲ) နှင့် ရထားတိုက်မိမှုဖြစ်ပွားခဲ့ရာ ကားခေါင်းပိုင်း ကြေမွတိမ်းမှောက်ပြီး ကားမှာ ရထားလမ်းအရှေ့ဘက်ခြမ်းသို့ ပက်လက်လန်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ကားအတွင်းရှိ ယာဉ်မောင်းထွန်းထွန်းနိုင် (၄၂နှစ်)နှင့် ယာဉ်နောက်လိုက်ကျော်သူရ(၂၈နှစ်)၊ ကားပေါ်တွင်ပါလာသူ ငါးဦးနှင့် ရထားလုံခြုံရေးအဖွဲ့မှ ရဲတပ်သားထွန်းဝင်းနှင့် မင်းမင်းထွန်းတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် သာယာဝတီပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည်။ ရထားမှာ စက်ခေါင်းရှေ့မီးလုံးကွဲ၊ ဆီကလစ်ပိုက်ကွဲ၊ လေပိုက်ဆော့ကက်ပြုတ်ကာ ရထားပျက်စီးမှုကို ပြုပြင်ပြီး ပြည်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ မီးရထားဖြတ်မောင်းလာစဉ် ရထားစီးခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်အောင် တရားမဝင်သံလမ်းကူးဂိတ်မှ မော်တော်ယာဉ်အား သတိမမူ ပေါ့တန်စွာမောင်းနှင်သူ ယာဉ်မောင်း ထွန်းထွန်းနိုင်အား သုံးဆယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန့်ဇော်(မြန်/ဆက်)**

# ကျောက်စိမ်းတုံးအရွယ်စုံ ဖမ်းဆီးရမိ

**နောင်ချို ဒီဇင်ဘာ ၁**

နောင်ချိုမြို့ အရှေ့ဘက်တိုးဂိတ်အနီး တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ လရ(၁) ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့သည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးမှမူဆယ်သို့ မောင်းနှင်လာသော ဗင်အဖြူရောင်ယာဉ်ငယ် 2B/-----အား ရပ်တန့်စစ်ဆေးနေစဉ် ယာဉ်မောင်းမှာ ယာဉ်ကိုရပ်ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ အဆိုပါယာဉ်အား ရှာဖွေရာ ယာဉ်၏ဦးခေါင်းခန်း ကျောမှီထိုင်ခုံနှစ်ခုံအတွင်းနှင့် နောက်ခန်းကြမ်းခင်းပြားနှစ်ထပ်ပြုလုပ်ကာ အောက်ခံကြမ်းခင်းထဲ၌ နေရာအနှံ့အပြား သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးအခြမ်း အရွယ်မျိုးစုံ ၃၃၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **စိုးဝင်း**



# လက်ကိုင်ဖုန်းလုယက်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၁**

လှိုင်မြို့နယ်နေ ကိုပိုင်ငြိမ်းသက်သည် နိုဝင်ဘာ ၂၈ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်က လှိုင်မြို့နယ် ကန်လမ်းအတိုင်း ဖုန်းအားနားကြပ်တပ်၍ သီချင်းနားထောင်ကာ အလုပ်မှနေအိမ်သို့ လမ်းလျှောက်ပြန်လာစဉ် ဦးမောင်မောင်ခြံလမ်းနှင့် ကန်လမ်းထိပ်အရောက် နောက်ဘက်မှ လူငယ်သုံးဦးလိုက်လာပြီး ၎င်းတို့အနက် တစ်ဦးက ဆံပင်ကိုဆောင့်ဆွဲကာ ထိုးကြိတ်၍ ကျန်နှစ်ဦးက ဘီယာပုလင်း၊ ကျောက်ခဲတို့နှင့်ထုရိုက်ခဲ့ကြပြီး ဆံပင်ဆွဲထိုးကြိတ်သူလူငယ်က ဘောင်းဘီအိတ်အတွင်းထည့်ထားသော HUAWEI G6 အမျိုးအစား ဆင်းကတ်နှစ်ကတ်ပါ လက်ကိုင်ဖုန်းအား လုယက်ထွက်ပြေးသွားခဲ့သဖြင့် ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီ တောင်းခံခဲ့သည်။

ကိုပိုင်ငြိမ်းသက်က အကူအညီတောင်းခံခဲ့သည်ကို ပြည်သူတစ်ဦးက ကြားသိပြီး လှိုင်မြို့မရဲစခန်းက လှည့်ကင်းအဖွဲ့သို့ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူ လှိုင်မြို့နယ်နေသူများဖြစ်သည့် သန့်ဇင်၊ အောင်သန်းဌေးနှင့်စည်သူတို့အား သက်သေခံပစ္စည်းလက်ကိုင်ဖုန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် လှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# အရှိန်မထိန်းနိုင်သည့်ယာဉ် လမ်းလယ်ကျွန်းရှိ ကြော်ငြာဆိုင်းဘုတ်တိုင် ဝင်တိုက်

**လားရှိုး ဒီဇင်ဘာ ၁**

လားရှိုးမြို့ ရပ်ကွက်(၁)ဘူတာလမ်း လားရှိုးမိုတယ်ရှေ့၌ ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ကြော်ငြာဆိုင်းဘုတ်တိုင်လုံးကို အရှိန်ပြင်းစွာဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် ည ၁၀ နာရီခန့်က ဘူတာလမ်းအတိုင်း မြို့တော်ခန်းမအဝိုင်းဘက်သို့ဦးတည်၍ ယာဉ်မောင်းဦးစစ်နိုင် မောင်းနှင်လာသော TOYOTA MARK II အမျိုးအစား 4D/---- သည် လားရှိုးမိုတယ်ရှေ့အရောက်တွင် အရှိန်အထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကြော်ငြာဆိုင်းဘုတ်ရှေ့ရှိ ကွန်ကရစ်ငုတ်တိုင်ကို ဝင်ရောက်တိုက်မိပြီး ထပ်ဆင့်၍ ဆိုင်းဘုတ်သံပိုက်လုံးတိုင်ကြီးကိုတိုက်မိပြီး ကားလမ်းမကြီးဘေးသို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ဦးစစ်နိုင်(၅၀နှစ်) အား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးနွယ်**

More & More
ပလက်တီနမ်နှင့် စိန်ဆိုင်

ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနား ဖိတ်ကြားလွှာ

လေးစားအပ်ပါသော မိတ်ဟောင်းမိတ်သစ်များအား
ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်

အီတလီနိုင်ငံရှိ စက်ရုံကြီးများမှ တိုက်ရိုက်တင်သွင်းရောင်းချသောအရည်အသွေးပြည့် ပလက်တီနမ်ဒီဇိုင်းဆန်းများနှင့်နိုင်ငံတကာအဆင့်မီ စိန်ထည်ပစ္စည်းများကို မန္တလေးမြို့ရှိမိတ်ဟောင်းမိတ်သစ်များ လွယ်လင့်တကူ ဝယ်ယူအားပေးနိုင်ရန် အတွက် More & More ပလက်တီနမ်နှင့် စိန်ဆိုင်ကို (၅-၁၁-၂၀၁၅)ရက်နေ့မှ စတင်ကာ ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးသွားပါမည်။

ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များနှင့်အတူ ဆိုင်ဖွင့်ပွဲ အထိမ်း အမှတ်အဖြစ် ငွေကျပ်တစ်သိန်းဖိုးနှင့် အထက်ဝယ်ယူသူ မိတ်ဟောင်းမိတ်သစ်အားလုံးအား ပလက်တီနမ်ဆွဲကြိုး၊ ဆွဲသီး၊ ဟန်းချိန်း၊ လက်ကောက်၊ လက်စွပ် စသည့် အဖိုးတန်လက်ဝတ်ရတနာများအပြင် အခြားအဖိုးတန် လက်ဆောင်ပစ္စည်းများအား ဗလာမပါ ကံစမ်းမဲအစီအစဉ်ဖြင့် ကျေးဇူးတုံ့ပြန်ပေးသွားပါမည်။

ဆိုင်ဖွင့်ပွဲအခမ်းအနားအစီအစဉ်

နေ့ရက် ။ ၅-၁၂-၂၀၁၅ (စနေနေ့)
အချိန် ။ နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ
အခမ်းအနားကျင်းပမည့်နေရာ ။ Mingalar Mandalay Square Promotion Area (မင်္ဂလာမန္တလေး)
ဆိုင်လိပ်စာ ။ အမှတ်(၁၅)၊ အပိုင်း(၃)၊ (၇၃)လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ မင်္ဂလာမန္တလေး အိမ်ယာစီမံကိန်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း ။ ၀၉၉ ၇၅၄၅ ၄၀၀၀ ၊ ၀၂ - ၂၀၀၀၀၃၁

## အထက(ဗထူး) ယခင် တပ်မတော်ကလေးများကျောင်း(ဗထူး) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် ဆရာပူဇော်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

(၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အချိန်** ။ ။ ၂၇-၁၂-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

**ကျင်းပမည့်နေရာ** ။ ။ အထကဗထူး (နဝရတ်ခန်းမ)

### ရန်ကုန်မှ သွားလာမည့်အစီအစဉ်

၂၄-၁၂-၂၀၁၅ ရက် ည ၂၀း၀၀ နာရီတွင် ခနော်ရုံမှ ထွက်ခွာပါမည်။

ရန်ကုန်မှလိုက်ပါကြမည့် ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အသေးစိတ်သိရှိလိုပါက ၁၃-၁၂-၂၀၁၅ ရက် နောက်ဆုံး ထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း-

| | | | |
|---|---|---|---|
| ဦးခင်မောင်ဝင်း | ဖုန်း-၀၉-၅၁၃၅၇၇၂ | ဦးညွန့်အောင် | ဖုန်း-၀၉-၃၂၃၃၈၂၇၂ |
| ဦးဆောင်ဆန်းဦး | ဖုန်း-၀၉-၄၃၀၄၃၅၆၅ | ဦးသက်ထွန်း | ဖုန်း-၀၉-၇၃၂၃၃၀၉၃ |
| ဒေါ်ခင်နီနီအောင် | ဖုန်း-၀၉-၅၀၄၇၄၁၁ | ဒေါ်သဇင်ထွေး | ဖုန်း-၀၉-၅၄၀၄၀၂၅ |
| ဒေါ်တင်တင်အေး | ဖုန်း-၀၉-၅၁၂၁၂၀၆ | | |



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ Shangri-La Hotel-Grand Ballroom ၌ ကျင်းပပြုလုပ်သော (၂၇)ကြိမ်မြောက် အာဆီယံ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေး၏ ASEAN Winner for the ASEAN Business Awards(2015) အာဆီယံစီးပွားရေးထူးချွန်ဆုချီးမြှင့်ပွဲတွင် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် အမျိုးသမီးစီးပွားရေး ထူးချွန်လုပ်ငန်းရှင်(ပထမ)ဆု (ASEAN Woman Enterpreneur of the year 2015 Award)ကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် ‘‘KBZ BANK နှင့် KBZ Group of Companies’’တို့၏ ဒုဥက္ကဋ္ဌ ‘သီဟသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)’မှ လက်ခံရရှိခဲ့ပါသည်။ ကလောမြို့နယ်၊ ဘော်ဆိုင်း အထက ကျောင်းမှ တပည့်ကျောင်းသူ/ကျောင်းသားဟောင်းများက ဆရာမအတွက် လိုက်လိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

**တပည့်များ**

**အထက၊ ဘော်ဆိုင်း**

**ကလောမြို့နယ်**

**ရှမ်းပြည်(တောင်ပိုင်း)**



# စစ်ကိုင်းမြို့နယ်၌ ပဲစင်းငုံသီးနှံများ ပက်ကြဲစနစ်ဖြင့် အောင်မြင်ဖြစ်ထွန်း

**စစ်ကိုင်း ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မြစ်ကြီးနားသွားကားလမ်း ဘေးဝဲယာတစ်လျှောက်ရှိ ကျေးရွာများမှတောင်သူများသည် မိုးသီးနှံ ဖြစ်သော ပဲစင်းငုံကို ပက်ကြဲစနစ်ဖြင့်စိုက်ပျိုးကြရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်တွင် တောင်သူများသည် စပါး၊ ဂျုံ၊ ပြောင်း၊ နှမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ အထွက်တိုးပြောင်းဖူး၊ ဖူးစားပြောင်းဖူးနှင့် မိုးပဲတီစိမ်းတို့ကို သုံးရာသီလုံး စိုက်ပျိုးလျက်ရှိသည်။

"ကျွန်တော်တို့က ပဲတီစိမ်းကိုမြေပဲထဲရောပြီး အတန်းလိုက် သီးညှပ်အဖြစ်စိုက်တဲ့အခါ အထွက်နည်းတယ်၊ ပက်ကြဲစိုက်တဲ့အခါ တစ်ဧကဆယ်တင်းကနေ တင်းနှစ်ဆယ်အထိထွက်ပါတယ်"ဟု တလိုင်းရွာသား ဦးဘိုလှိုင်က ပြောပြသည်။

**ကျော်ဌေး(ညောင်ဦး)**

# ရေဦး၌ လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်

**ရေဦး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ရေဦးမြို့နယ်သမဝါယမဦးစီးဌာန သမဝါယမအသင်းစုနှင့် အမှတ်(၂၁)စက်မှုလယ်ယာစခန်းတို့ပူးပေါင်းဖွင့်လှစ်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းကို နိုဝင်ဘာ ၂၈ ရက်က သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

သင်တန်း၌ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလာသည့်အတွက် လုပ်သားရှားပါးမှုပြဿနာနှင့် ငွေကုန်ကြေးကျပြဿနာများ ဖြေလျှော့ပေးနိုင်မည်ဖြစ်သည့်အတွက် ရရှိသောအချိန်တိုကာလအတွင်း စိတ်ပါဝင်စားစွာ သင်ယူသွားကြရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို ကိုယ်တိုင်ကိုယ်ကျပြုပြင်နိုင်ပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေရေးအတွက် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တန့်ဆည်၊ ဒီပဲယင်းမြို့နယ် သမဝါယမဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာနမှတာဝန်ရှိသူများ၊ ရေဦးမြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ သမဝါယမဦးစီးဌာနမှဝန်ထမ်းများနှင့် သင်တန်းသား ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ခုနစ်ရက်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ကျောက်ကြီးမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ဖွင့်

**ကျောက်ကြီး ဒီဇင်ဘာ ၁**



ကျောက်ကြီးမြို့နယ် အတွင်းရှိ ပြည်သူများ၏ လိုအပ်ချက်များကို တစ်နေရာတည်းတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်ခြင်းဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရသည့် ပြည်သူများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်းဖြင့် အချိန်ကုန်သက်သာစေမည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုစုပေါင်း ၉၃ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**မီးမီး(လှိုင်)**

# စာပေဟောပြောပွဲနှင့်ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပမည်

**ရမည်သင်း ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)၏ ညွှန်ကြားမှုဖြင့် ရမည်းသင်းမြို့ စာရေးဆရာအသင်းက ကြီးမှူးကာ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကျင်းပရေးနောက်ဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက်က ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်း၌ ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ အသင်းသားများစုံညီစွာ တက်ရောက်သည်။

ဗဟိုစာရေးဆရာအသင်း၏ ညွှန်ကြားမှုနှင့်အညီ စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကိုဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မြို့လှကျေးရွာ အထက၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသနေ ကျောင်းသားကျောင်းသူများ စာပေဗဟုသုတရရှိရေး၊ စာပေတန်ဖိုးများသိရှိစေရေးအတွက် မြို့နယ်စာရေးဆရာအသင်းမှ ဦးလှိုင်သန်းတင့် (ရွှေပန်းချီ)၊ ဦးညွန့်ရွှေ (သတင်းထောက်ညွန့်ရွှေ)၊ ဦးမင်း ဟိန်းခန့်(မင်းဟိန်းခန့်မှုခင်း) နှင့် ဦးစိုးမြင့် (စိုးယဉ်မြင့်)တို့က ဟောပြောကြမည့်အပြင် ကျောင်းသားကျောင်းသူ ရှစ်ဦး၏ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ငါးဦး စုစုပေါင်းရှစ်ဦးအား မြို့နယ်စာရေးဆရာအသင်းဝင်များက ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၁၁)**

## သတင်းတိုများ

### သရက်မြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇာတ်ရေယာဉ်ဆိပ်ကမ်း၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများ၊ NGO များတက်ရောက်ကြပြီး ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ သုံးသိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

### ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘန်းဖယ်ရပ်ကွက်နှင့် ဘုရားကြီးမြောက်ရပ်ကွက်၌ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ထရန်စဖော်မာတိုးချဲ့တပ်ဆင်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက (၁၁/၄) ကေဗွီ ၂၀၀၊ ကေဗွီအေထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးပြီး ရပ်ကွက်နှစ်ရပ်ကွက်မှ ပြည်သူများဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ ဘန်းဖယ်ရပ်ကွက်နှင့် ဘုရားကြီးမြောက်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၈၁ စုနှင့် လူဦးရေ ၇၄၉ ဦးတို့ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### လျှပ်စစ်အန္တရာယ် လက်ကမ်းစာစောင်များဖြန့်ဝေ

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် သာရဝေါမြို့ ကုလားချောင်းကျေးရွာရှိ အလက(ခွဲ) ကုလားချောင်းကျေးရွာ စာသင်ကျောင်း၌ နိုဝင်ဘာ ၃၀ ရက်က သာရဝေါမြို့ လျှပ်စစ်မှူး ဦးမျိုးသိန်းဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်လျှပ်စစ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ တိုက်နယ်ဆရာဝန်ကြီး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

### ကျေးလက်လမ်းခင်းမှုများ ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် Aung Nandar ကုမ္ပဏီမှ ဆောင်ရွက်နေသည့် အုန္နဲဘုတ်(တ)ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းနေမှုနှင့် ပယ်သူကြီး-အုန္နဲဘုတ်(တ) ကျေးရွာချင်းဆက် မြေသားလမ်းခင်းကျင်းနေမှုများ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၇ ရက်က ကွင်းဆင်းကြီးကြပ်ခဲ့သည်။ အဆိုပါ အုန္နဲဘုတ်(တ)ကျေးရွာအဝင် ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေကျပ်သန်း ၇၈ ဒသမ ၈၈၀ ဖြင့်လည်းကောင်း၊ ပယ်သူကြီး-အုတ်နွဲဘုတ်(တ) ကျေးရွာချင်းဆက်မြေသားလမ်းကို ရန်ပုံငွေကျပ်သန်း ၆ ဒသမ ၉၄၀ ဖြင့် လည်းကောင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

### ဓမ္မပါလဖောင်ဒေးရှင်းနှစ်ပတ်လည် ကျင်းပမည်

ဓမ္မပါလဖောင်ဒေးရှင်းတစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပရန် အကြိုညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက်က ကြည့်မြင်တိုင်မြို့နယ် သာခုအနောက်ရပ်ကွက် နတ်စင်လမ်း သာခုကျောင်းတိုက်အတွင်းရှိ ဓမ္မပါလ ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မပါလဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိန်မြင့်ထွန်းက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဦးတို့က ဓမ္မပါလဖောင်ဒေးရှင်း ဖွဲ့စည်းရခြင်းရည်ရွယ်ချက်၊ ဖွဲ့စည်းမှု၊ တစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ဓမ္မပါလဖောင်ဒေးရှင်းနှစ်ပတ်လည် အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာခုကျောင်းတိုက် ဓမ္မပါလကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဘော်ဂါသွေး**

### ဇင်းကျိုက်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဆားဖိုရပ်ကွက် ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပရာ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဇင်းကျိုက်မြို့ ဆားဖိုရပ်ကွက်ကတ္တရာလမ်းမကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာ ၃၅ ပုံး တန်ဖိုးငွေကျပ် ၅၂၅၀၀၀၀ အပါအဝင် ရပ်ကွက်နေပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၆၇၉၃၅၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၁၂၀၄၃၅၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အကျယ် ပေ ၂၀၊ အရှည်ပေ ၁၀၄၀ ရှိ ကတ္တရာလမ်းဖြစ်ကြောင်း သိရသည်။

**နေခြည်(ဇင်းကျိုက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပြည်ကျော်ဈေး၊ ဘီလူးမညောင်ပင်၊ ခြသေ့်ကြီးနှစ်ကောင်နှင့် မိကျောင်းတံတားနိဂုံး

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

ကျန်းမာရေးအတွက် သန့်ရှင်းသောသောက်သုံးရေ ချိုးရေစီစဉ်မည်။ ထို့ပြင် ရေလောင်းအိမ်သာစနစ်ကို အကောင်အထည်ဖော်မည်။ ဖြည့်တင်းအာဟာရစနစ်နှင့် ကူညီမည်။ လူမှုရေးအတွက်မူ သာရေး၊ နာရေးသာမက မီးဖွားစရိတ်၊ ပညာသင်စရိတ်များ ထောက်ပံ့မည်။ ပညာရေးအစီအစဉ်အရ စာကြည့်တိုက်ပြန်လည်ဖွင့်လှစ်ရေး၊ ဒေသန္တရခရီးစဉ်များ လှည့်လည်ရေးတို့ ပါဝင်၏။ စိတ်ကူးထဲမှာတော့ အနာဂတ်တွင် ခေတ်မီ တိုးတက်သော အလုပ်ရုံကြီးအသွင်သဏ္ဌာန်က ငွားငွားစွင့်စွင့်။

သောက်ရေအတွက် သန့်ရှင်းသပ်ရပ်သော ရေအိုးစင်များစီစဉ်ခဲ့ပါ၏။ သို့သော် ထိုရေဖြင့်ပင် ထမင်းချိုင့်များ ဆေးကြ၊ ပန်းကန်ခွက်ယောက်များ ဆေးကြ။ သောက်ရေအိုးဖြည့်ကြမည့် အလှည့်ကျအဖွဲ့များကလည်း ဖိနပ်သားရေများကိုင်လက်စနှင့်ပင် လက်ကိုလုံချည်လေးနှင့်ပွတ်ပြီး သောက်ရေဖြည့်ကြ၊ တစ်ခါတစ်ရံ ကိုင်လက်စဖိနပ်ဆေးများပင် သောက်ရေအိုးနှုတ်ခမ်းမှာပေရေ၊ ရေလောင်း အိမ်သာတော့ဟုတ်ပါရဲ့၊ သန့်ရှင်းရေးကိုမူ ရေကိုအသုံးမချ၊ စက္ကူစုတ်တွေ၊ တုတ်တွေကအိမ်သာထဲမှာ၊ အိမ်သာ ပတ်ဝန်းကျင်မှာ ပြည့်လျှံ၊ အသုံးပြုပြီးတိုင်းလည်း ရေလောင်းသည့် အလေ့အကျင့်မရှိ၊ ဖြည့်တင်းအာဟာရအတွက် နွေရာသီတွင် ဘာလီဖျော်ရည်ကိုရေခဲနှင့် တိုက်ဖူးသည်။ သည်လူတွေအတွက် ဖျော်ရည်တွေ လုံလောက်စွာဖျော်ဖို့ အိုးမရှိ၊ ထိုအခါ လွယ်လင့်တကူရသည့် မီးသတ်ရေပုံးတွေနှင့်ဖျော်ရသည်။ ရေပုံးမှာကတချို့ သံချေးတွေနှင့်၊ ထို့ထက်ဆိုးသည်က နို့မှုန့်ဖျော်တိုက်သောအခါ ပုံးမသန့်စင်မှုကြောင့် ဝမ်းပျက်ကုန်ကြခြင်းဖြစ်သည်။

စာကြည့်တိုက်ပြန်လည်ဖွင့်လှစ်တော့ အလုပ်ချိန်ကကျပ်နေလို့စာမဖတ်အားကြ၊ ထို့ပြင် စာအုပ်သစ်ဝယ်ဖို့ကရန်ပုံငွေမပြည့်စုံ၊ ပိုဆိုးတာက ဝယ်နိုင်သည့်စာအုပ်သစ်တွေကို ကျွန်တော်အပါအဝင် စာကြည့်တိုက်တာဝန်ရှိသူတွေ လက်ဦးထုတ်ယူကြပြီး တော်တော်နှင့်စာကြည့်တိုက် ပြန်မရောက်၊ ဒေသန္တရခရီးစဉ်အတွက် ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ ရွှေစက်တော်သို့သွား၏။ ကားမထွက်ခင်ကတည်းက ပလတ်စတစ်ပုံးထဲ အရက်အပြည့်ထည့်ကာ ခါးမှာချိတ်ထားကြသည်။ လူတွေကလည်း ဒေါင်ချာစိုင်း၊ မိတ္ထီလာမရောက်ခင်ကပင် ကားပေါ်မှာ တုံးလုံးပက်လက်။

ထိုအခါ ကျွန်တော်တို့၏ အနိစ္စမံချက်ကြီးက နှစ်ချုပ်တွင်မူ ဆောင်ရွက်ပြီးကြောင်းများကြောင့် ရာနှုန်းပြည့်အောင်မြင်ပါ၏။ သို့သော်. . . တကယ်တော့ စီးပွားရေးတိုးတက်မှုနှင့် ကျွဲကူးရေပါအသိပညာဖွံ့ဖြိုးမှုမရှိခဲ့ဘဲ(သို့မဟုတ်) မလုပ်ဆောင်နိုင်ဘဲ ရုပ်ဝတ္ထုဟန်ပြများနှင့်တော့ ခေတ်မီတိုးတက်ရေးမဖြစ်နိုင်ခဲ့တာ ကျွန်တော့်အလုပ်ရုံလေးက သက်သေပြခဲ့ခြင်းဖြစ်ပါ၏။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ပုံရိပ်များသည် အာရုံတွင်ထင်ရှားနေဆဲ၊ အမှတ်ရနေဆဲ။

ကျွန်တော်သည် ယခုအခါ မိကျောင်းတံတားလမ်းပေါ်ရောက်၍ အရင်ကမီးမှိတ်တုတ်မှိတ်တုတ် အရက်ပုန်းဆိုင်လေးများအစား လိုင်စင်ရအရက်ဆိုင်များကိုတွေ့မိတိုင်း ကျွန်တော့်ရဲဘော်များကို ယောင်ယမ်းရှာဖွေနေမိပါ၏။ သို့သော် သက်တမ်းတိုအတွင်း ကွယ်လွန်ကုန်ကြလို့ သူတို့ကိုတွေ့တော့မှာတော့ မဟုတ်။

မိကျောင်းတံတားလမ်းမှ ဓာတ်နန်းဘက်ချိုးသော လမ်းကြားလေးထဲမှာ နာမည်ကျော်ကျွဲရိုင်းဖိနပ်ရှိပါ၏။

ထို့နောက် မိကျောင်းတံတားလမ်း၏ ညာဘက်တွင် ပြည်ကျော်ဈေးရှိပါသည်။ ပြည်ကျော်ဈေးဟူသည် နာမည်အသစ်ဖြစ်ပြီး ယခင်က ထိုဈေးကိုဦးတာရဲဈေး ဟု ခေါ်ခဲ့ကြပါသည်။

တကယ်တော့ ဦးတာရဲဈေးသည် မူလမန္တလေး တည်စဉ်က ပန္နက်ပုံတွင်မပါရှိခဲ့။ ၁၈၈၆ ခုနှစ်မတိုင်မီက မန္တလေးမြို့တော် ပုရပိုက်မြေပုံတွင် (၁)ဈေးချို၊ (၂) ယိုးဒယားဈေး၊ (၃) မလွန်ဈေး၊ (၄) ညွန့်ပေါင်းဈေး၊(၅) ရဟိုင်းဈေး၊ (၆) ညောင်ပင်ဈေး စသည့်နေရာများကို ဖော်ပြထားသည်။ သာယာဝတီဗျိုင်းကလေးခေါ် မောင်မောင်ဘ၏ "မင်းတုန်းမင်းတရားကြီး၏ ဥပနိသယ" လက်ရေးမူမှာလည်း ရှေးခေတ်ဈေးအမည်များကို မှတ်သားလေ့လာရကြောင်း မှတ်သားရသည်။ ရှေးပုရပိုက်မှတ်တမ်းများတွင်"ဈေးကြို" ဟုရေးကြသည်။ အင်းဝမှာကတည်းက "ဈေးကြို"ရှိခဲ့ပါသည်။ အင်းဝမှ ၁၇၈၃ ခုနှစ်တွင် အမရပူရသို့ ပြောင်းရွှေ့သောအခါ အင်းဝမှ "ဈေးကြို" အရပ်သည်လည်းပါရှိလာပါသည်။ အမရပူရ "ဈေးကြို"သည်လည်း မန္တလေးနေပြည်တော် တည်ဆောက်သောအခါ ထပ်မံပါလာပြန်သည်။ရှေးခေတ်က မန္တလေးဈေးချိုသည် ယခု ငါးပိတန်းလက်ကြားနေရာဟု ဆိုကြသည်။

ဈေးချိုကြီးတွင် အလယ်ဗဟို၌ ဈေးရုံ၊ ဥယျာဉ်တို့ဖြင့် သာယာစွာတည်ခဲ့သည်။ သင်္ကန်းတန်း၊ ပဲပုတ်တန်းနှင့် ဈေးချိုကူးသော တံတားသည် သံတံတားဖြစ်၍ ယင်း သံတံတားပေါ်တွင် ငါးသည်၊ ဝက်သားသည်များ ရောင်းကြသည်။ ၁၂၄၇ ခုနှစ် အရှင်နှစ်ပါး ပါတော်မူပြီး နောက်တွင် ဈေးချိုကို ကုလားဝန်မင်း"မူလာအီစမန်" က အခွန်ကောက်ခံရသောကြောင့် ကုလားဝန်မင်းဈေး၊ မူလာအီစမန်ဈေးဟုလည်း ခေါ်ကြသည်ဟုဆို၏။ ကောဇာသက္ကရာဇ် ၁၂၆၃ ခု၊ တန်ခူးလဆန်း ၅ ရက် (၁၂-၄-၁၉၀၂) ခုနှစ်က သစ်သားဖြင့် ဆောက်လုပ်သော ဈေးချိုတော်ကြီးမီးသင့်သည်။ ထို့နောက် ကျွန်တော်တို့ နှစ်ပေါင်းများစွာ မြင်တွေ့ကျင်လည်ခဲ့ရသော ရုံပေါင်း ၁၂ ရုံရှိ အုတ်တိုက်ဈေးချိုကြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ရှေးခေတ်က ဈေးချိုနှင့်အတူ မန္တလေးတွင် ထင်ရှားသော ဈေးကြီးများမှာ မလွန်ဈေး၊ ရဟိုင်း(ယခု မန်းမြို့ဈေး)၊ ယိုးဒယားဈေး၊ ညွန့်ပေါင်းဈေး၊ ညောင်ပင်ဈေး၊ ဘုရားကြီးဈေး၊ မန်ကျည်းပင်ဈေး၊ သမီးတော်ဈေး၊ မင်းတဲဈေး၊ အီကင်းဈေး၊ တပယ်ဈေး၊ ရွှေလောင်းကြီးဈေး၊ ဆီရုံဈေး၊ မင်္ဂလာဈေး၊ စကုဈေး၊ ဂွမ်းရုံဈေး၊ သူရဲဈေး၊ မီးပါဈေး၊ နန်းရှေ့ဈေး၊ ဈေးကလေး၊ ဈေးကြီး၊ စည်ရှည်ဈေး၊ ရခိုင်စုဈေး၊ မြင်းတန်းဈေး၊ ကြေးသွန်း ဈေး၊ ဆင်ကျုံးဈေး၊ ကပိုင်ဈေး၊ လွန်တော်ဈေး၊ တံခွန်တိုင်ဈေးတို့ဖြစ်၏။

ယခုပြည်ကျော်ဈေး(ယခင်အခေါ် ဦးတာရဲဈေး) ကို သမီးတော်ဈေးနှင့် အတူတူဟု ထင်မှတ်ကြ၏။ တကယ်တော့ သမီးတော်ဈေးသည် ပြည်ကျော်ဈေးအနောက်နှစ်ပြကျော်၌ ရှိခဲ့ဖူးသည်။ ကျောက်ဆစ်တန်းနှင့် ထုံးကုန်းအရပ်ကြားတွင် ရှိသည်။ သမီးတော်ဈေးရပ်ဟု ယခုတိုင်တွင်လျက်ရှိသည်။ ထိုအရပ်ရှိ ရဲဌာနကိုလည်း သမီးတော်ဈေးဂိတ်ဟု ခေါ်ခဲ့ကြသည်။ ဦးတာရဲဈေး၏ အနောက်မြောက်ထောင့် ဈေးဝင်းထဲမှာ နံကပ်တိုက်တစ်လုံးရှိသည်။ ဦးတာရဲ၏တိုက်ဟုဆို၏။ ထို့ကြောင့်ထိုဈေးဝင်းကြီးကို ဦးတာရဲဈေးဟု ခေါ်ကြခြင်းမှာ ဦးတာရဲကို စွဲမှတ်ခေါ်ဝေါ်ခြင်းဖြစ်သည်။ နောက်တော့ ပြည်ကျော်ဈေးဟု အမည်ပြောင်းသွားသည်။

ယခင်ကတော့ ပြည်ကျော်ဈေးသည် ညနေဈေးဖြစ်၏။ ဈေးချိုတော်၊ ကိုင်းတန်းဈေး၊ ထီးတိုင်ဈေးတို့နှင့် မလှမ်းမကမ်းမှာ ရှိသောကြောင့် ထိုဈေးများမှာ နံနက်ခင်းထွက်သော ဈေးသည်များက ပြည်ကျော်ဈေးတွင် ညနေဈေးရောင်းချကြသည်။ ထို့ပြင် အနောက်ဘက်၌ မြစ်ဆိပ်နှင့်လည်း မဝေးလှတာမို့ ညနေပိုင်းတွင် မြစ်ငါးများကို လတ်လတ်ဆတ်ဆတ်ရနိုင်ပါသည်။ ပြည်ကျော်ဈေးတွင် ညနေပိုင်း၌ ကောက်ညှင်းပေါင်း အကြော်ခေါ်ပဲပေါင်း အကြော်များလည်း ရနိုင်သည်။ ထို့ပြင်မုန့်တီ၊ မုန့်ဟင်းခါး၊ ကြာဆံဟင်းကောင်းကောင်းလည်းရှိသည်။ ကြီးတော်ခွေးထမင်းဆိုင်ကလည်းယနေ့ထက်ထိ နာမည်ကြီးပါ၏။

ပြည်ကျော်ဈေး၏ အရှေ့ဘက်ပေါက်အနီးတွင် ယခင် နတ်စင်တစ်စင်ရှိနေပြီး ဆိုင်းနှင့်ဝိုင်းနှင့် နတ်ကနားပွဲ တခြိမ့်ခြိမ့်ပေးနေတတ်သည်။ ပြည်ကျော်ဈေးပေါက်က နတ်ကနားပွဲကိုမြင်တော့ သတင်းစာဟောင်းများ ထဲက ဖတ်ခဲ့ဖူးသောသတင်းတစ်ပုဒ်ကို အမှတ်ရနေမိ၏။ လွန်ခဲ့သော အနှစ် ၄၀ ခန့်က သတင်းတစ်ပုဒ်ဖြစ်ပါသည်။ ရွှေဘိုမြို့ဈေးကြီးတွင် အရောင်းအဝယ်ပါးသောကြောင့် ဈေးသည်များ စုပေါင်း၍ နတ်ကနားပေးကြရာ နတ်ကနားပွဲကို ဈေးသည်ရောဈေးဝယ်ပါမေ့နေကြသောကြောင့် ပို၍ အရောင်းအဝယ်ပါးလျက်ရှိနေပြန်ခြင်းဆိုသော သတင်းဖြစ်ပါသည်။

အခုတော့ ပြည်ကျော်ဈေးမှာ နတ်ကနားပေးတာ မတွေ့ရ။ ဈေးပတ်ပတ်လည်တွင် ဆိုင်ခန်းများ ဆောက်လုပ်လိုက်သောကြောင့် နတ်စင်ပါပျောက်သွားတာလည်းဖြစ်နိုင်ပါသည်။ ဈေးဆိုင်ခန်းများ ဆောက်လိုက်သောကြောင့် ပြည်ကျော်ဈေးအရှေ့မြောက်ထောင့်က ဝမ်းဆွဲဆရာမကြီး၏ အိမ်နေရာလေးလည်းမရှိတော့။ ကျွန်တော်ငယ်ငယ်က အမေ့ဈေးခြင်းတောင်းဆွဲပြီး ဦးတာရဲဈေးသို့လိုက်သွားတိုင်း ခြေတံရှည်သစ်သားအိမ် ကလေး၏ကပြင်မှ ရပ်ကြည့်နေသော အသက် ၆၀ အရွယ် ဖြူဖြူပါးပါး ဆရာမကြီးသည် ကျွန်တော့်ကို ချိုချဉ်လုံးလေးတွေ ပေးတတ်သည်။ ကျွန်တော်ကား ဆရာမကြီးမွေးဖွားပေးခဲ့သော ကလေးများစွာအနက် တစ်ယောက်အပါအဝင်ဖြစ်ပါသည်။

၂-၅-၉၉ နေ့က ပြည်ကျော်ဈေးသို့ရောက်သွားပြီး ငယ်စဉ်ကအနေအထားနှင့် မတူညီမှုများကိုလိုက်လံကြည့်ရှုနေမိပါသည်။ အတူပါလာသော ဓာတ်ပုံဆရာ ညီငယ်ကျော်သူဝင်းက ဓာတ်ပုံတွေရိုက်နေတော့ ဈေးထဲမှ ဈေးသည်တစ်ဦးက ကျွန်တော်တို့ကို လှမ်းအော်ပြော၏။

"အဲဒီ အမှိုက်ပုံကြီး ဓာတ်ပုံရိုက်သွားစမ်းပါတော်။ သင်္ကြန်မတိုင်ခင်ကတည်းက အမှိုက်ပုံကြီးပါ။ ဒီလောက်ကြီးတဲ့အမှိုက်ပုံကြီး စာအုပ်ထဲထည့်လိုက်စမ်းပါ" ဟူ၍. . .။

ကျွန်တော်ကားပြုံး၍သာ ပြလိုက်ရသည်။ အလားတူပါပဲ။ ပြည်ကျော်ဈေးရှေ့က မိကျောင်းတံတားလမ်းမှာ ယာဉ်အသွားအလာရှုပ်နေပုံကို ဓာတ်ပုံရိုက်နေတာ မြင်တော့ အနားကလူတစ်ဦးက "လမ်းပျက်နေတာ ရေးလိုက်စမ်းပါဗျာ၊ မြင်တဲ့အတိုင်း အသွားအလာက များများ၊ လမ်းကကျဉ်းချိုင့်ပေါသနဲ့"ဟု လာပြောပြန်၏။



***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# သရက်မြို့ဆုတောင်းပြည့်ဘုရားကြီး ရွှေထီးတော်သစ်တင်လှူ



**သရက် ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်မြို့ ဈေးရပ်ကွက်၌ တည်ထားသည့် သမိုင်းဝင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ရွှေသက်န်းကပ်လှူပွဲနှင့် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၅နာရီခွဲက ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များကပင့်ဆောင်၍ လက်ယာရစ် သုံးပတ် ပတ်ပူဇော်ပြီး ထီးတော်တင်လှူပူဇော်ခဲ့သည်။

ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ထီးတော်မှာ မေ ၇ရက်က မိုးရွာသွန်း၊ လေပြင်းတိုက်ခတ်ခဲ့သဖြင့် ထီးမဏ္ဍိုင်ကျိုးခဲ့ခြင်းကြောင့်ထီးတော်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ သစ်တောအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေများအကြောင်း စာတမ်းဖတ်ပွဲကို မော်လမြိုင်မြို့ရှိ ရွှေမြင့်မိုရ်ထွန်းဟိုတယ် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် မွန်ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးဝင်းမော်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သစ်တောအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းလှိုင်က သစ်တောနှင့် သစ်ပင်များအကြောင်း၊ မော်လမြိုင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုက သံလွင်မြစ်ဝ ဂေဟစနစ်၏ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးပညာရှင် ဦးသန်းထွန်းက လူနှင့်သဘာဝပတ်ဝန်းကျင်အကြောင်း၊ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခဒေါက်တာစံသာထွန်းက မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းခြေဒေသထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးလိုအပ်ချက်များအကြောင်း၊ သစ်တောတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ ဦးအုန်းဝင်းက ရာသီဥတုပြောင်းလဲမှုနှင့် ဒီရေတောများထိန်းသိမ်းခြင်းစာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့ကြသည်။ ထို့နောက် စာတမ်းဖတ်ပွဲတက်ရောက်သူများက သိရှိလိုသောအချက်များကို မေးမြန်းဆွေးနွေးကြပြီး ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အကြံပြုချက်များကို မှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ သစ်တောအသင်းဥက္ကဋ္ဌက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေများ၊ အဏ္ဏဝါဂေဟစနစ်ကို ပျက်စီးစေသော ငါးမိုင်းခွဲဖမ်းဆီးခြင်းနှင့် သန္တာကျောက်တန်းများ ပျက်စီးစေသည့် ငါးဖမ်းနည်းများကို ထိန်းသိမ်းကာကွယ်ရေး၊ မြန်မာ့ပင်လယ်ပြင်တွင် ဂေဟစနစ်ကို အခြေပြုသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်ချက်များစသည့် အကြောင်းအရာများကို ဆက်လက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မုဒုံ)**

## အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်း ကွင်းသရုပ်ပြ

**သံဖြူဇရပ် ဒီဇင်ဘာ ၁**

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)နှင့် သံဖြူဇရပ်မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့က ကြီးမှူး၍ ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲကို သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာရှိBRGT အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ရေးစက်ရုံဝင်းအတွင်း၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။

ကွင်းသရုပ်ပြပွဲသို့ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ကိုကို၊ မြို့နယ်စက်မှုသီးနှံဌာနမှူး ဒေါ်မို့မို့ခင်နှင့်ဝန်ထမ်းများ၊ BRGT ရော်ဘာစက်ရုံမှ မန်နေဂျာဦးအောင်ကြည်နှင့် စက်ရုံမှူးဦးရဲမြင့်အောင်၊ ကျုံကဒတ်ကျေးရွာမှ ရော်ဘာစိုက်တောင်သူများနှင့် ရော်ဘာထုတ်လုပ်ရေးလုပ်သားများတက်ရောက်သည်။

ကွင်းသရုပ်ပြပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က ယခုအချိန်တွင် ရော်ဘာဈေးနှုန်းကျဆင်းနေခြင်းကြောင့် ခြံပိုင်ရှင်များမှာ အခက်အခဲနှင့်ကြုံတွေ့နေရသလို ဆက်စပ်နေသည့် ခြံလုပ်သားများပါဝင်ငွေလျော့ကျလျက်ရှိကြောင်း၊ အဆိုပါအခြေအနေမျိုးတွင် တောင်သူများသည် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည့် အရည်အသွေးမြင့် ရော်ဘာပြားများကို ထုတ်လုပ်နိုင်မှသာလျှင် ဈေးကွက်ခိုင်မာမှုရှိမည်ဖြစ်ခြင်းကြောင့် အရည်အသွေးမြင့်ရော်ဘာထုတ်လုပ်ခြင်းကို လက်တွေ့ကွင်းသရုပ်ပြခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် BRGT စက်ရုံအတွင်း ဆောင်ရွက်နေသည့် အရည်အသွေးမြင့် ရော်ဘာပြားများ ထုတ်လုပ်နေမှုနှင့် ရော်ဘာမှိုင်းခံစနစ်များ၊ ရော်ဘာပြားအရည်အသွေး စိစစ်ခွဲခြားခြင်းနှင့် ထုပ်ပိုးမှုနည်းစနစ်များကို ရော်ဘာစိုက်တောင်သူနှင့် လုပ်သားများအား ကြည့်ရှုလေ့လာစေပြီး စက်ရုံမန်နေဂျာနှင့် စက်ရုံ တာဝန်ရှိသူများက တောင်သူများသိလိုသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး သံဖြူဇရပ်မြို့နယ်သည် စိုက်ဧကခြောက်သောင်းကျော်နှင့် အစေးလှီးဧကငါးသောင်းကျော်ရှိရာ ရော်ဘာစိုက်ပျိုးမှုအများဆုံး မြို့နယ်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်း အသိပေးရှင်းလင်း

**မအူပင် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ပိုလီယိုထိုးဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ပြန့်စွာသိရှိနိုင်ရန်အတွက် အသိပေးရှင်းလင်းဆွေးနွေးပွဲကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်နှင့် မြို့နယ်ကျန်းမာရေးမှူး ဦးမြင့်အောင်တို့က ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုထိုးဆေး (IPV) ထည့်သွင်းထိုးနှံခြင်း လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ပိုလီယိုအကြောသေရောဂါသည် ပိုလီယိုဗိုင်းရပ်ကြောင့်ဖြစ်ပွားပြီး ကူးစက်ပျံ့နှံ့လွယ်ကူကာ ဗိုင်းရပ်အမျိုးအစား သုံးမျိုးပါဝင်ကြောင်း၊ ပိုလီယိုရောဂါကာကွယ်ဆေး ထိုးဆေးသည် ဗိုင်းရပ်သုံးမျိုးစလုံးကို ကာကွယ်မှုပေးနိုင်ကြောင်း သိရသည်။ ပိုလီယိုကာကွယ်ဆေး ထိုးနှံပေးရာတွင် ကလေးငယ်များ အသက်လေးလအရွယ်တွင် အစက်ချကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးများနှင့် အတူတွဲ၍ တစ်ကြိမ်တည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ထိုင်းနိုင်ငံသူမေ့ကျန်ခဲ့သော ကင်မရာအား ပိုင်ရှင်ထံပြန်လည်ပေးအပ်

**ကျောက်တံခါး ဒီဇင်ဘာ ၁**

ကျိုက်ထီးရိုးဘုရားရင်ပြင်တော် ဘုရားဝတ်ပြုမှန်လုံခန်းမအတွင်း၌ Canon အမျိုးအစားကင်မရာအနက်ရောင်တစ်လုံးကို ဘုရားရင်ပြင်တော်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကိုအောင်အောင်က နိုဝင်ဘာ ၂၆ရက်ည ၁၁ နာရီခွဲခန့်တွင် တွေ့ရှိ၍ ရင်ပြင်တော်လုံခြုံရေးတာဝန်ကျရဲတပ်ကြပ်တင်ရွှေ၊ ရဲတပ်ကြပ်ပြည့်စုံစိုး၊ ဟိုတယ်နှင့်ခရီးရုံးအုပ်ဦးကျော်ညွန့်တို့ထံသို့ သွားရောက်ပေးအပ်ခဲ့သည်။

အဆိုပါမေ့ကျန်ခဲ့သော ကင်မရာနှင့် ပတ်သက်၍စုံစမ်းမှုများပြုလုပ်ရာ ကင်မရာတွင် ကျိုက်ထီးရိုးဟိုတယ်နှင့်တွဲလျက်ဓာတ်ပုံများတွေ့ရှိ၍ ဟိုတယ်လက်ထောက်မန်နေဂျာ ဦးပြည့်ဖြိုးအောင်အားမေးမြန်းခဲ့ရာ အခန်းနံပါတ် ၂၁၃၄တွင် နေထိုင်သည့် ထိုင်းနိုင်ငံသူ Miss Jara Sruk ၏ကင်မရာဖြစ်ကြောင်း၊ အဆိုပါနိုင်ငံသူသည် Picture Sque Myamar Co.,Ltd. ၏အစီအစဉ်ဖြင့်ဧည့်လမ်းညွှန်ဦးစိုးဇင်ထောင်းနှင့် အတူလာရောက်ပြီး နိုဝင်ဘာ ၂၇ ရက်နံနက် ၈ နာရီက ဟိုတယ်မှ ပြန်သွားကြောင်းသိရပြီး ၎င်းဧည့်လမ်းညွှန်အားဖုန်းဖြင့်ဆက်သွယ်ရာတွင် ထိုင်းနိုင်ငံသူကင်မရာမေ့ကျန်သည်မှာ မှန်ကန်ကြောင်း သိရှိရ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုရှိရဲအရာခံပြည့်ဖြိုးဝေဇော်ထံ အကြောင်းကြားပေးပို့ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းရှိရေပေါ်ဟိုတယ်၌ ထိုင်းနိုင်ငံသူထံသို့ တာဝန်ရှိသူတို့က မေ့ကျန်ကင်မရာကို ပြန်လည်အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ဘိုကလေး ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာနနှင့် ရပ်ကျေး သမဝါယမအသင်းစုများ ဘိုကလေးမြို့နယ် သမဝါယမအသင်း အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှဝင်းတို့က နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကူညီပံ့ပိုးထားသော ချေးငွေများကို သမဝါယမအသင်းများအနေဖြင့် အကျိုးရှိစွာအသုံးချပြီး စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဆောင်ရွက်ရန်နှင့် အထွေထွေကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ရပ်ကွက်နှင့် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းစုများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဒါရိုက်တာများက အသင်းစုအလိုက် ဆောင်ရွက်မှု အခြေအနေများနှင့် လက်တွေ့လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအားတင်ပြဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေး ဖြေရှင်းခဲ့ကြသည်။

ဘိုကလေးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ဘိုကလေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းစု ၂၄၄ သင်းအား အတိုးနှုန်း ၁ ဒသမ ၁၅ ကျပ်နှုန်းဖြင့် ကျပ်ငွေသိန်းပေါင်း ၁၈၀၈၅ ဒသမ ၀၅ သိန်းကို ထုတ်ချေးပေးထားပြီး သမဝါယမလုပ်ငန်းများ အောင်မြင်စေရန် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။




**အောင်မင်း(ဘိုကလေး)**

# မြိုင်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်



**မြိုင် ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန်အတွက် ဆိုင်ကယ်ပြုပြင်နည်းသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးသန့်က ဆိုင်ကယ်စီးသူ များပြားလာချိန်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ဘာသာရပ်ခြောက်မျိုးကို ၁၀ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ပို့ချမည့်ဘာသာရပ်များမှာ မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများနှင့် ဆိုင်ကယ်ကိုယ်ထည်ကာဗာများ ဖြုတ်/တပ်ခြင်း၊ ကလပ်အုံနှင့် သံလိုက်အုံ ဖြုတ်/တပ်ခြင်း၊ အင်ဂျင်ဟတ်များ ဖြုတ်/တပ်ခြင်း၊ ဂီယာဘောက်ဖွဲ့စည်းပုံနှင့် အင်ဂျင်နှိုးရန် မီးပေးစနစ်လုပ်ဆောင်ခြင်း၊ မော်တော်ဆိုင်ကယ် မီးပေးစနစ်ဆိုင်ရာ ချိတ်ဆက်အလုပ်လုပ်ပုံများနှင့် မီးသွယ်တန်းခြင်း စသည်တို့ဖြစ်ပြီး သင်တန်းသို့ မြိုင်မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# အင်းတော်အင်းအနီး မြေပြို၊ မြေကွဲခြင်းဖြစ်ပေါ်သောနေရာသည် ငလျင်ကြောနှင့် မဆိုင်ဟု အတည်ပြု

**အင်းတော် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အင်းတော်-ဗန်းမောက်ကားလမ်းပေါ်တွင် ဇူလိုင်လလယ်ပိုင်းမှစ၍ မြေပြို၊ မြေကွဲမှုများ ဖြစ်ပေါ်နေသောနေရာသည် ငလျင်ကြောင့် ဖြစ်ခြင်းမဟုတ်သလို ပြတ်ရွေ့လည်း မဟုတ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီအဖွဲ့က နိုဝင်ဘာ ၃၀ ရက်တွင် ကွင်းဆင်းလေ့လာကြည့်ရှုပြီး အတည်ပြုပြောကြားခဲ့သည်။

အင်းတော်-ဗန်းမောက် ကားလမ်းမကြီး၏ အင်းတော်မြို့နယ် နန်းခင့်ကျေးရွာအုပ်စုအတွင်း အင်းရွာနှင့် သက္ကယ်ကျင်းရွာကြား လမ်းပိုင်းတွင် တောင်မြေကြောများ ပြတ်ကာ မိုင်တိုင် အမှတ်(၂၀/၃)အနီးရှိ ကျားခေါင်းတောင်သည် ယခုနှစ် ဇူလိုင် ၁၉ ရက်မှစ၍ မြေပြိုခဲ့ပြီး မြေကွဲခြင်းများမှာ ယခုအချိန်အထိ နေ့စဉ် ဖြစ်ပေါ်နေလျက်ရှိကြောင်း သိရသည်။ အဆိုပါ နေရာကို မြန်မာနိုင်ငံ မြေငလျင်ကော်မတီအဖွဲ့က နိုဝင်ဘာ ၃၀ ရက်တွင် ကွင်းဆင်း လေ့လာခဲ့ပြီး မြေငလျင်ကြောနှင့် ပတ်သက်မှုမရှိသလို ပြတ်ရွေ့ကြောလည်း မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။



"ဒါက မြေငလျင်ကြောနဲ့ပတ်သက်မှုမရှိပါဘူး။ နောက်ပြီး ပြတ်ရွေ့ကြောလည်း မဟုတ်ဘူး။ အခုဖြစ်ပေါ်နေတဲ့နေရာက ဒီနှစ်မှာ မိုးများခဲ့တယ်။ မိုးရေတွေက မြေအပေါ်ကနေ မြေအောက်ထဲကို စိမ့်ဝင်သွားတဲ့အခါ မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့တာပါ။ ဖြစ်ပေါ်ခဲ့တော့ မြေအလေးချိန်က မြေအောက်ကို ကျွံသွားပြီး ဟိုဘက်ကတော့ ရေလှိုင်းထသလို ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်လာတော့ ဒီဘက်ကမြေကို ကန်ထုတ်ပြီး မြင့်လာတော့ ကားလမ်းဟာ အရှေ့ကနေ အနောက်ဘက်ကို ရွေ့လျားလာတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံမြေငလျင်ကော်မတီဝင် ဘူမိဗေဒပညာရှင် ဒေါက်တာဦးစိုးမင်း(လက်ထောက်ကထိက-တောင်ငူ တက္ကသိုလ်)က ပြောကြားသည်။

ဆက်လက် ဖြစ်ပေါ်နေသော မြေပြို၊ မြေကွဲနေမှုများကြောင့် ကားလမ်းမကြီးသည် အင်းတော်အင်းဘက်သို့ ရွေ့လျားပြီး ကားလမ်းကတ္တရာလမ်းမှာ ပြတ်တောက်ကာ အပေါ်သို့နေ့စဉ်မြင့်တက်လာလျက်ရှိနေသော်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်းသိရသည်။ "အခု မြင့်တက်နေတဲ့နေရာဟာ အလေးချိန် ဝိတ်မကုန်မချင်း ဆက်လက်ဖြစ်ပေါ်နေဦးမှာဖြစ်ပါတယ်။ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး"ဟု ဒေါက်တာဦးစိုးမင်းက ဆက်ပြောသည်။



အဆိုပါ မြန်မာနိုင်ငံ မြေငလျင်ကော်မတီအဖွဲ့များနှင့်အတူ အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ မြို့မိမြို့ဖ ဦးကံအောင်၊ မြို့နယ်ဒုတိယပညာရေးမှူးဦးသိန်းဆွေဝင်းနှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နန်းခင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အင်းတော်မြို့ရဲစခန်းမှတပ်ဖွဲ့ဝင်များလည်းလိုက်ပါကြည့်ရှုခဲ့ကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**

# ပြည်နယ်အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးဝါးကုသပေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် ဝေးလံဒေသများတွင်ရှိသည့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် အခမဲ့ကွင်းဆင်းဆေးကုသမှုများ လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင် တိုက်နယ်ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၂၈ ရက်က အခမဲ့ကွင်းဆင်း ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

အထူးကု ဆရာဝန်ကြီးများအဖွဲ့တွင် အထွေထွေအထူးကု၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အရိုးအကြော အဆစ်အထူးကု၊ နားနှာခေါင်းလည်ချောင်း အထူးကု၊ မျက်စိအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ အရေပြား အထူးကု၊ သားဖွားမီးယပ်အထူးကု၊ စိတ်ကျန်းမာရေးအထူးကု၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးအထူးကု စသည့် အထူးကုအဖွဲ့ ၁၁ ဖွဲ့နှင့် မြန်မာ့တိုင်းရင်းဆေးအဖွဲ့များပါဝင်ကြောင်း သိရသည်။

အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ခလယ်တံခွန်တိုင် တိုက်နယ်အတွင်းရှိ ဘုရားငါးဆူ၊ မြို့ဟောင်း၊ ခလယ်၊ တံခွန်တိုင်၊ နောင်ဒီး၊ ကမော့ဝမ်း၊ ဒိုင်လွတ်၊ ကျုံခဝန်၊ ဖားပြုနန်းခွီး စသည့်ကျေးရွာများမှ ပြည်သူ ၁၃၉၄ ဦးအား အခမဲ့ဆေးကုသပေးနိုင်ခဲ့ကာ မျက်စိဝေဒနာရှင်များအား မျက်မှန် ၂၀၀ ကိုလည်း အခမဲ့တပ်ဆင်ပေးခဲ့သည်။



အထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့၏ အခမဲ့ကွင်းဆင်းဆေးကုသပေးမှုကို ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းတို့က လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လာရောက်ဆေးကုသမှုခံယူသော အသက် (၈၀) နှစ်နှင့်အထက် အဘိုးအဘွား ၈၇ ဦးအား အာဟာရဖြည့်စွက် အစားအစာများ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မိစန်းခင်နှင့်အဖွဲ့ကလည်း ဆေးကုသမှုလာရောက်ခံယူသော ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးကာ အိုင်အိုဒင်းဆား၊ ကြက်ဥ၊ ကလေးအနှီးပိတ်စ စသည့် ဖြည့်စွက်အာဟာရ အစားအစာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တိုက်တာအဆောက်အအုံများ ဆောက်လုပ်မှုများလာခြင်းကြောင့် နေ့စားပန်းရန်လုပ်သားများ လုပ်အားခဈေးကောင်းရရှိနေ

**သာစည် ဒီဇင်ဘာ ၁**

သာစည်မြို့နယ်အတွင်း ကျေးရွာများတွင် လူနေအဆောက်အအုံများ ဆောက်လုပ်ရာ၌ အုတ်တိုက်အဆောက်အအုံများသာ အဓိကထား ဆောက်လုပ်လာမှုကြောင့် ပန်းရန်အလုပ်သမားများ အလုပ်အကိုင်ရရှိမှုများလာပြီး နေ့စားလုပ်အားခလည်း ဈေးကောင်းရရှိနေကြောင်း သိရသည်။

သာစည်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များသာမကဘဲ ကျေးရွာများအထိ အဆောက်အအုံဆောက်လုပ်မှု များပြားလာပြီး အဆောက်အအုံသစ်များ ဆောက်လုပ်ရာတွင်လည်း တိုက်တာများသာ ဆောက်လုပ်လာကြသည့်အတွက် ပန်းရန်အလုပ်သမားများအနေဖြင့် နေ့စဉ် အလုပ်မပြတ်ဘဲ ရှိနေကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှာလည်း ပန်းရန်နေ့စားအလုပ်သမားများကို လုပ်အားခဈေးကောင်းပေး၍ ငှားရမ်းလာမှုကြောင့် ပန်းရန်လုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိကြောင်း သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာမှ ပန်းရန်လုပ်သားတစ်ဦးက ပြောသည်။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ပန်းရန်သံလျက်ကိုင်များက ဆောက်လုပ်မည့်အဆောက်အအုံအပေါ် မူတည်ပြီး လုပ်အားခကိုတွက်ချက်၍ ပုတ်ပြတ်လုပ်ကိုင်ကြကာ ပန်းရန်ကျွမ်းကျင် အလုပ်သမားများ၊ ပန်းရန်နောက်လိုက်အလုပ်သမားများကို လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ ဈေးကောင်းပေးပြီး ငှားရမ်းလုပ်ကိုင်ကြကြောင်း၊ သာစည်မြို့နယ်၌ ပန်းရန်အလုပ်သမားနေ့စားခများမှာ အုတ်စီ၊ အချောကိုင် ကျွမ်းကျင်အလုပ်သမားတစ်ဦးလျှင် ကျပ် ၇၀၀၀ နှုန်း၊ ပန်းရန်နောက်လိုက်အလုပ်သမား ကျွမ်းကျင်တစ်ဦးလျှင် ကျပ် ၅၀၀၀နှုန်း၊ ပန်းရန်နောက်လိုက် အလုပ်သင်တစ်ဦးလျှင် ကျပ် ၄၀၀၀ နှုန်းအထိရှိကြောင်း၊ အလုပ်ချိန်အနေဖြင့် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ လုပ်ကိုင်ရကြောင်း သိရသည်။ ပန်းရန်နေ့စားလုပ်သားများ၏ လုပ်အားခများ ဈေးကောင်းရနေသဖြင့် လုပ်သားများမှာလည်း ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

# ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ မြင်းမူမြို့၌ ကျင်းပ

**မြင်းမူ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Township Sport Development Program-TSDP) အရ ၂၀၁၅ခုနှစ် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို မြင်းမူမြို့ ပြည်သူ့အားကစားကွင်း၌ နိုဝင်ဘာ ၂၉ ရက်မှ စတင်ကျင်းပကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲတွင် အဖွင့်ပွဲစဉ်အဖြစ် မြင်းမူ(၁)အသင်းနှင့် မြင်းမူ(၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြင်းမူ(၁) အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြင်းမူမြို့ပေါ်ရှိ ရပ်ကွက် လေးခုမှ ပါဝင်ကြသည့် ကလပ်အသင်း လေးသင်းကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားစေပြီး အမှတ်အများဆုံးရရှိသည့် ကလပ်အသင်း နှစ်သင်းက နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဒီဇင်ဘာ ၆ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**



# ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရဦးမယ့် စပိန်ဘုရင့်ဖလား စတုတ္ထအဆင့် ပထမအကျော့ပွဲစဉ်

*စပိန်ဘုရင့်ဖလား စတုတ္ထအဆင့် ပထမအကျော့ပွဲစဉ်တွေကို ဒီဇင်ဘာ ၃ ရက်နဲ့ ၄ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ရီးရဲမက်ဒရစ်ကအဝေးကွင်းမှာ ကာဒစ်ဇ်နဲ့တွေ့ဆုံရမှာဖြစ်သလို ဗီလာရီးရဲတို့ကလည်း အဝေးကွင်းမှာ ဟူစကာအသင်းနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ လီဗန်တေးတို့ကတော့ အိမ်ကွင်းမှာ အက်စ်ပန်းညိုနဲ့ကစားရမှာဖြစ်လို့ ရလဒ်ကောင်းဆိုတာ ဘယ်အသင်းတွေအတွက်ဖြစ်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။*

**မိုးမြင့်လင်းလက်**

### ကာဒစ်ဇ်နှင့် ရီးရဲမက်ဒရစ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလဒ်ကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့ သုံးပွဲစလုံးအနိုင်ရထားပါတယ်။ အခုတစ်လော ရီးရဲမက်ဒရစ်ရဲ့ခြေစွမ်းက ကျရိပ်ထိုးနေပြီး ဘာစီလိုနာကို လေးဂိုးပြတ်ရှုံးကာ ရှက်တာဒိုးနက်ကို အကြိတ်အနယ်ကစားပြီးမှ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ကာဒစ်ဇ်တို့ကလည်း ရလဒ်တွေ ဆိုးရွားနေတာမို့ အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် ရီးရဲမက်ဒရစ်တို့ပဲ နိုင်ပွဲဖော်ဆောင်သွားပါလိမ့်မယ်။

### ဟူစကာနှင့် ဗီလာရီးရဲ

စပိန် ဆီဂန်ဒါမှာတော့ ဟူစကာတို့ရလဒ်တွေ ဆိုးရွားနေပြီး အခြေအနေမကောင်းပါဘူး။ ဗီလာရီးရဲတို့ကတော့ လာလီဂါမှာ ပွဲတိုင်းအမှတ်ရအောင် ကြိုးစားထားတာတွေ့ရပါတယ်။ ဗီလာရီးရဲတို့ကတော့ စပိန်ဘုရင့်ဖလားပွဲတွေမှာဆိုရင် အားထည့်ကစားတတ်တာမို့ ဒီပွဲမှာ ဗီလာရီးရဲတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### လက်စ်ပယ်မက်စ်နှင့် ဆိုစီဒက်

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ လက်စ်ပယ်မက်စ်တို့က နှစ်ဂိုးပြတ်နိုင်ပွဲရထားပါတယ်။ လက်စ်ပယ်မက်စ်တို့က အိမ်ကွင်းမှာဆိုရင် အားထည့်ကစားနိုင်ပြီး ပြိုင်ဘက်ကို အကျပ်အတည်းတွေ့အောင် ကစားနိုင်ပါတယ်။ ဆိုစီဒက်ရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိပေမယ့် ကြိုးစားအားထုတ်မှုကောင်းနေတာမို့ တစ်မှတ်လောက်မျှော်လင့်နိုင်ပေမယ့် လက်စ်ပယ်မက်စ်တို့ကိုပဲ နှစ်သက်မိပါတယ်။

### လီဗန်တေးနှင့် အက်စ်ပန်းညို

ဒီနှစ်သင်းက ခြေစွမ်းကွာဟမှုမရှိတာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ လီဗန်တေးရဲ့ လက်ရှိကစားအားကိုကြည့်ရင် ဒီပို့တီဗိုကို တစ်ဂိုးစီ သရေ၊ ဂီဂျွန်ကို သုံးဂိုးပြတ်နဲ့နိုင်ခဲ့တာမို့ ခြေစွမ်းက ပုံမှန်ဖြစ်နေပါတယ်။ အက်စ်ပန်းညိုကတော့ ဘလိုမင်းနဲ့ မာလာဂါတို့ကို ဆက်တိုက်နိုင်ပွဲရထားတာမို့ ဒီပွဲမှာ လီဗန်တေးကို ကျော်ဖြတ်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ အကြိုက်ကတော့ အိမ်ရှင်တို့ပါပဲ။

### ဘာရာကယ်ဒိုနှင့် ဗလင်စီယာ

ဗလင်စီယာတို့ကတော့ ဆီဂန်ဒါ(B)တန်းကအသင်းဖြစ်တဲ့ ဘာရာကယ်ဒိုတို့ကို သေသေချာချာ အားထည့်ကစားပါလိမ့်မယ်။ ဗလင်စီယာတို့အနေနဲ့ အခုပွဲမှာ အခွင့်အရေးတစ်ရပ်လို အပြည့်အဝအသုံးချပြီး နိုင်ပွဲကိုရအောင်ဖော်ထုတ်မှာပါ။ ဒါပေမယ့် အခုတလော ဗလင်စီယာရဲ့ခြေစွမ်းကလည်း အားရစရာမရှိတာမို့ ဒီပွဲဟာ သရေပွဲဖြစ်သွားနိုင်ပေမယ့် ဗလင်စီယာတို့အားသာမှုရှိတာအမှန်ပါပဲ။

### ရပ်စ်ဒီပေါ်တီယူနှင့် အက်သလက်တီကို

အက်သလက်တီကိုတို့ကတော့ လာလီဂါမှာ ခြေစွမ်းပြနေတဲ့အသင်းဖြစ်တာမို့ အဝေးကွင်းမှာဖြစ်ပေမယ့် ရပ်စ်ဒီပေါ်တီယူတို့အတွက် အပြင်းအထန်ခုခံကာကွယ်ရမယ့်ပွဲပါပဲ။ ဘက်တစ်၊ ဂါလာတာစာရေးတို့ကို နိုင်ပွဲတွေဆက်တိုက်ရယူထားတဲ့ အက်သလက်တီကိုတို့အနေနဲ့ ဒီပွဲကို နောက်တစ်ဆင့်တက်ရေး ခိုင်မာတဲ့ရလဒ်နဲ့ဖြတ်ကျော်ပါလိမ့်မယ်။

### လီနန်စီနှင့် ဘီလ်ဘာအို

ဘီလ်ဘာအိုဟာ အသင်းငယ် လီနန်စီကို စိတ်ကြိုက်ကစားကွက်နဲ့ဖိအားပေး ကစားပါလိမ့်မယ်။ လီနန်စီတို့ကတော့ အသင်းငယ်ဖြစ်တဲ့အပြင် ဘီလ်ဘာအိုရဲ့ ကစားအားကိုကြာရှည်တောင့်ခံဖို့ မလွယ်ပါဘူး။ လီနန်စီရဲ့ ကစားသမားတွေဟာ တစ်ဦးချင်းရော အသင်းလိုက်ပါ ဘီလ်ဘာအိုကိုယှဉ်ဖို့ မလွယ်တာမို့အခုပွဲအတွက် ဘီလ်ဘာအိုတို့ပဲ အောင်ပွဲခံသွားမှာပါ။



### မီရန်ဒက်စ်နှင့် မာလာဂါ

မာလာဂါတို့က ဘက်တစ်၊ အက်စ်ပန်းညိုတို့ကို ဆက်တိုက်ရှုံးပွဲကြုံထားပါတယ်။ မီရန်ဒက်စ်တို့က လောလောဆယ်မှာ ပွဲတိုင်းအမှတ်ရအောင်ကစားနိုင်နေတာမို့ မာလာဂါတို့အတွက် ခက်ခဲမယ့်ပွဲပါ။ အခုတလော ခြေစွမ်းကျဆင်းနေတဲ့ မာလာဂါတို့အတွက်ပွဲကျပ်ဖြစ်နေပါတယ်။ ပြိုင်ဘက်က ပုံမှန်ခြေစွမ်းရနေတာကြောင့် မာလာဂါတို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။ ။



## ဆန်ချက်ဇ်နဲ့ ကော့စီနီဒဏ်ရာရခဲ့တဲ့အတွက် အာဆင်နယ်ရဲ့ဖလားလုပွဲအတွက် ထိခိုက်နိုင်

နော့ဝှစ်ချ်အသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့တဲ့ပွဲမှာ အဓိကကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး ဆန်ချက်ဇ်နဲ့ နောက်တန်းလူ ကော့စီနီတို့ ဒဏ်ရာအပြင်းအထန်ရသွားတဲ့အတွက် အာဆင်နယ်ရဲ့ ဖလားလုယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ကြောင်း တာဝန်ရှိသူတွေက ပြောဆိုလျက်ရှိပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဒီပွဲမှာ အကောင်းဆုံးချေပခွင့်နဲ့လည်း လွဲချော်သွားခဲ့ပါတယ်။ နောက်တန်းလူ ကော့စီနီတင်ပါးဒဏ်ရာရသွားတဲ့အတွက် ပေါ်လစ်စတာနဲ့ လူစားလဲကစားခဲ့ရတာပါ။ ချီလီတိုက်စစ်မှူး ဆန်ချက်ဇ်ဟာလည်း တံခေါက်ကြောထိခိုက်ဒဏ်ရာရသွားတဲ့အတွက် အနားယူခဲ့ရပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ အာဆင်နယ်ရဲ့ အဓိကကစားသမားနှစ်ဦး ဒဏ်ရာရသွားတဲ့အတွက် ဖလားရည်မှန်းချက်မှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။

## စတာရစ်ပြန်လာမှု လီဗာပူးရလဒ်ကောင်းတွေရနိုင်

လီဗာပူးအသင်းရဲ့ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ စတာရစ်ဟာ ဆွမ်ဆီးနဲ့ပွဲမှာ ပွဲထွက်ကစားလာနိုင်ပြီဖြစ်လို့ လီဗာပူးအသင်းအတွက် လိုအပ်တဲ့အနိုင်ပွဲတွေကို ရှာဖွေပေးနိုင်လိမ့်မယ်လို့ နည်းပြ ဂျာဂျင်ကလော့က ပြောဆိုလိုက်ပါတယ်။ စတာရစ်ဟာ ဒဏ်ရာကြောင့် အနားယူနေတာပါ။ နည်းပြ ဂျာဂျင်ကလော့လက်ထက်မှာ ပထမဆုံးပါဝင်ကစားခဲ့တာဖြစ်ပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ စတာရစ်နဲ့ ဘင်တီကီတို့တွဲပြီး ပွဲထွက်ကစားဖွယ်ရှိပါတယ်။ လီဗာပူးအမာခံတိုက်စစ်မှူးတွေ ပြန်လည်ကစားနိုင်တဲ့အတွက် ရလဒ်ကောင်းတွေပေါ်ထွက်လာဖို့ မျှော်လင့်ထားပါတယ်။ စတာရစ်ဟာ အောက်တိုဘာ ၄ရက်ကတည်းက ကျောဒဏ်ရာကြောင့် အနားယူခဲ့ရတာပါ။ ဂျာဂျင်ကလော့လက်ထက်မှာတော့ ပထမဆုံးပါဝင်ကစားတာဖြစ်ပါတယ်။ စတာရစ်ဟာ သုံးနှစ်အတွင်း ၆၈ ပွဲ လွဲချော်ခဲ့ရတဲ့အတွက် အကောင်းဆုံးကစားနိုင်ဖို့ နည်းပြ ဂျာဂျင်ကလော့က မျှော်လင့်ထားတာပါ။





## နံပါတ် ၁၀ ဂျာစီဝတ်လိုတဲ့ ဟာဇတ်

ချယ်လ်ဆီးနဲ့ စပါးတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ချယ်လ်ဆီးအသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ အီဒင်ဟာဇတ်ဟာ ကော်စတာ ဒဏ်ရာရပြီး မကစားနိုင်တဲ့အတွက် ကျောနံပါတ် ၉ ဂျာစီကိုဝတ်ပြီး ကစားခဲ့ရပါတယ်။ ဟာဇတ်နေနဲ့ ကျောနံပါတ် ၁၀ ဂျာစီကိုဝတ်ပြီး ကွင်းလယ်ကစားသမားအဖြစ်သာ ကစားလိုတယ်လို့ ဆိုပါတယ်။ သို့ပေမယ့်လည်း နည်းပြ မော်ရင်ဟိုရဲ့ အစီအမံအောက်မှာ ဟာဇတ်အနေနဲ့ တိုက်စစ်မှူးအဖြစ် ကစားခဲ့ရပါတယ်။ တိုက်စစ်မှူးအဖြစ် ကစားခွင့်ရတဲ့ ဟာဇတ်ဟာ အရပ် ၅ ပေနဲ့ ရှစ်လက်မရှိတဲ့အတွက် ခေါင်းတိုက်ဂိုးသွင်းယူဖို့ အခက်အခဲ ဖြစ်နေတယ်လို့ ဆိုပါတယ်။ သူဟာ ခုနစ်လတာအတွင်း တစ်ဂိုးမျှ သွင်းယူပေးနိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဘယ်လ်ဂျီယံကစားသမား ဟာဇတ်ဟာ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ဖွယ်ရှိနေသူလည်း ဖြစ်ပါတယ်။

**ကောင်းမြတ်သူ ➢ စုစည်းသည်**

# ပြည်တွင်းရေကြောင်း ကူးတို့ခရီးစဉ်နှစ်ခုတွင် သဘောခများတိုးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်တွင်းရေကြောင်းသဘောများဖြင့် ပြေးဆွဲနေသည့် ရန်ကုန်-ဆာပါချောင်-ဆိပ်ကြီး ကူးတို့ခရီးစဉ်နှင့် ရန်ကုန်-ခနောင်တို-ဘလုတ် ကူးတို့ခရီးစဉ်များတွင် သဘောခများကို ဒီဇင်ဘာ၁ရက်မှစ၍တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာထားသဖြင့် နေ့စဉ် သဘောစီး၍ ရန်ကုန်တွင် လာရောက်အလုပ်လုပ်နေသော ဝင်ငွေနည်းလုပ်သားများ အနေဖြင့် လမ်းစရိတ် ပိုမိုကုန်ကျမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။



ကူးတို့ခရီးစဉ်များ ရေရှည်ပြေးဆွဲနိုင်ရေးအတွက် သဘောခများကို မူလက လူတစ်ဦးလျှင် ကျပ်တစ်ရာနှုန်းမှ ဒီဇင်ဘာ ၁ ရက်မှစ၍ ကျပ်နှစ်ရာ နှုန်းသို့ တိုးမြှင့်မည်ဖြစ်ကြောင်း ရေယာဉ်များပေါ်တွင် ကြေညာထားသည်ကို တွေ့ရသည်။ ရေယာဉ်များပေါ်တွင် ကြေညာထားသော်လည်း ဆိပ်ခံများတွင် ကြေညာထားခြင်း မရှိကြောင်းလည်း သိရသည်။

ရေပတ်လည်ဝိုင်းပြီး ကျွန်းဖြစ်နေသည့် ဆိပ်ကြီးခနောင်တိုမြို့နယ်မှာ မြစ်ဖြတ်ကြိုးတံတား ဆောက်လုပ်ပေးထားသဖြင့် ကားလမ်းဖြင့် သွားလာနိုင်သော်လည်း ခရီးတိုကာ အချိန်ကုန်သက်သာသော ရေလမ်းခရီးကိုလည်း အားထားနေရဆဲ ဖြစ်သည်။

သဘောခ ဈေးတက်လာသဖြင့် ဆိပ်ကြီးခနောင်တိုမှ ရန်ကုန်သို့ နေ့စဉ်လာရောက် အလုပ်လုပ်နေကြသည့် လခနည်း အလုပ်သမားအချို့မှာ ကုန်ကျစရိတ်ပိုများလာပြီး အဆင်မပြေကြောင်း၊ သဘောခများကို တစ်ဆတိုးမြှင့်ခြင်းကြောင့် စက်တပ်လှေခများပါ တိုးမြှင့်လာမည်ကိုလည်း နေ့စဉ် သဘောစီးနေရသူများက စိုးရိမ်နေကြကြောင်းသိရသည်။

အများပြည်သူ ဝန်ဆောင်မှုဖြစ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် သဘောခများကို တိုးမြှင့်ခြင်းမှာ ဝင်ငွေနည်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေကြောင်း၊ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော ခရီးသည်ပို့ဆောင်ရေးကို စီးပွားရေးဆန်စွာ မပြုလုပ်စေလိုကြောင်း ဆိပ်ကြီးခနောင်တိုမှ ရန်ကုန်သို့ နေ့စဉ် လာရောက်၍ အလုပ်ဆင်းနေသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

ဒီဇယ်ဈေးနှုန်း မြင့်မားခဲ့သည့် ၂၀၁၄ ခုနှစ်တွင် သဘောခဈေးတက်ခဲ့ခြင်းမရှိဘဲ ဒီဇယ်အပါအဝင် စက်သုံးဆီဈေးနှုန်းများ ကျဆင်းနေသော ယခုအချိန်တွင် သဘောခမြင့်တက်လာခြင်းဖြစ်သည်။ ယင်းကူးတို့ ခရီးစဉ် နှစ်ခုတွင် သဘောခများ မြင့်တက်လာသော်လည်း နေ့စဉ် လူဦးရေ သုံးသောင်းကျော် စီးနင်းနေသည့် ပန်းဆိုးတန်း-ဒလ ခရီးစဉ်တွင်မူ သဘောခတိုးယူရန် ကြေညာထားခြင်း မရှိကြောင်း သိရသည်။

ယခင်က အရှုံးပေါ်ခဲ့သော ပန်းဆိုးတန်း-ဒလခရီးစဉ်မှာ ပြည်ပမှလှူဒါန်းသော နှစ်ထပ်ရေယာဉ်ကြီးသုံးစင်းဖြင့် အလှည့်ကျ ပြေးဆွဲပြီးနောက်တွင် အမြတ်ပင်ရရှိနေသည်ဟု မီဒီယာများတွင် ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ပန်းဆိုးတန်း-ဒလ သဘောဆိပ်တွင် ရန်ကုန် (ကီလီ)-ဒလ ဇက်ကားတင်ရေယာဉ်ခရီးစဉ်ကို အောက်တိုဘာ ၁ ရက်မှစ၍ ခေါက်ရေနှင့်အချိန်နာရီ တိုးမြှင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဆိုင်**

# ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး ဝါးခယ်မမြို့နယ်၌ ဖွင့်လှစ်

**ဝါးခယ်မ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ရုံးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရေးအတွက် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး(One Stop Shop)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ နိုဝင်ဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရုံးဖွင့်ပွဲတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ဝါးခယ်မမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနများ ပါဝင်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**




# မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်ထိန်းအရာရှိသင်တန်း အမှတ်စဉ် (၂၅/၂၀၁၅) သင်တန်းဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိ အတတ်သင်ကျောင်း နယ်ထိန်းအရာရှိ သင်တန်းအမှတ်စဉ် (၂၅/၂၀၁၅) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ၆၆ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားရှိ ရဲအရာရှိ အတတ်သင်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)ကျောင်းအုပ်ကြီး ရဲမှူးကြီး မင်းအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းအမှတ်စဉ် (၂၅/၂၀၁၅) နယ်ထိန်းအရာရှိသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နိုင်၊ ခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယ ကျောင်းအုပ်ကြီး၊ ဌာနခွဲများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲစခန်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော နယ်ထိန်းအရာရှိ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၃၀ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ရက်သတ္တ ခြောက်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းနည်းပြများက သင်တန်းသားများအား ပြစ်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ လုံခြုံရေးနှင့် သတင်းထောက်လှမ်းရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျ ဦးဆောင်ကွပ်ကဲပြီး တာဝန်ထမ်းဆောင်နိုင်ရေးဆိုင်ရာများကို ပိုင်နိုင်စွာ အုပ်ချုပ်ကာ မိမိနယ်မြေဒေသအတွင်း တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားနိုင်ရေး နယ်ထိန်းရဲနှင့် သက်ဆိုင်သည့် ရုံးလုပ်ငန်းပိုင်းများ၊ ၎င်းတို့နှင့် ဆက်စပ်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဥပဒေရုံး၊ တရားရုံး၊ မှုခင်းဆိုင်ရာ ဆေးပညာဘာသာရပ်၊ ဓာတုဗေဒ စစ်ဆေးရေးဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် မန်းကိုယ်ပွား**

# မြန်မာလူမျိုးများအကြိုက် ရာသီပေါ်စားစရာ ထန်းမြစ်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်လျက်ရှိရာ မုံရွာမြို့ ချင်းတွင်းမြစ်တစ်ဖက်ကမ်းဒေသများတွင် အပူပိုင်းဒေသပေါက်ပင်များဖြစ်သော ထန်းပင်များ ပေါများစွာပေါက်လျက်ရှိသည်။ ထန်းပင်သည် အရွက်မှ အမြစ်အထိ မျိုးစုံအသုံးဝင်သော အပင်ဖြစ်ကာ မြန်မာနိုင်ငံတွင် ထန်းပင်မြစ်ကို ရာသီပေါ်အစားအစာတစ်ခုအဖြစ် နှစ်သက်စွာစားသုံးကြသည်။ ယခုအချိန်သည် ထန်းမြစ်များ ပေါ်သော ကာလဖြစ်သည်။

ထန်းမြစ်သည် ထန်းသီးစေ့မှထွက်လာသော အမြစ်ဖြစ်သည်။ ထန်းစေ့အညှောက်သည် ထန်းမြစ်အဖြစ် မြေကြီးထဲ စိုက်ဝင်သွားပြီး ထန်းရွက်နုလေးများမပေါ်မီ အခြေအနေပင်ဖြစ်သည်။ ထန်းမြစ်များသည် ထန်းပင်ကြီးများမှ တူးဖော်ထားသည့် အမြစ်မဟုတ်ဘဲ ထန်းသီးကို ကျင်းစိုက်ပျိုးနည်းဖြင့် သီးခြားစိုက်ယူမှသာ ရရှိနိုင်ခြင်းဖြစ်သည်။ စိုက်ပျိုးရာ၌လည်း ရင့်မှည့်သောထန်းသီးများ၏အစေ့မှသာလျှင် အညှောက်ပေါက်နိုင်သည်။



တန်ဆောင်မုန်းလပြည့်ကျော်ဆို ထန်းပင်မြစ်ကျင်းဖော်နေပါပြီ။ ထန်းပင်မြစ် ကျင်းစိုက်ပျိုးရာမှာ ထန်းစေ့တွေကို တစ်စေ့ချင်းမဟုတ်ဘဲ ပဲညှောက်ဖောက်သလို အစုလိုက်အပြုံလိုက်

ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အောင်ချမ်းစည်ကျေးရွာမှ ထန်းပင်မြစ်များ စိုက်ပျိုးထားပြီး ယခုအခါ ရောင်းချရန် တူးဖော်နေသည့် တောင်သူတစ်ဦးက "ထန်းပင်မြစ်ကို အညာမှာတော့ 'ထပင် ညှောင့်' လို့ ခေါ်ကြပါတယ်။ ထန်းပင်မြစ် ကျင်းစိုက်ပျိုးဖို့ ကျွန်တော်တို့ထန်းတောကထွက်တဲ့ ထန်းစေ့တွေကို ဝါခေါင်လ၊ တော်သလင်းလတွေမှာ စတင်စိုက်ပျိုးပါတယ်။ အခု စိုစွတ်တဲ့ သဲမြေတို့၊ တနယ်မြေတို့မှာ ထန်းပင်မြစ် ကျင်းပြုလုပ်ပါတယ်။ ဒါမှသာ စိုက်တဲ့ အခါနဲ့ တူးတဲ့အခါမှာ လွယ်ပါတယ်။ မြေသား မြေနီတွေမှာ စိုက်ပျိုးရင် ထန်းပင်မြစ်ဖြစ်ထွန်းမှုနည်းပြီး တူးဖော်တဲ့အခါမှာလည်း ခက်ခဲတတ်ပါတယ်"ဟု ထန်းမြစ်စိုက်ပျိုးပုံကို ရှင်းပြသည်။

ထန်းမြစ်သည် ရာသီပေါ် အစားအစာဖြစ်ပြီး ကလေးလူကြီးမရွေး ကြိုက်နှစ်သက်ကြသည်။ မီးဖုတ်၍ဖြစ်စေ၊ ရေဖြင့်ပြုတ်၍ဖြစ်စေ စားသုံးကြသည်။ မီးဖုတ်ပြီးသော ထန်းမြစ်ကို ဆုံတွင်ထည့်ထောင်းပြီး ဆီ၊ ဆားများ ထည့်၍စားလျှင် ပို၍အရသာရှိလှကြောင်း သိရသည်။

ထန်းမြစ်များ၏ ဈေးကွက်အခြေအနေနှင့် ပတ်သက်၍လည်း ထန်းပင်မြစ်လေးတွေကို ၂၅ ချောင်း အစည်းလေးတွေစည်းပြီး လက်ကားနှုန်းနဲ့ တစ်စည်းကို ကျပ် ၃၅၀ ရပါတယ်။ မုံရွာဘက်က ပွဲစားတွေက ဖော်နေတဲ့ ကျင်းတွေဆီအထိ လာဝယ်ကြပါတယ်။ မုံရွာဘက်မှာတော့ တစ်စည်းကို ၈၀၀ ကနေ ကျပ် ၁၀၀၀ လောက်အထိနှုန်းနဲ့ ပြန်လည်ရောင်းချပါတယ်ဟု အဆိုပါတောင်သူက ရှင်းပြသည်။

ယခုနှစ်တွင် မုံရွာမြို့နယ် မြစ်ဘေးဒေသများတွင် မြစ်ရေလျှံဝင်ရောက်ခဲ့သောကြောင့် ထန်းပင်မြစ် ကျင်းစိုက်ပျိုးသူ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက နည်းခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ထန်းမြစ်အထွက်နှုန်းလည်း နည်းနေပြီး ထွက်ရှိသော ထန်းမြစ်များမှာ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး=ဖိုးချမ်း(မုံရွာ)**

# အုတ်ဖုတ်လုပ်ငန်းများက လောင်စာထင်းထုတ်ယူသုံးစွဲမှုများနေသဖြင့် သစ်တောပြုန်းတီးပျောက်ကွယ်နိုင်

**ဂန့်ဂေါ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူဦးရေ သိသိသာသာတိုးပွားများပြားလာလျက်ရှိရာ ယင်းအုတ်ဖုတ်လုပ်ငန်းများက အုတ်ဖုတ်ရန်လောင်စာထင်း ခုတ်ယူထုတ်လုပ်သုံးစွဲမှု များပြားနေသောကြောင့် သစ်တောကြီးများ ပြုန်းတီးပျောက်ကွယ်သွားမည်ကို စိုးရိမ်လျက်ရှိကြောင်း ဒေသခံအချို့က ပြောကြားသည်။

"ယခင်က ဂန့်ဂေါမြို့နယ်မှာ အုတ်ဖုတ်လုပ်ငန်းလုပ်တဲ့သူ များများမရှိပါဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းလောက်ကစပြီး အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ များလာတယ်။ ဂန့်ဂေါမြို့နယ်မှာ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်တဲ့သူ အများဆုံးရှိတဲ့ကျေးရွာက ရွာစည်ကျေးရွာဖြစ်ပြီး ဦးရေ ၃၀ ဝန်းကျင်လောက် ရှိပါတယ်။ တခြားရွာတွေမှာလည်း အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူတွေရှိပြီး အနည်းဆုံးတစ်ရွာကို တစ်ဦးနှုန်းနဲ့တွက်ရင်တောင် ဒီမြို့နယ်မှာ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ကျော်တော့ အနည်းဆုံးရှိပါတယ်။ အုတ်ဖုတ်လုပ်ငန်းတွေက စိုက်ပျိုးမြေတွေထဲမှာ လုပ်ကိုင်ကြတော့ စိုက်ပျိုးမြေတွေ လျော့နည်းစေတဲ့အပြင် လောင်စာထင်းတွေခုတ်ယူမှု များပြားနေတာကြောင့် သစ်တောတွေပြုန်းတီး ပျောက်ကွယ်သွားမှာ စိုးရိမ်နေရပါတယ်"ဟု ဂန့်ဂေါမြို့နယ် လုံဟောကျေးရွာနေ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မြေနေရာရွေးချယ်ရာတွင် မြေကောင်းဖြစ်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမြေအဖြစ် အသုံးပြုရန်ကောင်းမွန်သော မြေနေရာမှမြေကသာ အုတ်ဖုတ်ရန်ကောင်းသောမြေဖြစ်ကြောင်း၊ မြေညံ့ဆိုပါက အုတ်အရည်အသွေး ညံ့ဖျင်းတတ်ကြောင်း၊ အုတ်ဖုတ်လုပ်ငန်းတွင် ရေကိုများစွာအသုံးပြုရသဖြင့် ရေပေါသည့်နေရာလည်းဖြစ်ရန်လိုကြောင်း၊ အုတ်များကို ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် သယ်ယူပို့ဆောင်ရေး လွယ်ကူစေရန်အတွက် လမ်းနှင့်မဝေးကွာရန်လည်းလိုအပ်ကြောင်း၊ အုတ်ဖုတ်ရာတွင် လောင်စာထင်းအဖြစ် အင်ကြင်းသားကို အများဆုံးအသုံးပြုကြပြီး အုတ်ချပ်ရေ တစ်သိန်းကို မီးကျက်အောင်ဖုတ်ရန်မှာ လောင်စာထင်း တန်ပေါင်း ၃၀ ခန့်ကို အသုံးပြုရကြောင်း၊ လောင်စာထင်း တစ်တန်လျှင် အရောက်ပို့ခ ၂၅၀၀၀ ကျပ် ပေးရကြောင်း၊ ယခုအခါ ဂန့်ဂေါမြို့နယ်အတွင်းရှိ အုတ်ဖုတ်လုပ်ငန်းများအတွက် လိုအပ်သော လောင်စာထင်းများကို ဂန့်ဂေါမြို့နယ်နှင့် ချင်းပြည်နယ် ဟားခါးမြို့နယ်အစပ်ရှိ သစ်တောများတွင် အများဆုံးခုတ်ယူရရှိပြီး တခြားနေရာဒေသအချို့တွင်လည်း ခုတ်ယူရရှိနိုင်ကြောင်း၊ အုတ်ဖုတ်လုပ်ငန်းကို နှစ်စဉ် တန်ဆောင်မုန်းလမှ ကဆုန်လအထိ ခုနစ်လခန့်ကြာ ပြုလုပ်ဆောင်ရွက်နိုင်ပြီး ထိုကာလအတွင်း အုတ်ဖုတ်လုပ်ငန်းတစ်ခုလျှင် အုတ်ချပ်ရေ သုံးသိန်း အနည်းဆုံးထုတ်လုပ်နိုင်သဖြင့် အုတ်ဖုတ်လုပ်ငန်းတစ်ခုလျှင် ခုနစ်လတာကာလအတွင်း လောင်စာထင်းအသုံးပြုမှုမှာ တန်ပေါင်း ၉၀ ခန့်ဖြစ်ကြောင်း၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ အုတ်ဖုတ်လုပ်ငန်းများတွင် စုံစမ်းသိရှိရသည်။



**အုတ်ဖုတ်လုပ်ငန်းကို နှစ်စဉ် တန်ဆောင်မုန်းလမှ ကဆုန်လအထိ ခုနစ်လခန့်ကြာ ပြုလုပ်ဆောင်ရွက်နိုင်ပြီး ထိုကာလအတွင်း အုတ်ဖုတ်လုပ်ငန်းတစ်ခုလျှင် အုတ်ချပ်ရေသုံးသိန်း အနည်းဆုံးထုတ်လုပ်နိုင်သဖြင့် အုတ်ဖုတ်လုပ်ငန်းတစ်ခုလျှင် ခုနစ်လတာကာလအတွင်း လောင်စာထင်းအသုံးပြုမှုမှာ တန်ပေါင်း ၉၀ ခန့်ဖြစ်. . .**



"ယခင်က ဂန့်ဂေါမြို့နယ်မှာ သစ်၊ ဝါးတွေ ပေါများတော့ ကျောင်း၊ နေအိမ်စတဲ့ အဆောက်အအုံတွေကို ဆောက်လုပ်တဲ့အခါမှာ သစ်၊ ဝါးတွေနဲ့ ဆောက်လုပ်ကြတာများတယ်။ ယခုအခါမှာ သစ်တွေ၊ ဝါးတွေရှားပါးလာတော့ သစ်၊ ဝါး အိမ်တွေအစား အုတ်တိုက်တွေ ဆောက်လုပ်လာကြပါတယ်။ သစ်၊ ဝါး အိမ်ဆောက်လုပ်တဲ့ ကုန်ကျစရိတ်က အုတ်တိုက်ဆောက်လုပ်တဲ့ ကုန်ကျစရိတ်ထက် များလာပါတယ်"ဟု ဂန့်ဂေါမြို့နယ် ရွာစည်ကျေးရွာနေ အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

ဂန့်ဂေါမြို့နယ်တွင် လယ်မြေ၊ ယာမြေများပေါ်၌ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်ကြရာတွင် အုတ်ဖုတ်လုပ်ငန်းကို လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိသူကိုယ်တိုင် လုပ်ငန်းတည်ထောင်လုပ်ကိုင်သူများရှိသကဲ့သို့ မြေငှားရမ်းသူများလည်းရှိရာ အုတ်ဖုတ်ရာသီတစ်ရာသီလျှင် လက်ရိုက်အုတ်ခုံတစ်ခုံလျှင် ငှားရမ်းခ ကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျွန်တော့် ယာကွက်တွေက မြေကောင်းတွေပါ။ ဒါပေမယ့် သီးနှံစိုက်ရင် ဝင်ငွေက ဒီလောက်မရဘူး။ ကျွန်တော့်ရဲ့ယာတစ်ဧကကွက်ထဲမှာ လက်ရိုက်အုတ်ခုံ လေးခုကို မြေငှားထားလိုက်တာ ငွေကျပ် ၁၂ သိန်း လက်ငင်းလက်ခံရရှိပြီးပါပြီ"ဟု ဂန့်ဂေါမြို့နယ် ရွာစည်ကျေးရွာနေ အမျိုးသားတစ်ဦးကဆိုသည်။

ဂန့်ဂေါမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် မဟာဓာတ်အားလိုင်းမှာ လျှပ်စစ်မီးရရှိသဖြင့် မီးဖိုချောင်သုံး လောင်စာထင်းအသုံးပြုမှု လျော့နည်းလာခဲ့သော်လည်း အုတ်ဖုတ်လုပ်ငန်းများက သစ်တောကြီးများပြုန်းတီးပျောက်ကွယ်သွားနိုင်မည့်ဘေးကို တစ်စခန်းထ၍ ခြိမ်းခြောက်နေသကဲ့သို့ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး–ကြီးမြင့်နိုင် (လှိုင်ကော်)**

## သတင်းတိုများ

### ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်အစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်ကူးသန်းရောင်းဝယ်ရေး လီမိတက်၏ (၇၂)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက် ဒါရိုက်တာ ဦးစိုးနိုင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရောင်းဝယ်၊ အရှုံး/အမြတ်စာရင်းနှင့် စာရင်းချုပ်ရှင်းတမ်းများကို ဖတ်ကြားခြင်း၊ နုတ်ထွက်သော ဒါရိုက်တာများနေရာ ရွေးချယ်တင်မြှောက်ခြင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် စာရင်းစစ်အဖွဲ့ရွေးချယ်ခြင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် အမြတ်ဝေစုထုတ်ပေးရေးအတည်ပြုခြင်းစသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

### ကျေးရွာမြေသားလမ်းကိုကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်

မိုးညှင်းမြို့နယ်အတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ဟိုပင်မြို့ နန့်ရင်းကျေးရွာနှင့် တောင်ခြေလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါလမ်းသည် အကျယ် ၁၂ ပေ၊ လမ်းပခုံး သုံးပေရှိပြီး လက်ရှိအချိန်တွင် လမ်းအရှည်တစ်မိုင်အထိ ခင်းထားပြီးဖြစ်ကြောင်း သိရသည်။

**မိုးအောင်(ကချင်မြေ)**

## ဒေါက်တာသန်းထွန်းကွယ်လွန်သည့် ၁၀ နှစ်ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁**

ဆရာကြီး ဒေါက်တာသန်းထွန်းကွယ်လွန်သည့် ၁၀ နှစ်ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို မန္တလေးတက္ကသိုလ် အင်း၀(၉)ခန်းမဆောင်၌ နိုဝင်ဘာ ၃၀ ရက်ကကျင်းပခဲ့ပြီး နံနက်ပိုင်းမှ ညနေပိုင်းအထိ စာတမ်းရှင် ၁၁ ဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် နံနက်ပိုင်း၌ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာစိုးအောင်က "Following the footstep of Sayagyi: History of Kyaing Tong before the conquest of King Bayinnaung" စာတမ်းကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာတင်နိုင်ဝင်းက "Systematic Investigation and value Judgement on Myanmar Primary Historical Maps" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာနမှ ပါမောက္ခ ဒေါက်တာစံရွှေက "ပျူခေတ် မြေထည်အနုပညာ" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်သီတာက "မြင်ကွန်းဒေသရှိ ရှေးဟောင်းစေတီပုထိုးများနှင့် ပတ်သက်၍" စာတမ်းကိုလည်းကောင်း၊ မကွေးတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမေညွန့်က "ဗဒုံမင်းလက်ထက် မြို့တည်နန်းတည် လောကအစီအရင်များ" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် သမိုင်းဌာနမှ ကထိက ဒေါ်အေးသန္တာက "ပုဂံခေတ်သုံး ပြက္ခဒိန်စနစ်အား ရှာဖွေဆန်းစစ်ခြင်း" စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့ကြသည်။



ထို့နောက် မွန်းလွဲပိုင်းတွင် မန္တလေးတက္ကသိုလ်မှ အချိန်ပိုင်းပါမောက္ခ ဒေါက်တာ တိုးလှက "စလင်းခြောက်ခရိုင် ဆည်မြောင်းသမိုင်း" စာတမ်းကိုလည်းကောင်း၊ မကွေးတက္ကသိုလ် သမိုင်းဌာနမှ ကထိက ဦးသိန်းငွေးက "မြသလွန်ဘုရားရင်ပြင် ဗုဒ္ဓဟူးထောင့်ရှိ ခေါင်းလောင်းလေ့လာခြင်း"စာတမ်းကိုလည်းကောင်း၊ တောင်ကြီးတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာပုလဲအောင်က "ဗဒုံမင်းလက်ထက် ဆင်တော်ဆိုင်ရာ အမိန့်တော်များ" စာတမ်းကိုလည်းကောင်း၊ လားရှိုးတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ဇော်မြင့်က "မိုးညှင်းမြို့ရှိ ဇောတိသာသနာ" စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်မြို့က "ပုဂံစေတီပုထိုး ဂူကျောင်းနံရံပေါ်မှ ရုပ်ကြွများ" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြခဲ့ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## နိဗ္ဗာန်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မေတ္တာရှင်ရဲ့အစေခံ အခမဲ့နာရေးကူညီမှုအသင်းသို့ နိဗ္ဗာန်ယာဉ်နှစ်စီး လှူဒါန်းပွဲကို လသာမြို့နယ်ရှိ ဦးနေအောက်မေ့ဖွယ်ရာ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ အလှူရှင် ဦးနေအသင်းတော် အသင်းအုပ် သိက္ခာတော်ဆရာ ဦးတိုးတိုးလတ်၊ လုဒိလင်းအောင် အထည်အလိပ် လက်လီလက်ကားရောင်းဝယ်ရေးနှင့် စန္ဒာအေးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အလှူရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြပြီး အလှူရှင်များက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက် ရွှေဖီခိုင်ညှာလမ်းနှင့် ပုန်းညက်လမ်းထောင့်၊ အမှတ် (၆၁၀)ရှိ မေတ္တာရှင်ရဲ့အစေခံ အခမဲ့နာရေးကူညီမှုအသင်းသို့ စုပါကာစတန် အမျိုးအစား နိဗ္ဗာန်ယာဉ်နှစ်စီးကို နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဦးတူးတူးတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ရွှေတိုင်လွင်**



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ် (၁၂)

**ကြိုးစားတိုးပွား**
✦ အလုပ်ကြိုးစား တိုးပွားဥစ္စာ
✦ လိုအပ်တာသုံး အပိုမဖြုန်းနဲ့
✦ ကျင့်သုံးသေချာ စုဆောင်းပါက
✦ နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

## " သမဝါယမက ဖော်ဆောင်ပေးလျက်ရှိသော အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းများ ထိရောက်အောင်မြင်လျက်ရှိ "

✦ မြန်မာနိုင်ငံ၏ ဆင်းရဲမှုရာခိုင်နှုန်းသည် ၂၀၀၅ ခုနှစ်တွင် ပြုလုပ်သည့် ကုလသမဂ္ဂ၏ စစ်တမ်းအရ ပျမ်းမျှ ၃၂ % ရှိပြီး ကျေးလက်ဒေသများ၏ ဆင်းရဲမှုရာခိုင်နှုန်းသည် မြို့ပြဒေသများ၏ ဆင်းရဲမှုရာခိုင်နှုန်းထက် (၂) ဆခန့် ပိုမိုသည်ဟုသိရသည်။

✦ ထိုကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျော့ကျလာစေရန် ကျေးလက်နေပြည်သူများလိုအပ်နေသော လုပ်ငန်းသုံးငွေကြေး အရင်းအနှီးရရှိရေးသည် အဓိကကျလျက်ရှိသည်။

✦ လုပ်ငန်းသုံးငွေကြေးအရင်းအနှီးရရှိရေးအတွက် နီးစပ်ရာ ပြင်ပနေရာများတွင် အပေါင်ပစ္စည်းမပါရှိဘဲ ငွေချေးယူပါက အတိုးနှုန်းသည် ကျပ်တစ်ရာလျှင် ၁၀ ကျပ်မှ ၂၀ ကျပ်ခန့်ထိ အတိုးကြီးပေး၍ ချေးယူကြရသည်။

✦ ထိုသို့အတိုးကြီးပေး၍ချေးယူပြီး လယ်ယာလုပ်ငန်းနှင့် အခြားမိမိတို့၏စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရသဖြင့် ရရှိသည့်အကျိုးအမြတ်များကို မိမိတို့ အပြည့်အဝခံစားရသောကြောင့် ဆင်းရဲမှုသံသရာမှ ရုန်းမထွက်နိုင်ဘဲရှိကြသည်။

✦ နိုင်ငံတော်အစိုးရ၏ ကျေးလက်နှင့် မြို့ပြနေအခြေခံလူတန်းစားများ၏ ဆင်းရဲမှုလျှော့ချနိုင်ရန်နှင့် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမှုအား ထက်ဝက်လျှော့ချနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ်ချမှတ်ဆောင်ရွက်ခဲ့သည်။

✦ ထိုလုပ်ငန်းစဉ် (၈) ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်သည့်အတွက် သမဝါယမဝန်ကြီးဌာနသည် ပြည်သူများ ရင်ဆိုင်နေရသည့် ငွေကြေးအရင်းအနှီးလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေး အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ ယနေ့ထိ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်သည်။



ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအခမ်းအနားတွင် နိုင်ငံတော်သမ္မတ တက်ရောက်စဉ်

### အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်

✦ ပြည်သူများ ပြင်ပမှ အတိုးကြီးပေး၍ ငွေချေးနေရမှုမှ လတ်တလော သက်သာစေရန်၊
✦ နောင် (၄/၅) နှစ်ကြာသည့်အခါတွင် ပြင်ပမှ ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာရပ်တည်လာနိုင်စေရန် (Self Reliance) နှင့် ထိုမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကြောင့် (Sustainable Development) အခြေအနေသို့ ရောက်ရှိစေရန်၊

### တစ်နိုင်ငံလုံး အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုအခြေအနေ

(၃၁-၈-၂၀၁၅)

| | | | |
|---|---|---|---|
| ✦ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ✦ မြို့နယ် | - | ၁၀၇ | မြို့နယ် |
| ✦ အသင်း/ကျေးရွာ | - | ၃၃၂၉၄ | သင်း/ရွာ |
| ✦ အသင်းသားမိသားစုဦးရေ | - | ၂၉၁၈၁၂၈ | ဦး |
| ✦ အစုငွေ | - | ၁၇၉၁၅. ၄၄၅ | ကျပ်သန်း |
| ✦ စုဆောင်းငွေ | - | ၉၆၉၆၀. ၀၀၂ | ကျပ်သန်း |
| ✦ ပံ့ပိုးချေးငွေ | - | ၂၁၈၈၅၇. ၇၉၅ | ကျပ်သန်း |
| ✦ ထုတ်ချေးငွေ | - | ၄၀၇၄၂၃. ၄၅၁ | ကျပ်သန်း |
| ✦ အတိုးနှုန်း (ချေးငွေ ၁၀၀ ကျပ်ပေါ်တွင် တစ်လ) | - | ၁. ၁၅ | ကျပ် |

### ၂၀၁၅ ခုနှစ်အတွင်း ရေဘေးသင့်ပြည်သူများနှင့် ရေဘေးမသင့်သော်လည်း ရေလွှမ်းမိုးခြင်းခံရသော ဒေသများရှိ ပြည်သူများအတွက် အထူးကိစ္စအနေဖြင့် ဆောင်ရွက်ပေးခဲ့မှု

| | | | |
|---|---|---|---|
| ▼ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ▼ မြို့နယ် | - | ၁၉၀ | မြို့နယ် |
| ▼ အသင်း/ကျေးရွာ | - | ၄၇၁၅ | သင်း/ရွာ |
| ▼ အသင်းသားမိသားစုဦးရေ | - | ၂၅၉၈၄၅ | ဦး |
| ▼ ရေဘေးသင့်ပျက်စီးဒေသအသင်းသားများအတွက် ထုတ်ချေးငွေပမာဏ | - | ၃၂၇၅၈. ၅၆၀ | ကျပ်သန်း |

✦ ချေးငွေရရှိပြီး အသင်းသား/ အိမ်ထောင်စုများအတွက် ချေးငွေပြန်ဆပ်ကာလ (၆) လမှ (၁) နှစ်အထိ တိုးမြှင့်ပေးခဲ့၊
✦ ချေးငွေရရှိပြီး ရေဘေးထိခိုက်ခံရသူ အသင်းသား/အိမ်ထောင်စုများနှင့် ချေးငွေမရသေးသော ပြည်သူများအား ၎င်းတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းများအတွက် ထပ်ဆောင်းချေးငွေ (Supplementary Loan) ထုတ်ပေးခဲ့၊
✦ ရေဘေးသင့်ပျက်စီးဒေသအသင်းသားများအား ပုံမှန်ချေးငွေဆပ်ကာလ (၆)လပြည့်သည့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အတိုးသာပြန်ဆပ်စေ၍ ချေးငွေ ကာလအား (၆)လ ထပ်မံသက်တမ်းတိုးမြှင့်ပေးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် အရင်းနှင့်အတိုးကို ပြန်လည်ပေးဆပ်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

## အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဖြင့် လတ်တလောသက်သာအောင် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှု

### ပြည်တွင်း/ပြည်ပချေးငွေများဖြင့် သမဝါယမအသင်းများအား အသေးစားအရင်းအနှီး ချေးငွေ ထုတ်ချေးထားမှုအခြေအနေ (၃၁-၁၀-၂၀၁၅)

| | | | |
|---|---|---|---|
| ✦ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ✦ မြို့နယ် | - | ၁၀၇ | မြို့နယ် |
| ✦ အသင်း/ကျေးရွာ | - | ၃၄၉၇၈ | သင်း/ရွာ |
| ✦ အသင်းသားမိသားစုဦးရေ | - | ၃၁၆၄၉၁၅ | ဦး |
| ✦ အစုငွေ | - | ၁၉၃၅၁. ၅၈၅ | ကျပ်သန်း |
| ✦ စုဆောင်းငွေ | - | ၁၀၀၁၀၆. ၉၄၃ | ကျပ်သန်း |
| ✦ ထုတ်ချေးငွေပေါင်း | - | ၄၃၉၈၇၆. ၈၀၅ | ကျပ်သန်း |

### ချေးငွေကျပ်ဘီလီယံ (၄၃၉. ၈၈)တွင် သမဝါယမနှင့် ပြင်ပတစ်လအတိုးကျသင့်ငွေ ကွာခြားမှုဇယား (ပြည်သူများအတွက်သက်သာမှု)

| အသင်း | အသင်းသား | ထုတ်ချေးငွေ (ကျပ်သန်း) | အတိုး (၁ လစာ) (ကျပ်သန်း) | | |
|---|---|---|---|---|---|
| | | | ပြင်ပအတိုးနှုန်း (၁၀ ကျပ်) | သမဝါယမအတိုးနှုန်း (၁. ၁၅ ကျပ်) | သက်သာမှု |
| ၃၄၉၇၈ | ၃၁၆၄၉၁၅ | ၄၃၉၈၇၆. ၈၀၅ | ၄၃၉၈၇. ၆၈၁ | ၅၀၅၈. ၅၈၃ | ၃၈၉၂၉. ၀၉၇ |

✦ အထက်ဖော်ပြပါဇယားအရ ပြင်ပမှချေးယူရပါက ပြည်သူများအနေဖြင့် တစ်လအတိုးကျပ် (၄၃၉၈၇. ၆၈၁)သန်း ပေးရမည်ဖြစ်ပြီး သမဝါယမ အသေးစားအရင်းအနှီးချေးငွေ ဆောင်ရွက်ပေးမှုကြောင့် တစ်လအတိုး ကျပ် (၅၀၅၈. ၅၈၃)သာ ပေးရသဖြင့် လစဉ် အတိုးကျပ်သန်း (၃၈၉၂၉. ၀၉၇) သက်သာလျက်ရှိ၊
✦ ထို့ကြောင့် တစ်နှစ်တွင် ကျပ် (၄၆၇၁၄၉. ၁၆၇) သန်း သက်သာလျက်ရှိ၊
✦ ယင်းသက်သာသောငွေများကို ပြည်သူများအနေဖြင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့တွင် ပိုမိုသုံးစွဲနိုင်သောအကျိုးရ လျက်ရှိ၊

### ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ထပ်မံထုတ်ချေးမည့် ချေးငွေစုစုပေါင်း (စိုက်ပျိုးရေးနှင့် မွေးမြူရေးချေးငွေ၊ လယ်ယာလုပ်သား၊ သွင်းအားစု၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် အသင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပံ့ပိုးချေးငွေများ)

| | | | |
|---|---|---|---|
| ✦ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ✦ မြို့နယ် | - | ၁၃၉ | မြို့နယ် |
| ✦ အသင်း/ကျေးရွာ | - | ၂၂၂၇ | သင်း/ရွာ |
| ✦ အသင်းသားမိသားစုဦးရေ | - | ၁၁၅၃၄၅ | ဦး |
| ✦ အစုငွေ | - | ၆၁၅. ၃၄၅ | ကျပ်သန်း |
| ✦ စုဆောင်းငွေ | - | ၂၉၁၆. ၁၄၀ | ကျပ်သန်း |
| ✦ ပံ့ပိုးချေးငွေ | - | ၄၁၇၀၈. ၁၅၆ | ကျပ်သန်း |
| ✦ ထုတ်ချေးငွေ | - | ၄၅၂၃၉. ၆၄၁ | ကျပ်သန်း |


### ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်းတွင် ဖြစ်ပေါ်လာမည့် တစ်နိုင်ငံလုံးအတွက် ချေးငွေစုစုပေါင်း

| | | | |
|---|---|---|---|
| ✦ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ✦ မြို့နယ် | - | ၁၀၇ | မြို့နယ် |
| ✦ အသင်း/ကျေးရွာ | - | ၃၇၂၀၅ | သင်း/ရွာ |
| ✦ အသင်းသားမိသားစုဦးရေ | - | ၃၄၈၀၂၆၀ | ဦး |
| ✦ အစုငွေ | - | ၁၉၉၆၆. ၉၃၀ | ကျပ်သန်း |
| ✦ စုဆောင်းငွေ | - | ၁၀၃၀၂၃. ၀၈၃ | ကျပ်သန်း |
| ✦ China EXIM Bank ပံ့ပိုးချေးငွေ | - | ၂၈၆၆၆၈. ၁၀၁ | ကျပ်သန်း |
| ✦ ထုတ်ချေးငွေ | - | ၄၈၅၁၁၆. ၄၄၆ | ကျပ်သန်း |


**လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

## သမဝါယမအသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၏ လွှမ်းခြုံထိရောက်မှုအခြေအနေ


မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀)တွင် လွှမ်းခြုံထားနိုင်မှု (၉၃. ၀၃%)




မြန်မာနိုင်ငံရှိ ကျေးရွာ (၆၃၈၉၆) တွင် လွှမ်းခြုံထားနိုင်မှု (၅၂. ၁၁%)



မြန်မာနိုင်ငံရှိ ကျေးလက်နေမိသားစု (၈)သန်းတွင် လွှမ်းခြုံထားနိုင်မှု (၄၂. ၅%)





၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အိမ်ထောင်စုတစ်စုလျှင် ၄. ၄ ဦး နှုန်းဖြင့် အခြေခံ တွက်ချက်ထားသည်။

China EXIM Bank မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရရှိခဲ့သည့် ဒေါ်လာသန်း (၅၀)အား (၆)လ (၁)ကြိမ် ပြန်ဆပ်/ပြန်ချေးစနစ်ဖြင့် (၃)ကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ရရှိသည့် ဒေါ်လာသန်း (၅၀)အား (၆)လ (၁)ကြိမ် ပြန်ဆပ်/ပြန်ချေးစနစ်ဖြင့် (၂)ကြိမ် ဆောင်ရွက်ခဲ့ပြီး ချေးငွေရယူသူအသင်းသားပြည်သူများမှ အကြိမ်တိုင်းတွင် အပြေအကျေ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ် -

## ရေရှည်တွင် မိသားစုတစ်စုချင်း မိမိဘာသာရပ်တည်လာနိုင်စေရန် ဆောင်ရွက်ပေးနိုင်မှု

- ✦ သမဝါယမမှဆောင်ရွက်ပေးနေသော အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဆောင်ရွက်မှုသည် ပြည်သူများမှ ငွေချေးယူခြင်း တစ်ခုတည်း မဟုတ်ဘဲ ချေးငွေရယူတိုင်း ငွေစုဆောင်းရသည့် စနစ်ဖြစ်၊
- ✦ ချေးငွေလုပ်ငန်းမှာ ချေးယူသည့်အခါတိုင်း ချေးငွေ၏ (၁၀ %) စုဆောင်းရပြီး (၆)လ (၁)ကြိမ် ပြန်ဆပ်/ပြန်ချေးစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်၊
- ✦ ထို့ကြောင့် ငွေချေးသည့် အသင်းသားပြည်သူအိမ်ထောင်စုတိုင်း ကျပ် (၁)သိန်းချေးလျှင် ကျပ် (၁)သောင်း စုရ၊
- ✦ အသင်းသား၏ စုဆောင်းငွေပေါ်တွင် သမဝါယမက အတိုးပြန်ပေးသည့်စနစ်ပါဝင်၊
- ✦ ယင်းကဲ့သို့ ပြန်ဆပ်၊ ပြန်ချေး၊ ထပ်စုရခြင်းကြောင့် အသင်းသားပြည်သူအိမ်ထောင်စုများ၏ စုဆောင်းငွေများ တဖြည်းဖြည်း တိုးတက်လာ၊ ၎င်းစုငွေများကို သင့်တော်သောကာလတွင် ပြန်လည်ထုတ်ခွင့်ပြုမည်ဖြစ်၊
- ✦ ထို့အပြင် ရယူသည့်ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများတွင် အတိုးသက်သက်သာသာဖြင့် လုပ်ငန်းဆောင်ရွက်ရသည့်အတွက် ကြိုးကြိုးစားစားလုပ်လျှင် အကျိုးအမြတ်သည် ယခင်ထက်ပိုမိုရရှိလာမှာဖြစ်၊
- ✦ ထို့ကြောင့် နောင် (၄/၅) နှစ်ကြာလျှင် ယင်းကဲ့သို့လုပ်ငန်းမှ တိုးတက်ရရှိသည့်ငွေနှင့် စုဆောင်းငွေတို့ဖြင့် ပြင်ပမှ ငွေမချေးရတော့ဘဲ မိမိလုပ်ငန်းများအတွက် မိမိပိုင်ငွေကြေးအရင်းအနှီးဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်၊

(ကျပ်သန်း)




သမဝါယမအသင်းသားများ၏စုဆောင်းငွေပြဂရပ်


မှတ်ချက်။ ၃၁-၈-၂၀၁၅ နေ့ရှိ တစ်နိုင်ငံလုံးသို့ အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးထားမှုအပေါ် အခြေခံရေးဆွဲထားသည်။

## အသေးစားအရင်းအနှီးချေးငွေကျပ်သိန်း (၁၀၀) ရရှိသော သမဝါယမအသင်းတစ်သင်း နောင်တွင်ရပ်တည်ဆောင်ရွက်နိုင်မည့်အခြေအနေ

(ကျပ်သိန်း)

| စဉ် | ကာလ | | EXIM BANKချေးငွေ တို့ဘတ်ခွတ် ကာလအလိုက် ပေးဆပ်ရမည့် အရင်း | ကာလအလိုက် တိုးပွားလာမည့် အသင်းသားများ၏အစု+ စုဆောင်းငွေ | ကာလအလိုက် EXIM BANK ချေးငွေ +အသင်းသားများ၏စုဆောင်းငွေ အပါအဝင်လည်ပတ်ငွေ | EXIM BANKချေးငွေကျပ်သိန်း (၁၀၀)အပေါ် ကာလအလိုက် | | | ချေးငွေကာလ (၄)နှစ်ပြည့်သည့်နောက်ပိုင်း ကာလအလိုက် EXIM BANK၏ ချေးငွေကျန်အားလုံးကို ပြန်ဆပ်လိုက်ပါက အခြေခံအသင်းပိုင် ကျန်ရှိမည့်ငွေ |
|---|---|---|---|---|---|---|---|---|---|
| | နှစ် | လ | | | | အခြေခံအသင်းက ပေးရမည့် အတိုး | အခြေခံအသင်းက ပေးဆပ်ရမည့် အရင်းငွေ | အရင်း+အတိုး ပေးဆပ်ရမည့် ငွေပေါင်း | |
| ၁ | ပ နှစ် | ပ-၆လ | ၁၀၀ | ၅.၀၀၀ | ၁၀၅.၀၀၀ | ၅.၄၅၀ | | ၅.၄၅၀ | |
| ၂ | | ဒု-၆လ | ၁၀၀ | ၁၀.၅၀၀ | ၁၁၅.၅၀၀ | ၅.၄၅၀ | | ၅.၄၅၀ | |
| ၃ | ဒု နှစ် | ပ-၆လ | ၁၀၀ | ၁၁.၅၅၀ | ၁၂၇.၀၅၀ | ၅.၄၅၀ | | ၅.၄၅၀ | |
| ၄ | | ဒု-၆လ | ၁၀၀ | ၁၂.၇၀၅ | ၁၃၉.၇၅၅ | ၅.၄၅၀ | | ၅.၄၅၀ | |
| ၅ | တ နှစ် | ပ-၆လ | ၁၀၀ | ၁၃.၉၇၆ | ၁၅၃.၇၃၁ | ၅.၄၅၀ | ၆.၂၅၀ | ၁၁.၇၀၀ | |
| ၆ | | ဒု-၆လ | ၉၃.၇၅၀ | ၁၄.၇၄၈ | ၁၆၂.၂၂၉ | ၅.၁၀၉ | ၆.၂၅၀ | ၁၁.၃၅၉ | |
| ၇ | စ နှစ် | ပ-၆လ | ၈၇.၅၀၀ | ၁၅.၅၉၈ | ၁၇၁.၅၇၆ | ၄.၇၆၉ | ၆.၂၅၀ | ၁၁.၀၁၉ | |
| ၈ | | ဒု-၆လ | ၈၁.၂၅၀ | ၁၆.၅၃၃ | ၁၈၁.၈၅၉ | ၄.၄၂၈ | ၆.၂၅၀ | ၁၀.၆၇၈ | ၁၀၀.၆၀၉ |
| ၉ | နဝမ နှစ် | ပ-၆လ | ၂၅.၀၀၀ | ၃၀.၄၉၆ | ၃၃၅.၄၅၅ | ၁.၃၆၃ | ၆.၂၅၀ | ၇.၆၁၃ | ၃၁၀.၄၅၅ |
| ၁၀ | | ဒု-၆လ | ၁၈.၇၅၀ | ၃၂.၉၂၁ | ၃၆၂.၁၂၆ | ၁.၀၂၂ | ၆.၂၅၀ | ၇.၂၇၂ | ၃၄၃.၃၇၆ |
| ၁၁ | ဒသမနှစ် | ပ-၆လ | ၁၂.၅၀၀ | ၃၅.၅၈၈ | ၃၉၁.၄၆၃ | ၀.၆၈၁ | ၆.၂၅၀ | ၆.၉၃၁ | ၃၇၈.၉၆၃ |
| ၁၂ | | ဒု-၆လ | ၆.၂၅၀ | ၃၈.၅၂၃ | ၄၂၃.၇၃၅ | ၀.၃၄၁ | ၆.၂၅၀ | ၆.၅၉၁ | ၄၁၇.၄၈၅ |

(ကျပ်သိန်း)




နှစ်အလိုက်အသင်းပိုင်ကျန်ရှိသည့်ငွေပမာဏပြဂရပ်

- ✦ အထက်ပါဇယားအရ သမဝါယမက ဆောင်ရွက်ပေးနေသော အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၏ လက်ရှိအောင်မြင်မှု၊ ထိရောက်မှုကို တွေ့နိုင်၊
- ✦ ကျပ်ငွေ သိန်း (၁၀၀)ဖြင့် ချေးငွေလုပ်ငန်းဆောင်ရွက်သော အသင်းသည် နောင် (၄)နှစ်ကြာသည့်အခါ၊ အသင်းပိုင် (အသင်းသားများ၏ စုဆောင်းငွေနှင့် အသင်းပိုင်ငွေနှစ်ရပ်ပေါင်း) ငွေကျပ်သိန်း (၁၀၀)ကျော် ရှိလာမည်ဖြစ်၊
- ✦ ထို့ပြင် ကျပ် (၁) သိန်း ချေးပေးရာမှ ယနေ့အခါတွင် လုပ်ငန်းကို စိစစ်ပြီး ကျပ် (၂/၃) သိန်းတိုးမြှင့်ပေးလျက်ရှိပြီး ကျပ် (၅)သိန်းအထိ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်၊
- ✦ သို့ဖြစ်၍ ချေးငွေကို တိုးမြှင့်ဆောင်ရွက်ပေးသည်နှင့်အမျှ စုဆောင်းငွေများပါ တိုးလာမည့်အပြင် လုပ်ငန်းဆောင်ရွက်မှုမှ အကျိုးအမြတ်များ ပိုမိုရရှိလာမည်ဖြစ်၍ ကျေးရွာ/အခြေခံ သမဝါယမအသင်း တစ်ခုအနေဖြင့် နောင် (၄) နှစ်ထက်စော၍ မိမိဘာသာရပ်တည် (Self Reliance) ဖြစ်လာနိုင်မည်ကိုတွေ့နိုင်၊

## အသင်းသားတောင်သူလယ်သမားတစ်ဦး၏ ရင်တွင်းစကားသံ

“ကျွန်တော်တို့ ရွာတွေမှာ သမဝါယမငွေမချေးခင်တုန်းက ရွာသူ/သားတွေဟာ ငွေကြေးလိုတဲ့အခါ ငွေရှင်ကြေးရှင်တွေဆီက ချေးယူရတယ်။ သမဝါယမကပေးတဲ့အခါ သူတို့ဆီငွေချေးစရာမလိုတော့ဘူး။ ဥပမာ ကျွန်တော်တို့အုပ်စုထဲမှာပေါ့၊ တစ်ရာသီ တစ်ရာသီကို သိန်း (၅၀) လောက်ကို (၁၅) ကျပ်တိုး (၁၀) တိုးနဲ့ပေးရတယ်။ သီးနှံပေါ်ပေးတွေလုပ်တယ်။ မျိုးစပါးတစ်တင်း (၇၀၀၀/-) လောက် ပေါက်တဲ့အချိန်မှာ သူက (၃၀၀၀/-) လောက်နဲ့ ဖြတ်ဝယ်တယ်။ သမဝါယမက အခုလို အတိုးသက်သာစွာနဲ့ ချေးငွေတွေ ထုတ်ပေးတဲ့အခါ အဲ့ဒီအနိဋ္ဌာရုံတွေ ပျောက်သွားတယ်။ ကျွန်တော်တို့ရဲ့ အသင်းသား၊ ကျေးလက်နေပြည်သူများရဲ့ဘဝကို သမဝါယမက ကယ်ဆယ်ပေးနေတယ်၊ တကယ်စောင့်ရှောက်နေတယ်ဆိုတာ ရာနှုန်းပြည့်ယုံကြည်ပါတယ်။ ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ်မှာ သမဝါယမစနစ်နဲ့ပတ်သက်လို့ ဘယ်နေရာကိုပဲ မေးမေး၊ ဆင်းလေ့လာလို့ ရပါတယ်။ ကျေးလက်နေပြည်သူများ အသင်းသားများအနေဖြင့် သမဝါယမကလွဲလို့ ထွက်ပေါက်မရှိပါဘူး၊ အားကိုးစရာမရှိပါဘူး၊ အဲ့ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သမဝါယမစနစ်ကို အောင်မြင်ပါစေ၊ ပိုပြီးတော့ ကျေးလက်နေပြည်သူများရဲ့ဘဝကို ဖြည့်ဆည်းပေးနိုင်ပါစေ။ ”

(ဦးစိန်ထွန်း၊ ရွှေရည်နန္ဒာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး)

## ရေဘေးသင့်ဒေသ အသင်းသားတောင်သူလယ်သမားတစ်ဦး၏ ရင်တွင်းစကားသံ

“ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေများ ဆုံးရှုံးခဲ့သည့်အတွက် ချေးငွေများကို ပုံမှန်ဆပ်နိုင်ရန် ကြိုးစားခဲ့သော်လည်း အခက်အခဲများစွာကို ကြုံတွေ့နေရပါတယ်။ သမဝါယမဝန်ကြီးဌာနက ချေးငွေသက်တမ်းတိုးလိုက်တဲ့အတွက် လုပ်ငန်းမှာ ချေးငွေကို ပြန်လည်အသုံးပြုနိုင်တဲ့အတွက် ပြင်ပမှ အတိုးကြီးပေးငွေဖြင့် ချေးရသည့်ဒုက္ခမှ ကင်းလွတ်သည့်အပြင် ပျက်စီးသွားသော လယ်မြေများကို ပြန်လည်ပြုပြင်နိုင်ပြီး မျိုးစပါးများကို လက်ငင်းပေးဝယ်နိုင်သည့်အတွက် ချေးငွေသက်တမ်းတိုးလိုက်ခြင်းသည် ကျွန်တော်တို့အတွက် သက်သာမှုရရှိပြီး အတိုင်းမသိဝမ်းသာမိပါတယ်။ ”

(ဦးခင်မောင်ဆွေ၊ သဖန်းအိုင်သမဝါယမအသင်း၊ သဖန်းအိုင်ကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး)

## အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၏ အနာဂတ်ရည်မှန်းချက်

➡ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း ခိုင်မာပြီလားဆိုပါက မခိုင်မာသေးပါ။ ပြီးပြည့်စုံပြီလားဆိုပါက ပြီးပြည့်စုံခြင်း မရှိသေးပါ။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအဆင့် ရောက်ပြီလားဆိုပါက မရောက်သေးပါ။ သို့ပါ၍ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၏ အနာဂတ်ရည်မှန်းချက်များအဖြစ် -

- ✦ နိုင်ငံအတွင်းရှိ အခြေခံမိသားစုအားလုံးကို လွှမ်းခြုံပံ့ပိုးနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ရန်၊
- ✦ မိသားစုတစ်စုအတွက် ချေးငွေကို အနည်းဆုံး (၅)သိန်းအထိ တိုးမြှင့်ပေးနိုင်အောင်ဆောင်ရွက်ရန်၊
- ✦ အခြေခံလူတန်းစားပြည်သူမိသားစုများ၏ ဘဝအာမခံချက်ပေးနိုင်သော အခြေခံလုပ်ငန်းဖြစ်လာစေရန်၊
- ✦ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအရင်းအနှီးအဖြစ် ရပ်တည်လာနိုင်အောင် ဆောင်ရွက်ရန်၊

➡ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် (Sustainable Development) အဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ရန် မူချမှတ်ထားပါသည်။ ထိုအဆင့်များရောက်အောင် ကြိုးပမ်းရပါအုံးမည်။ ထိုက်သင့်သော တည်ဆောက်ချိန် ထားရပါအုံးမည်။ အဝေဖန်မစောဘဲ အပြုသဘောဆောင်သော အမြင်များဖြင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## ကြော်ငြာစာအမှတ် ၁/၂၀၁၅
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဥပဒေအရာရှိအဆင့်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀- ၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ခန့်ထားရန်ရှိပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးဥပဒေဘွဲ့ (LL.B) ရရှိပြီးသူဖြစ်ရမည်။

(ဂ) ၃၀-၁၁-၂၀၁၅ ရက်တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်။

(ဃ) မဟာဥပဒေဘွဲ့ (LL.M) ရရှိသူဖြစ်ပါက အသက်(၃၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၃။ စာမေးပွဲကြေး ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ် အမ်ဒီ-၀၂၃၅၆၆ သို့လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ပေးသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။(ဝန်ထမ်းဖြစ်ပါကလျှောက်လွှာပုံစံနှစ်စောင်ဝယ်ယူရပါမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည်-

(က) ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။(စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)

(ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

(ဂ) အသက်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန် ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)

(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ ၁-၁၂-၂၀၁၅ ရက်နောက်ပိုင်း ထောက်ခံသည့် ထောက်ခံချက်မူရင်း။

(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်။

၆။ လျှောက်လွှာပိတ်ရက်သည် ၃၁-၁၂-၂၀၁၅ ရက်၊ ညနေ ၄း၃၀ နာရီ ဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့် ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိထုတ်ယူခဲ့သည့် သက်ဆိုင်ရာခရိုင်ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ ပြန်လည်အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်-

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

(ဃ) ဥပဒေဘာသာရပ်(၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်)မပြည့်စုံသော(သို့မဟုတ်)သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရာက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

၁၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**


# မြတ်ဗုဒ္ဓ၏ ပဋ္ဌာန်းဒဿန လောက်

## လေးနက်၊ မြင့်မားတဲ့ ဒဿနဆိုတာ လောကမှာမရှိဘူး

## အရှင်သဒ္ဓမ္မသိရီ၊ ဓမ္မိကာရုံ၊ မန္တလေး၏

## “စကြာဝဠာ၏ ဝိညာဉ်ကို အရှင်ဖမ်းခြင်း”

စာအုပ်ကိုဖတ်လျှင် ဒဿနအဆင့် မြင့်မားလာမှာ သေချာပေါက်ဘဲ၊ စာပေသမား၊ အဟောသမား၊ အပြောသမား၊ တရားသမားများ၊ ဝတ်အသင်းများ၊ ဘာသာရေးသမားများ လက်စွဲပြုရမည့် စာအုပ်ထွက်ပြီ။

စာချစ်သူများအတွက် စာသစ်၊ ကဗျာသစ်ပုဒ်ရေ(၂၀၀)ကျော်ပါသည်။

**ဖုန်း- ၀၂-၃၉၈၀၆၊ ၀၉-၄၄၄၀၂၈၁၈၆၊ ၀၉-၄၄၄၀၂၈၁၈၇၊ ၀၉-၂၅၉၅၀၈၇၄၁ တို့သို့ စုံစမ်းမေးမြန်းပါ။**


## မတ္တရာ အထက မြတ်ဆရာပူဇော်မည်

မတ္တရာ အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား တပည့်များမှ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၆-၁၂-၂၀၁၅ ရက် နံနက် ၁၀ နာရီတွင် အထက မတ္တရာမြို့ အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား အပူဇော်ခံကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တပည့်ကျောင်းသူ ကျောင်းသားများအားလုံးသည် မပျက်မကွက်တက်ရောက်ဂါရဝပြုကြပါရန်နှင့် ကန်တော့ငွေနှင့် ကန်တော့ခံပစ္စည်းများကို (၁)ဦးကျော်ဇော (တရားလွှတ်တော်ရှေ့နေ၊ မတ္တရာမြို့)ဖုန်း-၀၂-၇၉၀၅၃၊ (၂)ဒေါက်တာတင်ဝင်း (ဆေးရုံအုပ်ကြီး၊ ငြိမ်း၊ မန္တလေး) ဖုန်း-၀၉-၂၀၁၃၃၉၂၊ (၃)ဆရာမကြီးဒေါ်ရီ (အထက၊ မတ္တရာမြို့) ဖုန်း-၀၂-၇၉၈၁၈၊(၄)ဆရာကြီးဦးမြစိန် (ပညာရွှေပြည်နည်းပြ၊ မတ္တရာမြို့)၊ ဖုန်း-၀၂-၇၉၁၈၇၊ (၅)ဆရာမဒေါ်စန်းစန်းကြီး (အထက်တန်းပြဆရာမ၊ အထက၊ မတ္တရာမြို့) ဖုန်း-၀၂-၇၉၈၉၇၊ (၆)ဒေါ်ခင်နွဲ့မူ ဖုန်း-၀၉-၂၅၆၀၃၄၂၀၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများ သွားလာရေးအဆင်ပြေစေရန် အကြို/အပို့ကားများ စီစဉ်ထားပါသည်။ မန္တလေးမြို့ ဦးထွန်းမြင့် ဖုန်း-၀၂-၃၃၉၇၀၊ အောင်ကြီးကဖေးစုရပ်မှ အကြိုကားများ ၂၆-၁၂-၂၀၁၅ ရက် နံနက် ၈ နာရီတွင် အထက မတ္တရာမြို့သို့ ထွက်ခွာမည်ဖြစ်ပါသည်။ အကြိုအပို့တာဝန်ခံစာရေးကြီး ဦးအောင်ကျော် ဖုန်း-၀၉-၄၀၂၆၈၉၁၇၅ နှင့် ဦးဇော်ထွန်းဦး ဖုန်း-၀၉-၇၉၆၂၉၁၃၆၀ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ကျောက်ပန်းတောင်းကျောင်းတိုက် (တာမွေ)
## သိမ်၊ ကျောင်းတော်ကြီး အလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ ကျောက်ပန်းတောင်းကျောင်းတိုက်၌ စာချ စာသင်သံဃာတော်များ၊ သီတင်းသုံးရန်နှင့် တရားစခန်းပွဲများ ကျင်းပနိုင်ရန်အတွက် ပေ(၅၀×၄၅) အကျယ် သာသနဓဇ-သီရိပဝရ ငါးထပ်သိမ်ကျောင်း တိုက်သစ်ကြီး ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ၁။ ဆောက်လုပ်ဆဲ အာရ်စီကြမ်းခင်း (၁)လွှာ | ၃၅၀ သိန်း |
| ၂။ အပေါ်ဆုံးထပ်ရှိ သိမ်ကျောင်းဆောင် | ၂၅၀ သိန်း |
| ၃။ ဘုရားဆောင် ၁ ခန်း | ၅၅ သိန်း |
| ၄။ အဝင်ဝမုခ်ဦးဆောင် | ၅၅ သိန်း |
| ၅။ ဆရာတော်နားနေခန်း ၁ ခန်း | ၃၈ သိန်း |
| ၆။ ကုဋီ ၂ ခန်း၊ ရေချိုးခန်း ၁ ခန်း | ၂၀ သိန်း |
| ၇။ တံခါးမကြီး ၁ စုံ | ၈ သိန်း |
| ၈။ တံခါး ၁ ပေါက် | ၄ သိန်း |
| ၉။ ပြတင်းပေါက် ၁ ပေါက် | ၂ သိန်း |
| ၁၀။ အမိုး ၁ ကွက် | ၆ သိန်း |
| ၁၁။ ဝရန်တာ ၁ ခန်း | ၄ သိန်း |
| ၁၂။ လှေကားလက်ရမ်း ၁ ခု | ၄ သိန်း |
| ၁၃။ ကျွန်းပါကေး ၁ ခန်း | ၆ သိန်း |
| ၁၄။ ကြမ်းခင်းကြွေပြား ၁ ခန်း | ၃ သိန်း |

**အလှူရှင်များအား ကမ္ပည်းထိုးပေးပါမည်။**
**ကျောင်းဖြစ်မြောက်ရေးကော်မတီ**
**ဖုန်း-၀၉-၇၃၀၈၀၂၉၄၊ ၀၉-၇၈၀၀၇၄၄၆၇**




တစ်အိတ်ဝယ်ရင် ပို့ပေးပါတယ်

ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ ။

09-43334111 ☎01-682844

09-43334222 ☎01-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး


## မန္တလေး၊ T.H.S ကျောင်းဆင်းသူငယ်ချင်းတို့

တို့တစ်တွေရဲ့ (၁၂)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ဒီနှစ် ၆-၁၂-၂၀၁၅ ရက်(တနင်္ဂနွေနေ့)မှာ အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်း၊ ၁၁×၁၂ လမ်းကြား၊ ကုသိုလ်တော်ဘုရားအရှေ့ဘက် ကုသိုလ်တော်စာသင်တိုက်၌ နံနက် ၉ နာရီတွင် ကျင်းပမှာဖြစ်ပါတယ်။ ဆရာတွေရဲ့ကျေးဇူးတရားတွေကို သိရှိနားလည်သောအားဖြင့် တတ်စွမ်းသမျှ ကျေးဇူးဆပ်ပြီး ကုသိုလ်ယူနိုင်အောင် အလှူငွေများကို ဒီသူငယ်ချင်းများထံမှာ လှူဒါန်းနိုင်ပါတယ်။

| | | | |
|---|---|---|---|
| ဦးဝင်းတင့် | (၈၀-ရေ) | ဥက္ကဋ္ဌ | ဖုန်း-၀၉-၄၀၂၅၇၀၀၀၂ |
| ဦးသန်းထွန်းဦး | (၈၂-ယာဉ်) | ဒုဥက္ကဋ္ဌ(၁) | ဖုန်း-၀၉-၂၀၀၃၅၆၂ |
| ဦးမောင်မောင် | (၈၂-ဂဟေ) | ဒုဥက္ကဋ္ဌ(၂) | ဖုန်း-၀၉-၉၁၀၀၀၃၉၀ |
| ဦးကျော်စိုးဝင်း | (၈၀-ဂဟေ) | အတွင်းရေးမှူး(၁) | ဖုန်း-၀၉-၄၄၄၀၃၁၄၉၂ |
| ဦးအောင်မြင့်နိုင် | (၈၂-ယာဉ်) | အတွင်းရေးမှူး(၂) | ဖုန်း-၀၉-၄၃၁၁၇၃၆၄ |
| ဦးဆန်းဝင်း | (၉၀-တွင်) | တွဲဖက်အတွင်းရေးမှူး(၁) | ဖုန်း-၀၉-၅၁၇၅၁၅၂ |
| ဦးညီညီ | (၈၂-ယာဉ်) | တွဲဖက်အတွင်းရေးမှူး(၂) | ဖုန်း-၀၉-၅၁၀၁၂၄၃ |
| ဦးခင်မောင်သန်း | (၈၂-ရေ) | တွဲဖက်အတွင်းရေးမှူး(၃) | ဖုန်း-၀၉-၇၃၂၃၀၅၇၃ |
| ဦးခင်မောင်သက် | (၇၉-ယာဉ်) | ဘဏ္ဍာရေးမှူး | ဖုန်း-၀၉-၂၀၃၇၆၀၇ |
| ဦးကိုကိုလတ် | (၈၂-တွင်) | တွဲဖက်ဘဏ္ဍာရေးမှူး(၁) | ဖုန်း-၀၉-၄၄၄၀၂၄၄၅၅ |
| ဦးအောင်ဝင်းလွင် | (၈၂-လျှပ်) | တွဲဖက်ဘဏ္ဍာရေးမှူး(၂) | ဖုန်း-၀၉-၂၀၂၇၃၀၆ |

မန္တလေးမြို့တွင်းရှိ သူငယ်ချင်းများ ဖုန်းဆက်လိုက်ရုံမျှဖြင့် အလှူငွေများကို လာရောက်ကောက်ခံပေးပါမည်။ နယ်မှသူငယ်ချင်းများ ဘဏ်မှတစ်ဆင့် ငွေလွှဲနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**စက်မှု၊ အထက၊ မန္တလေးမြို့**

## ပေါင်မြို့နယ်အသင်း (ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပေါင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံးနှင့် စိတ်ပါဝင်စားသူများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင် အဘိုးအဘွားများ၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ဂုဏ်ထူးရအသင်းဝင်များ၏ သား၊ သမီးများနှင့် လှူဒါန်းလိုသောအလှူရှင်များသည် ၂၅-၁၂-၂၀၁၅ ရက် နောက်ဆုံးထားပြီး အောက်ပါပုဂ္ဂိုလ်များထံတွင် စာရင်းပေး ဆက်သွယ်နိုင်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၃-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၈း၃၀ နာရီ

**ကျင်းပမည့်နေရာ** - မွန်ဓမ္မာရုံ၊ ရွှေတိဂုံတောင်ဘက်မုခ်အနီး၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်

**ဆက်သွယ်ရန်** - ဒေါ်ကွန်ချစ်ချစ် ဖုန်း-၀၉-၂၅၄၀၅၁၀၆၈၊ ဦးထိန်ဝင်း ဖုန်း-၀၉-၇၃၁၀၉၄၈၀၊ ဦးသိန်းငွေး ဖုန်း-၀၉-၇၉၅၃၈၁၇၃

**အလုပ်အမှုဆောင်အဖွဲ့**


## ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

ဆရာဦးနိုင်ဝင်း ဆရာဦးကိုကိုစိုး

အားသစ် ဝင်ခွင့်သင်တန်းကျောင်း

နုရဲအုပ်ဝင်ခွင့်ရက်ပြတ်တန်းခွဲ ဒီဇင်ဘာ (၅)မှ(၁၂)ထိ

Mon to Fri 9:00(am)-12:00(am)

L.O(4)ဥပဒေအရာရှိအဆင့် (၄)ဝင်ခွင့် ဒီဇင်ဘာ (၅)စမည်

Sat,Sun 9:00(am)- 12:00(am)

၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်

09 500 1599, 09 8632973, 09 450017415

UNIQUE UNIQUE STAR TRAVELS & TOURS
ဗန်ကောက်၊ပတ္တရား(6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Dec: 5, 12, 19 / Jan: 2, 9, 16, 23, 30 ($300)
ဗန်ကောက်၊ပတ္တရား (3)D, (4)D, (5)D Dec: 5, 12 ($200)
ဗန်ကောက်၊ဖူးခက် (6)D Dec: 24, 25, 29, 30 ($500)
ဖူးခက်/ ချင်းမိုင် (4)D Dec: 24, 25, 29, 30 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Dec: 12, 26 / Jan: 9, 23 ($500)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550 / $ 650)
Feb:12, Mar: 2, 23, 30 ($ 470 / $550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
Bangkok - Cambodia ($ 500)
70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့
ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9, 23 (ပိဋကပူဇော်ပွဲ)
ဘန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း
ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး (လေယာဉ်ဖြင့်) ၇.၅ သိန်း
Nov 27,28,29
Dec 25,26,27
Jan 02,03,04
သီရိလင်္ကာစွယ်တော် အပြန်ဘန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း 2015 Nov 20 ထွက်မည်
မိသားစု၊ အသင်းအဖွဲ့ သီးသန့် စီစဉ်ပေးပါသည်။
ရန်ကုန် -(၁၈)၊ ၉လမ်း/ ၈၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃ ၂၅၅၈၀
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၁၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆၊ ၀၉၈၇၀၄၀၈၈
မန္တလေးမှဘန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

## လေလံခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်တရားရုံးရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော အောက်ဖော်ပြပါ မော်တော်ယာဉ်တစ်စီးကို ဝက်လက်မြို့နယ်တရားရုံးသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Hino (၆)ဘီး (၁)စီး

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းတင်သွင်းရန် ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၁၄-၁၂-၂၀၁၅ ရက်မှ ၃၁-၁၂-၂၀၁၅ ရက်အထိ
**တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၈-၁-၂၀၁၆ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်ရက်** - ၉-၁-၂၀၁၆ ရက်

၃။ အသေးစိတ်သိရှိလိုပါက မြို့နယ်တရားရုံး၊ ဝက်လက်မြို့ ဖုန်း-၀၇၅-၃၀၃၉၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့်**
**ယာဉ်အပိုပစ္စည်းစီမံခန့်ခွဲရေးအဖွဲ့**

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)
လွင်မြင့်အောင် အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်

အကျိုးအာနိသင်
အသားအရေတင်းရင်းလှပစေခြင်း၊
အရေးအကြောင်းများလျော့ပါးစေခြင်း၊
အနာကျက်မြန်စေခြင်း၊
သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
သွေးကြောများကြံ့ခိုင်မှုကိုကူညီထိန်းသိမ်း ပေးခြင်း၊
ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
လန်းဆန်းခွန်အားဖြစ်စေခြင်း၊
ဆီးရွှင်ခြင်း၊
မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၈၈၇၄၊ ၀၁ - ၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

**ဖခင် အမည်မှန်**

တောင်ငူခရိုင်၊ အုတ်တွင်းမြို့ အထက်တန်းကျောင်း၊ န၀မတန်း(B)မှ မမျိုးမျိုးအေး၏ ဖခင်အမည်မှန်မှာ ရှမ်းကြီး(ခ)ဦးမျိုးဇော် ၇/အတန(နိုင်) ၁၃၂၈၈၇ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ယ/၅၀၄၈ Yes Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်တင် ၉/ပသက(နိုင်)၀၄၆၂၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၀၃၈၁ Yin Xing C21 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးရွှေ ၉/ပသက(နိုင်)၀၂၂၄၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၃၇၄၀၉ Yamaha (DT), M/C ယာဉ်လက်ဝယ်ရှိသူ ဦးယဉ်ထွေး ၈/ပခက(နိုင်)၁၇၅၉၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/7323 Toyota Probox NCP 55, S/W (4×4) ယာဉ်လက်ဝယ်ရှိသူ Win and Sann Pwint Aung Myin က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ (၈၃×၈၄)လမ်းကြား၊ (၂၉×၃၀)လမ်းကြား၊ အမှတ်(၂၈၆/၁၁)တွင် နေထိုင်သူ ဦးတင်ဋ္ဌေး(ခ)ဦးပေါက်စ ၉/မရမ(နိုင်)၀၅၇၁၅၀နှင့် ဒေါ်ခင်စန်း(ခ)ဒေါ်သန်းအေး ၉/မရမ(နိုင်)၀၂၆၈၈၈ တို့သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏တစ်ဦးတည်းမူပိုင်အဖြစ် မန္တလေးမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၄/၂၀၁၀)ဖြင့် မှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်ပါသည်။

(၁၄/၂၀၁၀)

အထက်ဖော်ပြပါ **"SHELL"** တံဆိပ်အမှတ်အသားမှာ အဝါရောင်ပေါ်တွင် အနီရောင်ကွပ်၍ အနီအစင်းကျား (၇)ခုဖြင့် ရေးသွင်းဖော်ပြထားပါသည်။ အဆိုပါ **"SHELL"** ကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ဦးတင်ဋ္ဌေး(ခ)ဦးပေါက်စနှင့် ဒေါ်ခင်စန်း(ခ)ဒေါ်သန်းအေးတို့မှ ထုတ်လုပ်မည့် ကုန်ပစ္စည်းများဖြစ်သည့် ယောက်ျားဝတ်၊ မိန်းမဝတ်၊ ကလေးဝတ်၊ ပုဆိုး၊ လုံချည်၊ အရွယ်အစားအမျိုးမျိုးကို ဖြန့်ချိရောင်းချသွားမည့်အပြင် ယင်းတံဆိပ်အမည်အမှတ်အသားဖြင့် ပုဆိုး၊ မဝတ်လုံချည်၊ ကလေးလုံချည်များ၌ အသားတံဆိပ်ဖြင့်လည်းကောင်း၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူးများနှင့် ပါဆယ်ထုပ်များ အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ဖော်ပြပါတံဆိပ်အမည်ကို အရောင်အတိုင်း အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဆိုခဲ့သည့် ကျားဝတ်၊ မဝတ်၊ ကလေးဝတ်၊ ပုဆိုး၊ လုံချည်များ၌ ထည့်သွင်းအသုံးပြုသည့်ပစ္စည်းများအပေါ် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ မန္တလေးမြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြုကာ အထက်ဖော်ပြပါလိပ်စာတွင် ဦးတင်ဋ္ဌေး(ခ)ဦးပေါက်စနှင့် ဒေါ်ခင်စန်း(ခ)ဒေါ်သန်းအေးတို့၏ ကိုယ်ပိုင် Trade Mark အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သော အသုံးအဆောင် စာရွက်စာတမ်းများ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ခေါင်းစီးကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ ဘလောက်တုံး၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ပြေစာ၊ ဘောက်ချာ၊ ဆိုင်းဘုတ်များတွင် ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုးဖြင့် ရိုက်နှိပ်၍ သုံးစွဲအသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုတုပ၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း၊ အသုံးမပြုရန် အသိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ၎င်းတားမြစ်ချက်ကို ချိုးဖောက်ပါက ဦးတင်ဋ္ဌေး(ခ)ဦးပေါက်စနှင့် ဒေါ်ခင်စန်း(ခ)ဒေါ်သန်းအေးတို့၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်တရားရုံးတွင်မဆို တရားမမှုကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆိုခြင်း၊ လျော်ကြေးငွေများ တောင်းခံနိုင်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရွှေထူး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၀၅၉)**
**အမှတ်(၉၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၈၃×၈၄ လမ်းကြား၊ (၂၉×၃၀)လမ်းကြား၊ အမှတ် ၂၈၆/၁၁ တွင် နေထိုင်သူ ဦးဇော်ထက်အောင် ၉/ခအဇ(နိုင်)၀၁၂၆၇၂သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏ တစ်ဦးတည်းမူပိုင်အဖြစ် မန္တလေးမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၂၃၁၀/၂၀၁၅ ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။

(၂၃၁၀/၂၀၁၅)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား အစိမ်းရောင်ဘဲဥပုံထဲ၌ အင်္ဂလိပ်စာသား **"S"** သုံးလုံးကို အစိမ်းရောင်ဖြင့် ဆင့်၍ရေးသားထားပါသည်။ အဆိုပါ **"Swan Swan"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဦးဇော်ထက်အောင်မှ ထုတ်လုပ်မည့်ကုန်ပစ္စည်းများဖြစ်သည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အင်္ကျီ၊ ဘောင်းဘီ၊ အဆင်ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးပေါ်တွင် ကပ်နှိပ်ခြင်း၊ ရိုက်နှိပ်ခြင်းဖြင့်လည်းကောင်း၊ ဂျပ်ဘူးခွံများ၊ ပလတ်စတစ်အိတ်များ၊ စက္ကူအိတ်များ၊ လက်ဆွဲအိတ်များပေါ်တွင် ကပ်နှိပ်ခြင်းဖြင့်လည်းကောင်း၊ ရိုက်နှိပ်ခြင်းဖြင့်လည်းကောင်း ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အဆိုပါကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများပေါ်တွင် ရိုက်နှိပ်အသုံးပြုသွားမည်ဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုကာ အထက်ဖော်ပြပါလိပ်စာတွင် ဦးဇော်ထက်အောင်၏ ကိုယ်ပိုင် Trade Mark အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သော အသုံးအဆောင်စာရွက်စာတမ်းများ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ခေါင်းစီးကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ ဘလောက်တုံး၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ပြေစာ၊ ဘောက်ချာ၊ ဆိုင်းဘုတ်များတွင် ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုးဖြင့် ရိုက်နှိပ်၍ သုံးစွဲအသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တုပ၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း အသုံးမပြုရန် အသိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ၎င်းတားမြစ်ချက်ကို ချိုးဖောက်ပါက ဦးဇော်ထက်အောင်၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်တရားရုံးတွင်မဆို တရားမမှုကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆိုခြင်း၊ လျော်ကြေးငွေများတောင်းခံနိုင်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရွှေထူး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၀၅၉)**
**အမှတ် ၉၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့။**

# ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေ အနုပညာလှုပ်ရှားမှု မိတ်ဆက်ရန် မြန်မာပြည်သို့ရောက်ရှိ

သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-လှမိုး



**ရန်ကုန် ဒီဇင်ဘာ ၁**

လူမှုကွန်ရက်စာမျက်နှာ၌ အလှဓာတ်ပုံများကြောင့် မြန်မာပရိသတ်များနှင့် ရင်းနှီးခဲ့သည့် ဗီယက်နမ်အလှမယ်မင်းသမီး ငုရင်ထရန်ဟုရန်မေသည် မြန်မာနိုင်ငံတွင် အနုပညာလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့ညနေ ၆ နာရီခွဲက မြန်မာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။ ထိုသို့ရောက်ရှိရာတွင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာပရိသတ်များနှင့် မြန်မာအလှမယ်များက ကြိုဆိုကြသည်။ **(ယာပုံ)**

"ညီမတို့က Miss အချင်းချင်းတွေဖြစ်တဲ့အပြင် သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ လာခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို နိုင်ငံတကာက မင်းသမီးအလှမယ် တစ်ယောက်လာတာကိုတွေ့လို့လည်း ဝမ်းသာပါတယ်။ ဒီကနာမည်ကြီး သရုပ်ဆောင်မင်းသား ကိုနေတိုးနဲ့ တွဲဖက် သရုပ်ဆောင်မယ်လို့လည်းသိထားပါတယ်"ဟု Miss Universe Myanmar 2014 ဆုရှင် သျှားထွဋ်မှုအိန္ဒြာက ပြောသည်။

ငုရင်ထရန်ဟုရန်မေသည် ဗီယက်နမ်နိုင်ငံ၏ Miss Vietnam 2014 တွင် 1st Runner Up ဆုရရှိထားကြောင်း သိရသည်။ ယခုမြန်မာနိုင်ငံခရီးစဉ်တွင် တစ်ရက်တာလာရောက်လည်ပတ်ခြင်းဖြစ်ကာ နောက်တစ်နေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်မည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် သတင်းမီဒီယာများနှင့်တွေ့ဆုံကာ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ညနေ ၅ နာရီတွင် မြန်မာပြည်မှပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ရှေ့နှစ်ဖေဖော်ဝါရီလကုန်တွင်ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး မြန်မာသရုပ်ဆောင်မင်းသား နေတိုးနှင့်တွဲဖက်ကာ ရုပ်ရှင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင်အသင်းယှဉ်ပြိုင်မည့် Merlion Cup ပြိုင်ပွဲ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်



(၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်း၌ မြန်မာဘောလုံးသမားများကို စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များက ဤသို့အားပေးခဲ့ကြသည်။

**ရန်ကုန် ဒီဇင်ဘာ ၁**

၂၀၁၆ ခုနှစ်အတွင်း အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအပါအဝင်နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇန်နဝါရီလအတွင်း စင်ကာပူနိုင်ငံ၌ကျင်းပမည့် Merlion Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စင်ကာပူဘောလုံးအဖွဲ့ချုပ်သည် Merlion Cup ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ အမျိုးသားအားကစားကွင်း၌ ကျင်းပမည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို

*စာမျက်နှာ ၁၂ ကော်လံ ၃* ■

# ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၁**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများနှင့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိစေရန်အတွက် ၂၀၁၆ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လာမည့် ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အာရှနှင့်အရှေ့တောင်အာရှ ၁၄ နိုင်ငံတို့မှ အားကစားသမား ၁၅၀ ခန့် လာရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးအစားအနေဖြင့်လည်း Compound နှင့် Recurve ပြိုင်ပွဲအမျိုးအစားများ ထည့်သွင်းထားကာ Recurve ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးတစ်ဦးချင်းမီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ၊ တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၊ အသင်း လိုက်ရှုံးထွက်ပြိုင်ပွဲ၊ Mix Team ပြိုင်ပွဲများထည့်သွင်းထားသည်။ ထို့အပြင် Compound ပြိုင်ပွဲတွင်လည်း အမျိုးသား အမျိုးသမီးတစ်ဦးချင်းမီတာ ၅၀ အမှတ်ပေးပြိုင်ပွဲ၊ တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၊ အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲ၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း



